# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်　　၂၀၁၅ ခုနှစ်၊ မေ ၂၃ ရက်၊ ကြာသပတေးနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၀၀]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်　မေ　၂၃

၂၀၁၅ ခုနှစ် မေ ၂၃ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အစ္စရေးနိုင်ငံသမ္မတ မစ္စတာ ရူဗန်ရီ(ဗ်) လင်(န်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ဘန်ဒေါင်းစိတ်ဓာတ်ကို အခြေခံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။　(သတင်း စာမျက်နှာ-၃) (သတင်းစဉ်)

## ယနေ့ မာတိကာ

### ဩစတြေးလျ အရှေ့ကမ်းခြေသို့ မုန်တိုင်းဝင်ရောက် လူပေါင်းများစွာ ကယ်ဆယ်ခဲ့ရ

စာမျက်နှာ ➤ ၄

### သင့်ကြောင့် ကမ္ဘာကြီးစိမ်းလန်းစေရမည်

ဆောင်းပါး　စာမျက်နှာ ➤ ၆

### ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေးခြံသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဖြင့် ငွေကျပ် ၆၀၂ ဒသမ ၃၃၅ သန်း ထောက်ပံ့ပေးအပ်

စာမျက်နှာ ➤ ၁၁

## ရာဇဂြိုဟ်ဆည်က သားရွှေအိုးကြီးထမ်းလာသလို

**အောင်ရဲဗိုလ်(ချင်းတွင်း)**

ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ နေရဥ္စရာချောင်းကိုပိတ်၍ ၂၀၀၃-၂၀၀၄ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းဖြစ်သည်။

နေရဥ္စရာချောင်းအတွင်း ချင်းတောင်တန်းများပေါ်မှ ဖြတ်သန်းစီးဆင်းလာသည့် ချောင်းများ ဝင်ရောက်ပါသည်။ ချင်းတောင်တန်းအလှ၊ နေရဥ္စရာချောင်းရေကြည်မြမြနှင့် ယှဉ်စပ်လျှင် အလွန်လှပတင့်တယ်သည့် ချောင်းတစ်ချောင်း ဖြစ်ပါသည်။

ယင်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် ဆည်မှာလည်း ချင်းတောင်တန်းကို နောက်ခံပြုထားသဖြင့် လှပနေသည့် ပန်းချီကားတစ်ချပ် ပမာ တွေ့မြင်ရမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ခရမ်းလွန်ရောင်ခြည်နှင့် ဘေးအန္တရာယ်များ

သစ်တောများပြုန်းတီးလာခြင်း၊ စက်ရုံအလုပ်ရုံများမှ ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု တိုးလာခြင်းတို့ကြောင့် ကမ္ဘာကြီးသည် ပို၍ပူနွေးလာလျက်ရှိပါသည်။ ထို့အတူ ကမ္ဘာမြေပြင်အထက်ရှိ အိုဇုန်းလွှာပါးလွှာရာမှ ခရမ်းလွန်ရောင်ခြည်များ ပို၍ ကျရောက်လျက်ရှိပါသည်။ အထူးသဖြင့် နေရောင်ခြည် တိုက်ရိုက်ကျရောက်သည့် နွေရာသီကာလများတွင် လူသားတို့ ခရမ်းလွန်ရောင်ခြည်ဒဏ်ကို အပြင်းထန်ဆုံးခံစားကြုံတွေ့နေကြရပါသည်။ တစ်နည်းအားဖြင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများ မြင့်တက်မှုနှင့် ဆက်နွှယ်နေသောဘေးအန္တရာယ်များ ဖြစ်ပွားလျက်ရှိပါသည်။

ခရမ်းလွန်ရောင်ခြည်သည် လူကိုအချိန်ကြာမြင့်စွာ ကျရောက်ထိတွေ့ပါက မျက်စိများမှုန်ခြင်း၊ မျက်စိကွယ်ခြင်း၊ အရေပြားများ ထိခိုက်ပျက်စီးခြင်းတို့ဖြစ်နိုင်သည်ဟု ပညာရှင်တို့က ဆိုပါသည်။ ဤသည်မှာ ခရမ်းလွန်ရောင်ခြည်ကြောင့် တိုက်ရိုက်ဖြစ်ပွားနိုင်သည့် အန္တရာယ်များသာ ဖြစ်ပါသည်။ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် အပူရှိန်လွန်ကဲဖြစ်စဉ်များနှင့်အတူ အခြားသောဘေးအန္တရာယ်များလည်း ဖြစ်ပွားလျက်ရှိပါသည်။

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံဒေသအချို့၌ လေပြင်းတိုက်ခတ်မှုများကြောင့် ထိခိုက်ပျက်စီးမှုများရှိသည်ကို ကြားသိနေရပါသည်။ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့သည် အပူလွန်ကဲမှု၏ အကျိုးဆက်များပင်ဖြစ်ပါသည်။ အပူလွန်ကဲခြင်း၏ သဘာဝဆိုးကျိုးဖြစ်စဉ်များ ဖြစ်ပါသည်။

အပူလွန်ကဲခြင်း၏ အကျိုးဆက်အဖြစ် မီးလောင်မှုဖြစ်စဉ်များသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုရမည်သာဖြစ်ပါသည်။ အပူလွန်ကဲခြင်းသည် မီးလောင်မှုကို အားပေးပါသည်။ တစ်နည်းအားဖြင့် မီးလောင်လွယ်ပါသည်။ လျှပ်စစ်မီးချောင်း၊ မီးလုံးများကို အချိန်ကြာမြင့်စွာထွန်းထားခြင်းဖြင့် အပူရှိန်ကို ဖြစ်ပေါ်စေပြီး မီးလောင်မှုများဖြစ်ပွားလျက်ရှိပါသည်။

နွေရာသီတွင် မီးကိုပို၍ သတိပြုရမည်ဖြစ်သကဲ့သို့ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်တက်ပြီး အပူချိန်တိုးလာချိန်တွင် ပိုမိုသတိပြုရမည်ဖြစ်ပါသည်။ အပူရှိန်မြင့်တက်နေချိန် မီးလောင်မှုများ ပိုမိုဖြစ်ပွားလျက်ရှိပါသည်။

အပူချိန်မြင့်တက်နေချိန် ကျန်းမာရေးနှင့်ပတ်သက်သော ဘေးအန္တရာယ်များလည်း ပို၍ဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါအခံရှိသူများ သတိပြုရမည့်အချိန်ဖြစ်ပါသည်။ အစားအသောက် ၊အသွားအလာ၊ အနေအထိုင်များ အထူးသတိပြုရမည့်အချိန်ဖြစ်ပါသည်။ ခရမ်းလွန်ရောင်ခြည် ကျရောက်မှုတိုးလာခြင်းသည် ဘေးအန္တရာယ်ဆိုးကျိုးအမျိုးမျိုး ဖြစ်ပွားနိုင်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ခရမ်းလွန်ရောင်ခြည်ကြောင့် အယ်လ်နီညိုကဲ့သို့ ရာသီဥတုကို ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ပါ၍ လူတိုင်းလူတိုင်းသည် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် ဘေးအန္တရာယ်များမဖြစ်ပွားရလေအောင် မည်သည့်ကိစ္စ၌မဆို ကြိုတင်ပြင်ဆင်မှုများဖြင့် သတိပြုဆောင်ရွက်လုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်း။ ။



# အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဆောင်ရွက်

**တောင်ကြီး ဧပြီ ၂၂**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း လှုပ်ရှားမှုကို ရပ်ကွက်/ကျေးရွာ အလိုက် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၁ ရက်က အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အလက (၂) မင်္ဂလာရပ်ကွက်သို့ ပြည်ထောင်စု ဝန်ကြီး ဒေါ်ခင်စန်းရီ ကွင်းဆင်းကြည့်ရှုသည်။

ယခုသင်ယူနေသော အခြေခံစာတတ်မြောက်ရေးတွင် ကျောင်းသူများအဖြစ် ပါဝင်သင်ယူခဲ့သော တိုင်းရင်းသားများသည် စာပေများကို အနည်းနှင့်အများ တတ်မြောက်လာပြီး နိုင်ငံတစ်ဝန်းလုံးအနေဖြင့် မြို့၊ ရွာများ ဖွံ့ဖြိုးတိုးတက်လာသည်ဟု မှတ်ယူခဲ့ကြသည်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့က ပါဝင်ကူ ညီဆောင်ရွက်ပေးသည့်အတွက် ညောင်ရွှေမြို့နေ ပြည်သူများကလည်း အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ဟသ်ာတမြို့ ပဒေသာဈေးကြီးအတွင်းက စည်းကမ်းမဲ့ဆိုင်ကယ်များဖယ်ရှားပေးစေလို



ဧရာဝတီတိုင်းဒေသကြီးရှိ ဟသ်ာတမြို့သည် တန်ခိုးကြီးဘုရားများနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများကြောင့် လွန်စွာ စည်ကားသော မြို့ကြီးတစ်မြို့ အဖြစ် ထင်ရှားလှသည်။ ယခုအခါ တိုးတက်ပြောင်းလဲနေသော ခေတ်စနစ်များနှင့်အညီ မြို့တော်သန့်ရှင်းရေး စည်ကားလှပသာယာရေးများကိုလည်း အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နေသည်ဖြစ်၍ တိုးတက်စည်ကားလာသောမြို့ကြီးများထဲတွင် ပါဝင်နေသည်။

ဟသ်ာတမြို့ ပဒေသာဈေးကြီးသည် ဓနုဖြူ၊ အထောင်၊ သောင်ကြီး၊ ရှားခဲ၊ ယုန်သလင်း၊ နိဗ္ဗာန်၊ နတ်မော်၊ မြန်အောင်၊ ကြံခင်းစသည့် ပတ်ဝန်းကျင်ဒေသများမှ ထွက်ရှိသည့်ဒေသထွက်ကုန်စည်များကို ဖြန့်ဖြူးရောင်းချရာ ကုန်ဖလှယ်မှုပြုသည့်နေရာတစ်ခုဖြစ်၍ ပတ်ဝန်းကျင်ဒေသများမှ အားကိုးအားထားပြုနေရသော ဈေးကြီးတစ်ခုလည်းဖြစ်သည်။

သို့သော် တိုးတက်သာယာမှုကို အရုပ်ဆိုးအကျည်းတန်စွာ ဖျက်ဆီးနေသော မြင်ကွင်းတချို့က ရင်တွင်း မနှစ်မြို့စရာ တွေ့မြင်နေရသည်။ ဟသ်ာတမြို့ ပဒေသာဈေးကြီးအတွင်းရှိ လမ်းကြိုလမ်းကြား လူအများ သွားလာနေသောနေရာများတွင် တိုးဝှေ့သွားလာမောင်းနှင်၍ ကုန်ဝယ်ကုန်သယ်ပြုနေကြသည့် ဆိုင်ကယ်များ၊ ကယ်ရီခေါ်ဆိုင်ကယ်များကြောင့် ဈေးဝယ်သူ ပြည်သူများ သတိကြီးစွာ ရှောင်ရှား၍ ဈေးဝယ်ကြရပါသည်။

ဤကိစ္စသည် မဖြစ်သင့်၊ မဖြစ်ထိုက်သော ကိစ္စတစ်ခုသာဖြစ်ပြီး ဈေးသည်၊ ဈေးဝယ်ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရမည်မှာ အမှန်ဖြစ်ပါသည်။

ထို့ကြောင့် ဟသ်ာတမြို့ ပဒေသာဈေးကြီးထဲတွင် မဆင်မခြင်တိုးဝှေ့မောင်းနှင်နေသော စည်းကမ်းမဲ့ဆိုင်ကယ်များကိုသက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံး ဖယ်ရှားပေးစေလိုကြောင်းဈေးသူ ဈေးသားများနှင့်ဈေးဝယ်သူ ပြည်သူများထံမှ သိရသည်။

**ဆုမွန်ဦး(ဟသ်ာတ)**

**ထင်သာမြင်သာပြုပြင်စရာ**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၂-၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆီ (အသစ်) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၈၀၀-၁၈၂၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၂၅-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၂၈၀-၂၃၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၃၀-၉၄၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၆၀၀၀-၆၅၀၀ |
| သကြား | တစ်ပိဿာ | ၉၇၀-၁၀၄၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။**

# ဘန်ဒေါင်းစိတ်ဓာတ်ကိုအခြေခံပြီး မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးဆွေးနွေး



**ဂျကာတာ မေ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် မေ ၂၂ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ကွန်ဗင်းရှင်းစင်တာ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ဘန်ဒေါင်းစိတ်ဓာတ်ကို အခြေခံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးကို တိုးမြှင့်နိုင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်နိုင်ရေး၊ ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမ စီမံချက်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ကူညီဆောင်ရွက်ရေး၊ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု ဘဏ် (AIIB) တည်ထောင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်နိုင်ငံသမ္မတနှင့်အတူ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့ မေ ၂၁ ရက် နံနက် ၉ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက စီမံကိန်း၌ အဓိကတည်ဆောက်မည့် ရေလွှဲရေထုတ်ပြွန်၊ ပင်မတမံ၊ ရေယူအဆောက်အအုံ၊ ရေထိန်းတံခါး၊ ရေသွယ်ဥမင်လိုဏ်၊ ပင်မရေပိုလွှဲ၊ ဖိအားမြင့် သံမဏိပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီအောင်သုံးစွဲရေး၊ စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတိုင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေး စနစ်တကျဂရုပြု ကြပ်မတ် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တမံယာဘက်ကမ်းရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ရေယူအဆောက်အအုံ တည်ဆောက်မည့်နေရာကို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပင်မတမံမြေကြီး/ကျောက်သား တူးဖော်ထားရှိမှု၊ တမံအုတ်မြစ်လုပ်ငန်း ဆောင်ရွက်ရန် စိန်လွန်တွင်းများ တူးဖော်ဆောင်ရွက်နေမှုနှင့် မြေကြီး/ကျောက်သား နမူနာများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းသုံး နမ့်တိန်ချောင်းတံတား အလျားပေ ၃၆၀၊ အနံကျယ် ၁၈ ပေ၊ တံတားခံနိုင်ဝန်တန် ၄၀၊ တံတားတည်ဆောက်ပြီးစီးမှု ရေလွှဲရေထုတ်ပြွန်လုပ်ငန်းခွင်သို့ရောက်ရှိပြီး ရေလွှဲရေထုတ်ပြွန် ကွန်ကရစ်သွန်းလောင်းနေမှု၊ တမံဖို့ ကျောက်ထုတ်လုပ်စုဆောင်းထားရှိမှု၊ ခွဲကျောက် ထုတ်လုပ်နေမှု၊ စုဆောင်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တမံဝဲဘက်ကမ်းရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံသည် ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ပြီး စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် ၁၇ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၅၁ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၇ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၏ အရှေ့မြောက်ဘက်မိုင် ၃၀ ခန့်အကွာရှိ ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ရေလွှဲဆည် အမှတ်(၁)နှင့် အမှတ်(၂)၊ သဲထုတ်တံခါး၊ ရေယူအဆောက်အအုံ၊ နုန်းစစ်ကန်၊ ရေထိန်းကန်နှင့် ဖိအားမြင့် သံမဏိပိုက်လိုင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားစက်ရုံသည် စက်တစ်လုံးလျှင် ၁၈ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၇၇ သန်း ထုတ်လုပ်မောင်းနှင်ပေးလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဗို့အားမြင့် ထရမ်စဖော်မာ ၁၁/၁၃၂ ကေဗွီ၊ ၂၅ အမ်ဗွီအေ သုံးလုံးနှင့် ဓာတ်အားလိုင်းများကို ၁၃၂ ကေဗွီ စက်ရုံ-နမ့်စန်လိုင်း ၇၄ မိုင်၊ ၃၃ ကေဗွီ စက်ရုံအထက်ကျိုင်းတောင်း လိုင်း ၂၉ မိုင်၊ ၁၁ ကေဗွီစက်ရုံ ကျိုင်းတောင်းမြို့လိုင်းမိုင် ၂၀ နှင့် ၁၁ ကေဗွီ စက်ရုံ-ဝမ်ကတ်နှင့် နောင်တောင်းရွာလိုင်းရှစ်မိုင်တို့ကို ဒေသဖွံ့ဖြိုးရေးအတွက် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**





# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၂**

ဗိုလ်ချုပ်အောင်ဆန်းဒိုင်းအမည်ဖြင့် ပြန်လည်ကျင်းပမည့် ၂၀၁၅ ရာသီရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်များကို မေ ၂၅ ရက်မှ ၂၇ ရက်အထိ စတင်ယှဉ်ပြိုင်ကစားတော့မည်ဖြစ်သည်။

ပထမအဆင့် ပွဲစဉ်များကို အသင်း ၁၂ သင်းယှဉ်ပြိုင်မည်ဖြစ်ပြီး အနိုင်ရသောခြောက်သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များအဖြစ် မေ ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ မောရဝတီအသင်းနှင့် Horizon အသင်း၊ အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းနှင့် ဖုန်ဂန်အသင်း၊ မေ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် GFA အသင်း၊ အောင်ဆန်းကွင်း၌ ငွေကြယ်ပွင့်လေးများ အသင်းနှင့် တက္ကသိုလ်လက်ရွေးစင်အသင်း၊ မေ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့်ရခိုင်အသင်း၊ အောင်ဆန်းကွင်း၌ Southern အသင်းနှင့် Best Utd အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ဒုတိယအဆင့်တွင် MNL ထိပ်သီးအသင်းများဖြစ်သည့် ရန်ကုန်၊ ရတနာပုံ၊ ရောဝတီ၊ ကမ္ဘောဇ၊ မကွေး စသည့်အသင်းများ အားလုံးပါဝင်မည်ဖြစ်ပြီး ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် ဆုကြေးများအဖြစ် ပထမဆုငွေကျပ် သိန်း ၃၀၀၊ ဒုတိယဆုငွေကျပ် သိန်း ၁၅၀၊ ဆီမီးရောက်နှစ်သင်းကိုငွေကျပ် ၇၅ သိန်းစီ ချီးမြှင့်မည် ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

# ယီမင်ကိုလူသားချင်းစာနာမှု အကူအညီများပေးရန် အီရန်တိုက်တွန်း



**တီဟီရန် ဧပြီ ၂၂**

ယီမင်နိုင်ငံအတွင်း ဟူသီသူပုန်များအား ဆော်ဒီအာရေဗျဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုအဆုံးသတ်ပြီး လူသားချင်းစာနာမှုအကူအညီပေးရန် အီရန်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းဆော်ဩလိုက်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ အရေးယူဆောင်ရွက်မှုများသည် အပြုသဘောဆောင်ကြောင်း၊ ဆွေးနွေးမှုများပြုလုပ်ပြီး အစိုးရသစ်ဖွဲ့စည်းရန် တိုက်တွန်းကြောင်းဖြင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်က တိုက်တွန်းလိုက်သည်။

ဆွန်နီအုပ်ချုပ်သော ဆော်ဒီအာရေဗျနိုင်ငံက ရှီးယိုက်ဦးဆောင်သော အီရန်က ဟူသီသူပုန်များအား ထောက်ပံ့ပေးနေကြောင်း စွပ်စွဲလိုက်သည်။ သို့ရာတွင် တီဟီရန်က ငြင်းဆိုထားသည်။ ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ယီမင်အကျပ်အတည်းကို ကိုင်တွယ်ရာတွင် နိုင်ငံရေးနည်းလမ်းသို့ ပြောင်းလဲ လုပ်ဆောင်သွားရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဆော်ဒီကာကွယ်ရေးဝန်ကြီးက ပြောသည်။

သို့သော်လည်း ၎င်းတို့အနေဖြင့် လိုအပ်လျှင် တပ်မတော်ကို ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ လူသားချင်းစာနာမှု အကူအညီများပေးခြင်းဖြင့် ယီမင်နိုင်ငံ၏ တိုးတက်ပြောင်းလဲမှုများဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း မစ္စတာဇာရစ်က အွန်လိုင်းမှတစ်ဆင့် ပြောကြားသည်။ ယီမင်နိုင်ငံတွင် ဇန်နဝါရီလ၌ သူပုန်များက မြို့တော်ဆာနားကို သိမ်းပိုက်ပြီးကတည်းက မငြိမ်မသက်မှုများ ဖြစ်ပွားလျက်ရှိသည်။ **(ဘီဘီစီ)**

# နေတိုးတပ်ဖွဲ့က ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လေ့ကျင့်မှုကို အက်စတိုးနီးယားတွင် ကျင်းပမည်

**တယ်လင်း ဧပြီ ၂၂**

နေတိုးတပ်ဖွဲ့သည် ဟက်ကာများ၏ နှောင့်ယှက်ဖျက်ဆီးမှုကို တန်ပြန်တိုက်ဖျက်နိုင်ရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လေ့ကျင့်မှုကြီးတစ်ရပ်ကို အက်စတိုးနီးယားတွင် ပြုလုပ်တော့မည်ဖြစ်သည်။

နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကွန်ပျူတာပညာရှင်ပေါင်း ၄၀၀ ခန့်သည် ယခုသီတင်းပတ်အတွင်း “Locked Shields 2015” ဟု အမည်ပေးထားသည့် အဆိုပါလေ့ကျင့်မှုတွင် ပါဝင်ကြမည်ဖြစ်သည်။ ယခုနှစ် ဆိုက်ဘာလေ့ကျင့်မှုကို အက်စတိုးနီးယားမြို့တော် တယ်လင်းရှိ နေတိုးဆိုက်ဘာကာကွယ်မှု ပူးပေါင်းဆောင်ရွက်ရေးစင်တာ၌ ပြုလုပ်မည်ဖြစ်ပြီး Window 8 စနစ်နှင့် လာမည့် Window 10 စနစ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အမြဲမပြတ်ပြောင်းလဲနေသော ဆိုက်ဘာလုံခြုံရေးအခင်းအကျင်းအတွက် အရေးပေါ်တုံ့ပြန်မှုပေးနိုင်ရန် ကွန်ပျူတာအကာအကွယ်ပေးရေးစနစ်ကို ပြင်ဆင်ထားသည်။

အက်စတိုးနီးယား ပါလီမန်၊ ဘဏ်များ၊ ဝန်ကြီးဌာနများ၊ သတင်းစာများ၊ အသံလွှင့်ဌာနများကို ပစ်မှတ်ထား၍ ဆိုက်ဘာတိုက်ခိုက်ခံရပြီးနောက် အက်စတိုးနီးယားသည် နေတိုးဆိုက်ဘာ ကာကွယ်မှုပူးပေါင်းဆောင်ရွက်ရေးစင်တာကို ၂၀၀၈ ခုနှစ်ကတည်းက စတင်အသက်သွင်းခဲ့သည်။

အဆိုပါလေ့ကျင့်မှုကို ဥရောပအရှေ့ပိုင်း၌ ယူကရိန်းပဋိပက္ခနှင့် ပတ်သက်၍ တင်းမာမှုများ ပြင်းထန်နေချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

# အမေရိကန် ပက်ထရီယော့ဒုံးကျည်များ ပိုလန်ဝယ်ယူမည်

**ဝါဆော ဧပြီ ၂၂**

ရုရှားနှင့် တင်းမာမှုများမြင့်တက်လာချိန် ပိုလန်က အမေရိကန် မြေပြင်မှ ဝေဟင်ပစ်ပက်ထရီယော့ ဒုံးကျည်များဝယ်ယူရန် ကြေညာလိုက်သည်။

ပိုလန်အနေဖြင့် အမေရိကန်နှင့် ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိ လက်နက်ဝယ်ယူရေးစာချုပ်ကို နောက်ဆုံးအဆင့် ဆွေးနွေးရန် စတင်သွားမည်ဖြစ်ကြောင်း သမ္မတဘရိုနီစလော့ကိုမိုရောစကီးက ပြောကြားလိုက်သည်။

ရုရှားကပိုလန်နှင့် နယ်စပ်ဒေသများဖြစ်သည့် ကာလင်နင်ဂရက်ဒေသများ၌ ဒုံးကျည်များ ဖြန့်ကြက်ချထားလိုက်ပြီးနောက် အဆိုပါသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ရုရှားက ပြီးခဲ့သည့်နှစ်တွင် ကရိုင်းမီးယားဒေသကို လက်နက်နိုင်ငံပြုပြီး ယူကရိန်းအရှေ့ပိုင်း၌ ခွဲထွက်ရေးသမားများအား ထောက်ပံ့ပေးနေသည့်အတွက် ဥရောပအရှေ့ပိုင်း နေတိုးအဖွဲ့ဝင်နိုင်ငံများအကြား စိုးရိမ်မှုများတိုးလာလျက်ရှိသည်။ သို့ရာတွင် ယူကရိန်းသို့ခွဲထွက်ရေးသမားများအား လက်နက်များထောက်ပံ့ပေးပြီး တပ်ဖွဲ့ဝင်များ စေလွှတ်နေသည်ဟူသော စွပ်စွဲချက်အပေါ် ရုရှားကငြင်းဆိုထားသည်။

အဆိုပါ ဒုံးပျံကာကွယ်ရေးစနစ်သည် လေကြောင်းရန်ကို ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် ခရုစ်ဇ်ဒုံးကျည်နှင့် တိုက်ချင်းပစ်ဒုံးပျံများကိုလည်း ပစ်ချကာကွယ်နိုင်စွမ်းရှိသည်ဟု ဆိုသည်။ ပိုလန်နိုင်ငံသည် လက်ရှိအခြေအနေတွင် အဆိုပါလက်နက်ဆန်းများ အန္တရာယ်ကို ကာကွယ်နိုင်စွမ်းမရှိသေးဟု ဆိုသည်။ **(ဘီဘီစီ)**





# ဩစတြေးလျ အရှေ့ကမ်းခြေသို့ မုန်တိုင်းဝင်ရောက် လူပေါင်းများစွာ ကယ်ဆယ်ခဲ့ရ

**ဆစ်ဒနီ ဧပြီ ၂၂**

ဩစတြေးလျ အရှေ့ကမ်းခြေ၌ မုန်တိုင်းဝင်ရောက်မှုကြောင့် ဆစ်ဒနီနှင့် နယူးဆောက်ဝေးစ်တို့၌ ရေလွှမ်းမိုးခဲ့ရာ လူ ၁၀၀ နီးပါးကို ကယ်ဆယ်ခဲ့ရသည်။ အင်အားပြင်းလှိုင်းလုံးများက ကမ်းခြေကို ရိုက်ခတ်ခဲ့ရာ အချို့မှာ ပေ ၅၀ အထိ မြင့်မားခဲ့သည်။

အင်္ဂါနေ့က ဆစ်ဒနီမြို့ မြောက်ပိုင်း ဒန်ဂေါ့၌ အိမ်များ ရေထဲမျောပါခဲ့ပြီး အလောင်းသုံးလောင်းကို တွေ့ရှိခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ အိမ်ခြေ ၂၀၀၀၀၀ မှာ ယနေ့ထိ လျှပ်စစ်ဓာတ်အားပြတ်တောက်နေဆဲ ဖြစ်သည်။

မုန်တိုင်းအခြေအနေပြန်လည်မလျော့ပါးမီ မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး လေပြင်းတိုက်ခတ်နိုင်သည်ဟု ဩစတြေးလျ မိုးလေဝသဌာနက သတိပေးထားသည်။

ကမ်းခြေတစ်လျှောက်၌ တစ်နာရီလျှင် ၁၀၀ ကီလိုမီတာ (၆၂မိုင်) နှုန်း လေပြင်းတိုက်ခတ်နိုင်ဖွယ်ရှိပြီး မိုးသက်မုန်တိုင်းကျရောက်မှုကြောင့် ဆစ်ဒနီမြို့ရှိ နေရာအချို့နှင့် အီလဝါရာဒေသတို့တွင် ရုတ်တရက်ရေကြီးနိုင်သည်ဟု မိုးလေဝသဌာန (BOM) က ကြေညာထားသည်။

ဆစ်ဒနီ၌ လေကြောင်းပျံသန်းမှု၊ ရထားပြေးဆွဲမှုနှင့် ကားသွားလာမှုများကို ရပ်ဆိုင်းထားသည်ဟု သိရသည်။ **(ဘီဘီစီ)**

# အငြင်းပွားဖွယ် အီရန်နျူကလီးယား ဥပဒေကြမ်းအပေါ် အမေရိကန်လွှတ်တော် ပြန်လည်သုံးသပ်

**နယူးယောက် ဧပြီ ၂၂**

အမေရိကန် အထက်လွှတ်တော်သည် အီရန်နှင့်ချုပ်ဆိုထားသည့် နျူကလီးယားစာချုပ်အပေါ် ကွန်ဂရက်အား သုံးသပ်ခွင့်ပေးထားသော ဥပဒေပြုရေးအပေါ် ဗုဒ္ဓဟူးနေ့တွင် အချေအတင် ဆွေးနွေးကြဖွယ်ရှိသည်။

အမေရိကန် အထက်လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီက အီရန်နျူကလီးယားဥပဒေကြမ်းကိုပြန်လည်ညှိနှိုင်းရေးဆွဲရန်အတွက် လွန်ခဲ့သောအပတ်က ထောက်ခံမဲပေးခဲ့သည်။

အထက်လွှတ်တော် အမတ်များက လူမှောင်ခိုမှု ဥပဒေမူကြမ်းအပေါ် သဘောတူညီချက်တစ်ခု ရရှိခဲ့ကာ သမ္မတအိုဘားမား အမည်စာရင်းတင်သွင်းသူသည် ရှေ့နေချုပ်ဖြစ်လာမည့် အလားအလာရှိပြီးနောက် အမေရိကန် အထက်လွှတ်တော်တစ်ခုလုံးသည် ဗုဒ္ဓဟူးနေ့ သို့မဟုတ် ကြာသပတေးနေ့တွင် အကြိတ်အနယ် ဆွေးနွေးမှုတစ်ခု စတင်လိမ့်မည်ဖြစ်ကြောင်း ဥပဒေကျွမ်းကျင်သူများက အင်္ဂါနေ့တွင် ပြောခဲ့သည်။

နိုင်ငံတကာဆက်ဆံရေးကော်မတီမှ ရီပက်ဗလစ်ကန်အဖွဲ့ဝင်များက ဥပဒေကြမ်း၏ ခက်ခဲသော အခြေအနေတစ်ခုကို ညှိနှိုင်းရန် ပြင်ဆင်ချက်ပေါင်းများစွာကို ပေးပို့ခဲ့သည်။ သို့သော် အမေရိကန် အထက်လွှတ်တော်ကအတည်ပြုမည့် သဘောတူညီချက်တစ်ခုကို ရရှိရန်နှင့် အိုဘားမား၏ အဓိကကန့်ကွက်မှုကို ကျော်လွှားရန်ရီပက်ဗလစ်ကန်အဖွဲ့ဝင် အများစုက ၎င်းတို့၏ဆန္ဒကို ဘေးဖယ်ထားကြသည်။

အမေရိကန် အထက်လွှတ်တော်နှင့် အမတ်များက အသေအချာဆုံးဖြတ်ခဲ့သော ဤဥပဒေမူကြမ်းသည် သိသာစွာပြောင်း လဲခြင်းမရှိစေကာမူ အမေရိကန်သမ္မတ ဘားရတ်အိုဘားမားသည် ယခုအခါတွင် ဥပဒေပြုမှုကို လက်မှတ်ရေးထိုးလိမ့်မည်ဖြစ်သည်။ **(ရိုက်တာ)**

# ဘာလီကျွန်းလူသတ်မှုဖြင့် အမေရိကန်စုံတွဲအား ထောင်ဒဏ်ချမှတ်

**ဂျကာတာ ဧပြီ ၂၂**

ချစ်သူ၏ မိခင်အားသတ်ဖြတ်ခဲ့သည်ဟု ပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့ပြီးနောက်တွင် အင်ဒိုနီးရှားတရားရုံးက အမေရိကန်စုံတွဲနှစ်ဦးကို အင်္ဂါနေ့က ထောင်ဒဏ်ချမှတ်လိုက်ပြီဖြစ်သည်။

Denpasar ခရိုင်တရားရုံးက တွမ်မီစခက်ဖာ (၂၁ နှစ်)သည် ရှိလာဗွန်ဝီစ်မက်ခ် (၆၂ နှစ်) ကို ဩဂုတ် ၁၂ ရက်တွင် ဘာလီကျွန်းပေါ်ရှိတည်းခိုခန်း၌ သေဆုံးသည်အထိရိုက်နှက်ခဲ့ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိခဲ့သည့်နောက်တွင် တွမ်မီအား ထောင်ဒဏ် ၁၈ နှစ်ချမှတ်ခဲ့သည်ဟု AP သတင်းဌာနက ဖော်ပြသည်။

**ချမှတ်**

အဆိုပါအသတ်ခံရသူ အမျိုးသမီး၏ သမီး တွမ်မီစခက်ဖာ၏ ချစ်သူ ဟီကာမက် (၁၉နှစ်) ဖြစ်သူကို လူသတ်မှု၌ တွမ်မီအား ပါဝင်ကူညီခဲ့မှုဖြင့် တရားရုံးကထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်သည်။

သေဆုံးသူ ဗွန်ဝီစ်မက်ခ်၏ အလောင်းကို S.t Regis ဟိုတယ်၏ အပြင်ဘက်၌ ခရီးဆောင်အိတ်ဖြင့်ထုတ်ပိုးထားခဲ့သည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်း၏ အလောင်းတွင် နှာခေါင်းရိုး အက်ကွဲနေပြီး ဦးခေါင်းနှင့်မျက်နှာရှိ အရိုးများလည်း ကျိုးနေသည်ဟု အင်ဒိုနီးရှားအာဏာပိုင်များက ပြောသည်။ **(ဂူဂဲလ်)**

# ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များဖမ်းဆီးရမိ

**ပေါက်ခေါင်း ဧပြီ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ဝိသမလောဘသားများက အများပြည်သူများ၏ သက်ကြာကာလရှုံးပိတ်ရက်များကို အခွင့်ကောင်းယူ၍ တရားမဝင်သစ်ခိုးယူသယ်ဆောင်ရောင်းဝယ်မှုများ ပိုမိုပြုလုပ်လာသောကြောင့် သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် အခြားသောဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဖမ်းဆီးအရေးယူလျက်ရှိရာ ဧပြီ ၁၈ ရက်က ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်ရွှေလောင်းဘိနယ်အလယ်နဝင်းကြိုးဝိုင်း အကွက်အမှတ်(၆)နေရာမှ ဇောင်းပလွေးသစ်သုံးလုံး၊ ဝ ဒသမ ၆၉၈၀တန်နှင့် ထောက်ကြံ့သစ်တစ်လုံး ဝ ဒသမ ၂၄၆၀ တန် စုစုပေါင်း ဝ ဒသမ ၉၄၄၀ တန်၊ ပန်းတောင်းမြို့နယ် ဖန်ခါးပင်ဘိနယ်လက်ရဲတပ်ကြိုးဝိုင်း အကွက်အမှတ်(၇)နေရာမှ နဘဲသစ်ကိုးလုံး ၁ ဒသမ ၂၆၈ တန်နှင့် နဘဲတိုင်နှစ်လုံး ဝ ဒသမ ၁၃၂ တန် စုစုပေါင်း ၁ ဒသမ ၄၀၀ တန်၊ ပြည်မြို့နယ် တီတွဒ်ဘိနယ်ကြာအင်းအုပ်စု ပေပင်ကျေးရွာအနီးနေရာမှ တရားမဝင်ကုက္ကိုသစ်သုံးလုံး ဝ ဒသမ ၃၃၀ တန်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာအနီး ဒုဋ္ဌဝတီမြစ်အတွင်းနေရာမှ တရားမဝင် ကျွန်းတိုင်ခုနစ်လုံး ၁ ဒသမ ၂၈၈ တန်တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် ဧပြီ ၁၉ ရက်က မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဘယောဘိနယ် စခန်းကြီးကြိုးဝိုင်း အကွက်အမှတ် (၃၂)အပိုင်းအတွင်း နေရာမှ ပိတောက်သစ်/တိုင် ၁၀လုံး ၁ ဒသမ ၂၁၄ တန်၊ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်း အကွက်အမှတ်(၃၅)အတွင်းမှ အခြားသစ်ခွဲသား ၈၄ ချောင်း ၂ ဒသမ ၅၇၅၆ တန်၊ ညောင်ကျိုးဘိနယ် ဘူးရိုးကျိုးဝိုင်း အကွက်အမှတ် (၄၄) အတွင်းမှ သစ်မာ/အခြားသစ် ၄၄ လုံး/ချောင်း ၆ ဒသမ ၂၃၇၆ တန်၊ ပေါက်ခေါင်းမြို့နယ် ခပေါင်းကြိုးဝိုင်း အကွက်အမှတ် (၅၁)အတွင်းမှ ကျွန်းသစ်ငါးလုံး ၁ ဒသမ ဝဝ၆ဝ တန်ကို ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဧပြီ ၂၀ ရက်ကလည်း ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ဝွေးတောက်မြောင်ကျေးရွာ မြောက်ဘက်နေရာမှ တရားမဝင် ကုက္ကိုသစ်နှစ်လုံး ဝ ဒသမ ၁၆တန်၊ ပေါက်ခေါင်းမြို့နယ် ပေါ်လံကြီးဘိနယ်အလယ်နဝင်းကြိုးဝိုင်း အကွက်အမှတ် (၁၈) အတွင်းမှ တရားမဝင်ကျွန်းသစ်ခြောက်လုံး ၁ ဒသမ ၅၆၆ တန်၊ တောင်နဝင်းဆည်အနီး ဗျူးခေါင်းကျေးရွာတောင်ဘက်နေရာမှ ကျွန်း/အခြားသစ် ခြောက်လုံး ဝ ဒသမ ၉၉၈ တန်၊ ကျောက်ဖူးကြိုးဝိုင်း အကွက်အမှတ် (၆၆)အတွင်းမှ တရားမဝင် ကျွန်းခွဲသား ၁၀ ချောင်း ဝ ဒသမ ၈၄၉ တန်ကို ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း (၉၁ လမ်းထိပ်)၊ အမှတ်(၁၀၆/၁၀၈)တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့ဘောင်သစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁၀-၃-၂၀၁၅ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အရ **လူ့ဘောင်သစ်ပါတီ**က ပါတီ၏ အလံနှင့်တံဆိပ်အား ပြင်ဆင်ခွင့်ပြုရန် ပြန်လည်တင်ပြလာပါသည်။

၃။ သို့ပါ၍ **လူ့ဘောင်သစ်ပါတီ**က ပြင်ဆင်တင်ပြလာသည့် ဖော်ပြပါအလံနှင့် တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လူ့ဘောင်သစ်ပါတီ၏ အလံပုံစံ**



**လူ့ဘောင်သစ်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အရှိန်မထိန်းနိုင်သောယာဉ် လမ်းလယ်ကျွန်းကာရံထားသည့် ကပ်တုံးများကိုတိုက်မိ၍ သုံးဦးဒဏ်ရာရ

**နေပြည်တော် ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၄၆/၄-၅)ကြား၌ ဧပြီ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘောနီအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှ နေပြည်တော်သို့ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ(၈)ရပ်ကွက်နေ ကျော်အောင် (၃၈ နှစ်)မောင်းနှင်လာသော 7C/---- Hilux SURF ငွေမင်ရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကာရံထားသည့် ကပ်တုံးများအားဝင်ရောက်တိုက်မိ ရပ်တန့်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်မိမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ယာဉ်မောင်း ကျော်အောင်၊ တစ်ရပ်ကွက်တည်းနေ ဦးမျိုးလွင် (၄၂ နှစ်) နှင့် ကိုပြည့်(၂၈ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ပဲခူးပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ကျော်အောင်ကို ဘောနီအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။



**ကိုရဲ**



**စိုင်းလွင်မိန်း(ခ)ဒီးဒီး၊ မခမ်းလဲ့လဲ့မွန်(ခ)လီရှန်းနှင့် ရဲကြည်ဦးတို့သုံးဦးကို ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

# ခရီးသည်တင်ယာဉ်ပေါ် လိုက်ပါလာသူများထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂၀ ဖမ်းမိ

**နေပြည်တော် ဧပြီ ၂၂**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၁ ရက်က အမရပူရမြို့နယ် ရွှေကြက်ယက် မထသဂိတ်၌ ယာဉ်များကို ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ မန္တလေးမှ မုံရွာသို့ထွက်ခွာလာသော ယာဉ်မောင်း လှစိုးမောင်းနှင်သည့် K Power ခရီးသည်တင် မော်တော်ယာဉ် ခုံအမှတ်(၃)ရှိ ခရီးသည် စိုင်းလွင်မိန်း၏ ယာလက်တွင် ကိုင်ဆောင်ထားသည့် ဘီစကွတ်မုန့်ဘူးအတွင်း စက္ကူဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၈၀၊ ခုံအမှတ်(၄)ရှိ ခရီးသည် မခမ်းလဲ့လဲ့မွန်၏ လက်ဆွဲခြင်းအတွင်းရှိ စက္ကူဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ၎င်းတို့နှင့်အတူပါသူ ခုံအမှတ်(၆)ရှိ ရဲကြည်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းလွင်မိန်း(ခ)ဒီးဒီး (၂၃ နှစ်)၊ မခမ်းလဲ့လဲ့မွန်(ခ)လီရှန်း(၃၂နှစ်)နှင့် ရဲကြည်ဦး(၂၄ နှစ်)တို့သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




**ဧပြီ ၂၂ ရက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မဈေးကြီး ဝင်ပေါက်ထွက်ပေါက်နှင့် ဈေးအတွင်းလမ်းများတွင် မီးသတိပြုရန် လက်ကမ်းပိုစတာများကို မြို့နယ်မီးသတ်ဦးစီးမှူး မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးနေစဉ်။** တင်မြင့်(နတ်တလင်း)






# သင့်ကြောင့် ကမ္ဘာကြီးစိမ်းလန်းစေရမည်

ထွန်းထွန်းထွေး(ဘားအံ)



လူတို့၏ အဓိက မှီတင်းနေထိုင်ရာကို ပြောမည်ဆိုလျှင် ကမ္ဘာမြေကြီးဟုပင် လူသားတိုင်းက ပြောဆိုကြမည်ဆိုတာ ငြင်းနိုင်စရာမရှိ ဖြစ်ပေလိမ့်မည်။ ထိုသို့ ကျွန်တော်မှီတင်းနေထိုင်ရာ ကမ္ဘာမြေကြီးသည် ကျွန်တော်တို့လူသားများအတွက် တန်ဖိုးမဖြတ်နိုင်သော သယံဇာတများ၊ လူသားတို့၏ နေ့စဉ်ရင်ဆိုင်နေရသော စားဝတ်နေရေး ပြဿနာများကိုလည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လကမ္ဘာသာမက အာကာသစူးစမ်းလေ့လာရေးအစရှိသော အိုင်တီနည်းပညာများ စူးစမ်းဖော်ထုတ်နိုင်ခြင်းနှင့် ကမ္ဘာကြီးပျက်စီးစေနိုင်သော အဏုမြူလက်နက်၊ ဓာတုလက်နက်(ဆွဲ)စသော ခေတ်မီဆန်းသစ်၍ လူသားမျိုးနွယ်စုနှင့်ကမ္ဘာကြီးကိုပါ ပျက်စီးစေသော လက်နက်များသည်လည်း ကမ္ဘာမြေကြီးမှရရှိသော ကုန်ကြမ်းများမှ ဖန်တီးနိုင်ခဲ့ကြပေသည်။ လူသားတို့ရှင်သန်ရာ ကမ္ဘာမြေကြီး၏တန်ဖိုးသည် တန်ဖိုးရှိစွာ အသုံးချနိုင်ကြလျှင် အနန္တတန်ဖိုးထိုက်တန် ကျေးဇူးကြီးလှပေသည်။ လူသားတို့၏ ဘဝရှင်သန်၊ တိုးတက်ကြီးပွားရေးအတွက် ကမ္ဘာကြီးကို ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါဆိုသော ဓာတ်ကြီးလေးပါးမျှတအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ကား ကျွန်တော်တို့ လူသားအားလုံးအတွက်မပေးအပ်ဘဲ ထိန်းသိမ်းစောင့်ရှောက်ရမည့် လူ့တာဝန်တစ်ရပ်သာ ဖြစ်ပေတော့သည်။ ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အိုင်တီနည်းပညာခေတ်တွင် ကမ္ဘာမြေကြီးမှရသော အရင်းအမြစ်များကို လူသားတို့မှ အလွန်အကျွံထုတ်ယူသုံးစွဲလျက်ရှိနေသည်ကို ယနေ့လူကြီးလူငယ်များ ငြင်းနိုင်လိမ့်မည်မဟုတ်ပေ။ ထိုကဲ့သို့ တန်ဖိုးထိုက်တန်သော မြေကြီးကို ကျွန်တော်တို့ လက်ရှိလူသားများက နောင်လာနောက်သား ကမ္ဘာသူ ကမ္ဘာသားများ သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာ၊ ဖွံ့ဖြိုးသာလှ ဒို့ကမ္ဘာကဖြစ်စေနိုင်ရေးအတွက် ရေ၊ မြေ၊ တော၊ တောင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် Green Hill အဖွဲ့ကဲ့သို့သော တက်ကြွလှုပ်ရှားနေသော အဖွဲ့များနှင့်သဘာဝဘေးတားဆီးကာကွယ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များသာမက ကမ္ဘာ့လူသားတိုင်း၏ တာဝန်ဖြစ်ပေသည်။

ကမ္ဘာမြေကြီးသည် သဘာဝတရားဖန်ဆင်းမှုကြောင့် နှစ်သန်းပေါင်းများစွာတည်ရှိလာပြီး ပိုမိုကြီးမားကျယ်ပြန့်လာခြင်းမရှိဘဲ တစ်နှစ်ထက်တစ်နှစ် လူသားဦးရေသည် သန်းချီတိုးတက်များပြားလာနေပါသည်။ ထိုသို့လူသားများ နေ့စဉ်မွေးထုတ်များပြားလာမှုနှင့်အတူ မြေအရင်းအမြစ်၊ ရေအရင်းအမြစ်တို့ အပေါ်အလွန်အကျွံ ထုတ်ယူသုံးစွဲနေကြရပါသည်။ ထို့ကြောင့် တောသည်လည်းကောင်း၊ တောင်သည်လည်းကောင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များသည်လည်းကောင်း တဖြည်းဖြည်းဆုတ်ယုတ်ယိုယွင်းပျက်စီးလျက်နေကြတော့သည်။ ယင်းသို့သော အခြေအနေများကြောင့် တော၊ တောင်၊ သဘာဝပတ်ဝန်းကျင်အား နောင်လာနောက်သားများနေထိုင်ရာကမ္ဘာကြီး၏ လူသားမျိုးနွယ်စုကြီး မျိုးသုဉ်းပျက်စီးမှုမှ ကာကွယ်ရေးတစ်ရပ်အနေဖြင့် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ရှိ တော၊ တောင်၊ သဘာဝပတ်ဝန်းကျင်တို့အား ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းကြစေလိုကြောင်း တိုက်တွန်းလိုပါသည်။

ဥတုရာသီ တောကိုမှီ ဆိုခဲ့ပေမယ့် လူသားများ တိုးတက်များပြားလာခြင်းကြောင့် တော၊ တောင်များပါ မကျန် လူသားများနေထိုင်မှုနှင့် စားဝတ်နေရေး၊ စိုက်ပျိုးရေးအတွက် ပိုမိုချဲ့ထွင်လုပ်ကိုင်လာခြင်းကြောင့် သဘာဝတောရိုင်းတိရစ္ဆာန်များလည်း မှီတင်းနေထိုင်ရာ သဘာဝပတ်ဝန်းကျင်လည်း ကျဉ်းမြောင်းလာကာ မျိုးသုဉ်းပျက်စီးမှုများတွေ့ကြုံနေရပြီး လောဘသားများ သစ်ကုန်ကူးမှုကြောင့် ခုတ်ယူသုံးစွဲ၊ ပြန်လည်စိုက်ပျိုးခြင်းမရှိ၍ ဂေဟစနစ်ပျက်ပြုန်းနေကြရပါသည်။ မြန်မာနိုင်ငံသာမက ယနေ့ ကမ္ဘာတစ်ခွင် နိုင်ငံအသီးသီး၌လည်း တွေ့ကြုံနေကြရပါသည်။ တောင်တောရယ်သာ မာလာက ငုံဖူးဆိုခဲ့ပေမယ့် လွင်ပြင်ကျယ်နှင့် တောင်ကတုံး ဘယ်နေရာက မာလာက ငုံဖူးဆိုရမည့် အခြေအနေဖြစ်ရပေတော့မည်။

ယင်းသို့သော အခြေအနေများအား ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ရေဝေ၊ ရေလဲ၊ ကောင်းမွန်ပြီး မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုကို ထိန်းသိမ်းပေးနိုင်သော တောနှင့်တောင်များတွင် အမြန်ဖြစ်သစ်တောများကို ကမ္ဘာမြေကြီး စိမ်းလန်းစိုပြည်ရေးအတွက် အဓိကအလေးထား စိုက်ပျိုးကြစေလိုပါသည်။

တောတောင်ပျက်ပြုန်း၊ ရော်ဘာဖုံး၊ ရော်ဘာအခက် မန်ကျန်အချက်

## Acacia Mangium မန်ကျန်ရှား

တောတောင်ပျက်ပြုန်းမှုနှင့်အတူ ယနေ့ကမ္ဘာကြီး ပူနွေးလာကာ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုများလည်း ယိုယွင်းလာမှုနှင့်အတူ သဘာဝဘေးန္တရာယ်များလည်း ကမ္ဘာ့နိုင်ငံများ၌ တွေ့ကြုံနေကြရပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ထိခိုက်မှုရှိသော ဆင်းရဲသည့်နိုင်ငံများကိုကူညီနိုင်ရန် ကမ္ဘာ့ထိပ်တန်းချမ်းသာကြွယ်ဝ၍ ဩစတြေးလျကဲ့သို့သော စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများကလည်း ကုလသမဂ္ဂကျောထောက်နောက်ခံပြုသော အစိမ်းရောင်ရာသီဥတုရန်ပုံငွေ (GCF)အတွက် လှူဒါန်းမှုများဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများကလည်း ကြိုဆိုလက်ခံခဲ့ကြပါသည်။ ထို့ကြောင့် တောတောင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာ သစ်တောဦးစီးဌာနများမှ ကာကွယ်ရေး၊ ထိန်းသိမ်းရေး၊ ပြန်လည်စိုက်ပျိုးရေးများကို ဒေသပတ်ဝန်းကျင်အလိုက် စီစဉ်ဆောင်ရွက်နေမှုများရှိကြရာ အမြန်ဖြစ်သစ်တောမျိုးတွင် လမုတော (Mangrove Forest) ပြီးလျှင် မန်ကျန်ရှား(Acacia Mangium) သည် ဒုတိယလိုက်သည့် အမြန်ဖြစ်သစ်တောမျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လျင်မြန်စွာပြုန်းတီးလျက်ရှိသော သစ်တောများနေရာတွင် အမြန်ဆုံးအစားထိုးပြန်လည်စိုက်ပျိုးသင့်ပြီး စိုက်ပျိုးရာတွင် မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ သဘာဝအနေအထားအရ အသင့်တော်ဆုံးဖြစ်သည့် သစ်ပင်မျိုးစိတ်လည်းဖြစ်ပေသည်။

## မန်ကျန်ရှားပင်၏သဘာဝ

မန်ကျန်ရှားသည် ပင်စည်တဖြောင့်တည်းတက်ပြီ အမြဲစိမ်းသည့် သစ်ပင်မျိုးဖြစ်ကာ ပူအိုက်စွတ်စိုသည့် မုတ်သုံဒေသ မြေနိမ့်ပိုင်းတွင်ဖြစ်ထွန်းပြီး ယခုအခါ ရှမ်းကုန်းပြင်မြင့်ကဲ့သို့သော အမြင့်ပေ ၄၀၀၀ ကျော်သည့် ရှမ်းပြည်နယ် ကုန်းမြင့်များ၌လည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိပါသည်။ ယေဘုယျအားဖြင့် (PH ၄. ၅-၆. ၅) မြေမျိုးတွင် ပေါက်ရောက်လေ့ရှိသော်လည်း ချောင်းငယ်၊ မြောင်းငယ်များတစ်လျှောက်နှင့် ရေစီးရေလာကောင်းမွန်သည့် မြေပြန့်နေရာများတွင်လည်း စိုက်ပျိုးဖြစ်ထွန်းပါသည်။ ပျမ်းမျှအနိမ့်ဆုံး အပူချိန် (၁၃˚-၂၀˚)စင်တီဂရိတ်မှ အမြင့်ဆုံးအပူချိန် (၂၅˚-၃၂˚) စင်တီဂရိတ်အထိ ခံနိုင်ရည်စွမ်းရှိပါသည်။

မန်ကျန်ရှားပျိုးပင်ကို စတင်စိုက်ပျိုးသည်နှင့် တစ်နှစ်အတွင်း အမြင့်(၁၀ပေ-၁၅ပေ)ခန့်ထိ ကြီးထွားနှုန်းမြန်ဆန်ပြီး လေး-ငါးနှစ်ခန့်တွင် လုံးပတ်တစ်ပေခွဲအထက် ရှိကာ အမြင့်ပေ ၄၀ ခန့်အထိ ကြီးထွားနိုင်ပါသည်။ မန်ကျန်ရှားပင်သည် ရှစ်နှစ်နောက်ပိုင်းကြီးထွားနှုန်းနှေးသွားပြီး၊ ၁၀ နှစ်သားအရွယ်၌ အပင်၏ ကြီးထွားနှုန်း တန့်သွားပါသည်။ ထိုအချိန်တွင် သစ်ပင်၏ ပျမ်းမျှလုံးပတ်မှာ နှစ်ပေခန့်နှင့် အမြင့်ပေ (၈၀-မှ၁၀၀) ဝန်းကျင်ခန့်ရှိနေပါသည်။

## မန်ကျန်ရှားမြန်မာပြည်သို့ရောက်ရှိခြင်း

မန်ကျန်ရှားပင်မျိုးစိတ်ကို စတင်စိုက်ပျိုးဖြစ်ထွန်းရာ ဒေသများဖြစ်သည့် ဩစတြေးလျ (Australia)၊ အင်ဒိုနီးရှား (Indonesia)၊ ပါပူဝါနယူးဂီနီယာ (Papua-newguenia) စသောနိုင်ငံများမှတစ်ဆင့် အပင်မျိုးစိတ်၊ မျိုးပင်များကို သယ်ယူစိုက်ပျိုးလာကြသောကြောင့် မလေးရှား၊တောင်အာဖရိက၊ ထိုင်း၊ ဗီယက်နမ် စသည့် နိုင်ငံများသို့ ပျံ့နှံ့စွာပေါက်ရောက်လျက်ရှိရာမှ မြန်မာနိုင်ငံသို့ ၁၉၇၀ပြည့်နှစ်ခန့်က သစ်တောဦးစီးဌာနမှ ထင်းအစားထိုးသစ်တောများ စိုက်ပျိုးရန်အတွက် မလေးရှားနိုင်ငံမှ ရယူလာသောမျိုးများဖြစ်ပြီး အော်ရီးရှား၊ မလေးရှားပိတောက်တို့နှင့်အတူ မန်ကျန်ရှားလည်း ရောက်ရှိလာခဲ့သည်။ သို့သော် မျိုးစိတ်တူသော်လည်း သစ်မာနွယ်ဝင်မဟုတ်သည့် အော်ရီးရှား၊ မလေးရှားပိတောက်တို့နှင့် မျိုးစပ်ယှက်ပြီး (Cross Pollination)ကြောင့် မန်ကျန်ရှားမျိုးရင်းများ ပျောက်သွားခဲ့ရပါသည်။

၁၉၉၈ ခုနှစ်တွင် မန်ကျန်ရှားမျိုးကို ပဲခူးတိုင်းသစ်တောဦးစီးဌာနမှတစ်ဆင့် ပြန်လည်စိုက်ပျိုးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ မန်ကျန်ရှားပင်များကို ပဲခူးတိုင်းဒေသကြီး ပျဉ်ပုံကြီး၊ ဘိုတဲကြိုးဝိုင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီနှင့် လှည်းကူးမြို့နယ်အတွင်း၊ ငါးဆူတောင် ဧက ၉၀၀၀ နှစ်ရှည် စီမံကိန်းစိုက်ခင်းအတွင်း ဧက ၂၀၀ခန့် စမ်းသပ်စိုက်ပျိုး အောင်မြင်လျက်ရှိပါသည်။

မြန်မာ့သစ်တောများမှထွက်သော သစ်မာများအနက် ကျွန်းသစ်သည် ကမ္ဘာ၌ ထင်ရှားကျော်စောသဖြင့် ပုဂ္ဂလိကသစ်တော စိုက်ပျိုးသူအများစုသည် ကျွန်းနှင့် အခြားသစ်မာများ ရော်ဘာစိုက်ပျိုးရေးကို အဓိကစိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ ယင်းသို့ မြန်မာ့သစ်တောများ ပြုန်းတီးမှုများနှင့်အတူ ရာသီဥတုကိုပါ ပြောင်းလဲလာသည့်နေရာများတွင် အမြန်ဖြစ်သစ်တောများဖြင့် အစားထိုးရန်မှာ မန်ကျန်ရှား၊ လမုတောကဲ့သို့သော အမြန်ဖြစ်သစ်တောမျိုးများကို အလျင်အမြန်စိုက်ပျိုးသင့်ပါသည်။ သို့မှသာ ရာသီဥတုနှင့်မြေဆီလွှာများ ရေတိုက်စားမှု၊ မြေဆီလွှာများဆုံးရှုံးမှုများကို အချိန်တိုအတွင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ (Green House Gas) အလွန်အရေးပါသော သစ်တောမျိုးဖြစ်ပေသည်။

## မန်ကျန်ရှားပျိုးထောင်ခြင်း

မန်ကျန်ရှားအစေ့တစ်ကီလိုတွင် အစေ့ ၇၀၀၀၀ မှ ၁၂၀၀၀၀ခန့်ရှိပါသည်။ အစေ့များကို နေရောင်တွင် ကောင်းမွန်စွာ အခြောက်ခံထားပြီးပါက အေး၍ခြောက်သွေ့သောနေရာတွင် ထားပါက နှစ်နှစ်ခန့်အထိ သိုလှောင်သိမ်းဆည်းထားနိုင်ပါသည်။ မျိုးစေ့များကို မတ်လနှင့်ဧပြီလများတွင် မျိုးဖောက်နိုင်ပြီး မျိုးစေ့အပင်ဖောက်ခြင်းကို ရေနွေးနှင့်စိမ်ခြင်း ( Water heat treatment) ကို ပြုလုပ်ပေးခြင်းဖြင့် အညှောက်ပေါက်ပါသည်။ ယင်းသို့အညှောက်ပေါက်ပြီးနောက် မြေဆွေးများဖြင့် အသင့်ပြင်ဆင်ထားသော ပျိုးအိတ်များတွင် နှစ်ပတ်သုံးပတ်အတွင်း ပျိုးပင်ပေါက်များကို အပြီးထည့်စေကာ နေရောင်ခြည်ကို အချိုးအစားအတိုင်းပေးကာ ရေလုံလောက်စွာ သင့်တင့်ရုံသာလောင်းစေပြီး ပျိုးဥယျာဉ်အရိပ်စင်အောက်၌ ပြုစုပျိုးထောင်ပါက အပင်တစ်နှစ်ခန့် ဝန်းကျင်အရွယ်တွင် မိုးတွင်းကာလသို့ ရောက်ရှိပြီးဖြစ်၍ မြေတွင်ချပြီး စနစ်တကျစိုက်ပျိုးနိုင်ပြီး ဖြစ်ပါသည်။ မန်ကျန်ပင်များ စိုက်ပျိုးရာတွင် ရော်ဘာပင်များကဲ့သို့ စနစ်တကျစိုက်ပျိုးနိုင်ပြီး တစ်ပင်နှင့်တစ်ပင် ခုနစ်ပေခြား၍ စိုက်ပျိုးမည်ဆိုက တစ်ဧကလျှင် အပင် ၉၀၀အထိ စိုက်ပျိုးနိုင်ပါသည်။ မန်ကျန်ရှားပင်သုံးနှစ်သားအရွယ်ရောက်လျှင် လူတို့ဖန်တီးထားသော သဘာဝတောအုပ်ပမာမြင်တွေ့ရမည်ဖြစ်ပြီး စနစ်တကျစိုက်ပျိုးထားခြင်းကြောင့်လည်း သဘာဝလေပြင်းမုန်တိုင်းဒဏ်ခံနိုင်ရည်စွမ်းရှိကာ အမြဲစိမ်းသစ်တောတစ်ခုကို မိမိတို့လက်ဖြင့် စတင်ဖန်တီးနိုင်တော့မည် ဖြစ်ပေသည်။

## မန်ကျန်ရှားမှ သစ်ထုတ်လုပ်ခြင်းနှင့်အကျိုးပြုပုံ

မန်ကျန်ရှားကို စတင်စိုက်ပျိုးသည့်ကာလမှ ၁၀ နှစ်အတွင်းတစ်ဧက စိုက်ပျိုးထိန်းသိမ်းစရိတ်သည် စုစုပေါင်းကျပ်သိန်း ၁၀၀ ခန့်ရှိမည်ဆိုပါစို့ တစ်ဧကလျှင်အပင် ၉၀၀ စိုက်ပျိုးပြီး လေးနှစ်ငါးနှစ်အတွင်း ပင်ကြားတစ်ပင်ခုတ်၍ မျောတိုင်အဖြစ် ရောင်းချမည်ဆိုပါက အပင် ၄၅၀လျှင် တစ်ပင်အနိမ့်ဆုံး တစ်သောင်းကျပ်ဖြင့်တွက်စေကာမူ ကျပ်သိန်းပေါင်း ၄၅ သိန်းခန့် ရရှိနိုင်မည်ဖြစ်ပြီး အပင်မှထွက်ရှိသော ပိုလျှံသစ်မာများကလည်း အရည်အသွေးပြည့်ဝသော ထင်း၊ မီးသွေးစသော သဘာဝလောင်စာများကို အလေအလွင့်မရှိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ သုံးနှစ်-လေးနှစ်သား မန်ကျန်ရှားပင်မှရသော သစ်မာအသားကို တန်ဖိုးကြီးသော ပါကေးပြားများအဖြစ် ဈေးကွက်ဝင်မျက်နှာပန်းလှထိုးဖောက်နိုင်ရုံသာမက အခြေခံပြည်သူများအတွက် ဖိုးနည်းဝင်ပါ၊ တာရှည်ခံ၊ ခြကောင်မကိုက်မျောတိုင် (အိမ်တိုင်/ဆင့်တန်း)များအဖြစ် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရေးအတွက် အကျိုးပြုပေမည်။

မန်ကျန်ရှားပင်စိုက်ပျိုးပြီး ၁၀ နှစ်အကြာ သစ်ပင်သုံး-လေးပင်ခန့်တွင် သစ်တန်ချိန်တစ်တန်ခန့် ထွက်ရှိနိုင်သဖြင့် တစ်ဧကတွင် သစ်တန်ချိန် ၁၂၀ ခန့်ထိ ထွက်ရှိနိုင်ပါသည်။ ထို့ကြောင့် ယနေ့ကာလ သစ်မာပေါက်ဈေးအရ အနိမ့်ဆုံးငါးသိန်းဖြင့် တွက်ချက်ကြည့်မည်ဆိုလျှင် ကျပ်သိန်းပေါင်း (၆၀၀၀၀၀၀ဝိ/) ခြောက်ရာအောက်မနိမ့်သော ဝင်ငွေမျိုးရရှိနိုင်မည်ဖြစ်ပြီး အကျိုးအမြတ်အားဖြင့် ၅၀၀ရာခိုင်နှုန်းခန့် ရရှိခံစားနိုင်မည်ဖြစ်သည်။ မိမိတို့၏ဒေသပတ်ဝန်းကျင်ရှိ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပြုန်းတီးနေသော သဘာဝသစ်တောများတွင် ရော်ဘာပင်များအစားထိုးနေရာဝင်ယူထားသော်လည်း ဈေးကွက်အနေထားအရ စိတ်ပျက်နေကြရသည့် ရော်ဘာစိုက်တောင်သူများနှင့် စိုက်ပျိုးရေးဝါသနာရှင် တောင်သူများအနေဖြင့် လူသားများကြောင့်ပျက်စီးခဲ့ရသော တောတောင်များတွင် အမြန်ဖြစ်သစ်တောမျိုးဖြစ်သော မန်ကျန်ရှားပင်များ စိုက်ပျိုးဖြည့်တင်းနိုင်ခြင်းဖြင့် မိမိတို့သွေးချင်းတို့ မှီတင်းနေထိုင်ရာ နိုင်ငံတော်ကြီးနှင့်ကမ္ဘာကြီးကို စိမ်းလန်းစိုပြည်စေကာ နိုင်ငံသူ၊ နိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသားများ သမမျှတသော ဥတုရာသီနှင့်အတူ ကျန်းမာ၊ ချမ်းသာသုခ အဖြာဖြာ ပြည့်စုံနိုင်စေတော့မည် ဖြစ်ပါသည်။

# နှစ်ဆန်း ၁ ရက်နေ့က သက်ကြီး၊ ဝါကြီးများအားကန်တော့

**နေပြည်တော် ဧပြီ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၆ ရက်က ရခိုင်ပြည်နယ်၊ သံတွဲမြို့သို့ ရောက်ရှိပြီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်ထံသို့ ပြည်နယ်အတွင်းရှိ အသက် ၁၀၀ နှစ်နှင့်အထက် ဘိုးဘွား နှစ်ဦးအတွက် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာများနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ချီးမြှင့်ငွေ စုဆောင်းငွေ ၂၅ ရာခိုင်နှုန်းမှ ထောက်ပံ့ငွေကျပ် နှစ်သိန်းစီ နိုင်ငံတော်ကိုယ်စား လွှဲပြောင်းပေးခဲ့သည်။

ဧပြီ ၁၇ ရက်တွင် သံတွဲမြို့ မေတ္တာဝတီဘိုးဘွားရိပ်သာသို့ သွားရောက်ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးငွေကျပ် ၂၉၂၀၀၀၀၀ နှင့် ဘိုးဘွားများအတွက် ဝန်ကြီးဌာနက လှူဒါန်းသည့် နှစ်သစ်ကူး အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ကန်တော့ပြီး အားပေးစကားပြောကြားသည်။

ဧပြီ ၁၈ ရက်တွင် သံတွဲခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးနှင့် သိုလှောင်ရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဧပြီ ၂၀ ရက်တွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ ဗဟိုကယ်ဆယ်ရေးဂိုဒေါင်သို့ သွားရောက်ကာ သဘာဝဘေးဖြစ်ပွားပါက ထောက်ပံ့နိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေနှင့် မိုးတွင်းကာလအတွင်း သိုလှောင်ရုံများအတွင်းသို့ ရေများဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် အောက်ကြမ်းခင်းပြင် ထပ်ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၃**

၂၀၁၅ ခုနှစ် ဧပြီ ၂၃ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အစ္စရေးနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဗစ်ဒေါ လီဘာမန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) သတင်းစာတိုက်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ ဧပြီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)သို့ ရောက်ရှိပြီး သတင်းစာတိုက် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဒုတိယဝန်ကြီးသည် သတင်းစာတိုက်အဆောက်အအုံနှင့် သိုလှောင်ရုံ ဆောက်လုပ်ပြီးစီးမှု၊ ပတ်လည်ပုံနှိပ်စက်နှင့် ဆက်စပ်စက်ကိရိယာများ တပ်ဆင်ပြီးစီးမှုတို့ကို လည်းကောင်း၊ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဝင်ထွက်လမ်းများ ဆက်လက်ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)ကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် တည်ဆောက်လျက်ရှိပြီး ယခုအခါ Naph Graphics Koncept 4 Hi Tower 2 Unit ရောင်စုံပတ်လည်ပုံနှိပ်စက်နှင့် SCREEN 8600 NS ရောင်စုံ ပလိပ်ကူးစက်တို့ကို တပ်ဆင်ပြီးဖြစ်၍ အကြိုပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ မကြာမီ နေ့စဉ်သတင်းစာများ ပုံနှိပ်ထုတ်ဝေနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)မှ နေ့စဉ်သတင်းစာများ ပုံနှိပ်ဖြန့်ချိနိုင်ချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၁ ခု၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် နှစ်ခုနှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်ခု စုစုပေါင်း မြို့နယ် ၃၀ မှ ဒေသခံပြည်သူများ၊ မြန်မာ့အလင်း၊ ကြေးမုံနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ သတင်းစာများအား ယခုထက် အချိန်စောစွာ ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ဆရာတော်များအား ချီးကျူးပူဇော်ပွဲကျင်းပ

**မိုးညို ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့ ဝေဇယန္တာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် တိုက်အုပ်ဆရာတော် အရှင်သူမြတ်တို့ကို ဘွဲ့တံဆိပ်တော်များ ချီးကျူးပူဇော်သည့် ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာပွဲကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ပူဇော်ပွဲအခမ်းအနားတွင် ဝေဇယန္တာပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနရာသဘာဘိဝံသမထေရ်မြတ်ထံမှ ငါးပါးသီလဆောက်တည်ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဘဒ္ဒန္တနရာသဘာဘိဝံသမထေရ်မြတ်ထံ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်သည်။ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦးက တိုက်အုပ်ဆရာတော်ဖြစ်သည့် ဘဒ္ဒန္တပညာဝုဓမထေရ်မြတ်ထံ ဆက်ကပ်ပူဇော်ကြသည်။ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေက အလှူတော်ငွေနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦးနှင့် တိုင်းဒေသကြီး သာသနာရေးညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌတို့က ပင့်သံဃာ အပါး ၂၁၀ တို့ထံသို့ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ခင်လတ်(မိုးညို)

# ရန်ကုန်မြို့၌ နိုင်ငံခြားဘဏ် Bank of Tokyo Mitsubishi UFJ (BTMU) ၏ ဘဏ်ခွဲဖွင့်

**ရန်ကုန် ဧပြီ ၂၂**

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားဘဏ်တစ်ခုဖြစ်သော Bank of Tokyo Mitsubishi UFJ (BTMU) ၏ ဘဏ်ခွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ (UFC) အဆောက်အအုံ ပထမထပ်ရှိ အဆိုပါရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ BTMU မှ အမှုဆောင်အရာရှိချုပ် Mr. Go Watanabe၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဧည့်သည်တော်များ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားဘဏ်များအား လက်ကား ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုလုပ်ရာတွင် ဂျပန်နိုင်ငံ၏ အကြီးဆုံးဘဏ်ကြီးများထဲမှ တစ်ခုဖြစ်သည့် BTMU ဘဏ်သည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံးဘဏ်ခွဲ ဖွင့်လှစ်၍ လုပ်ငန်းစတင် ဆောင်ရွက်သည့် ဘဏ်ဖြစ်ပါ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ BTMU ဘဏ်သည် ၁၉၁၉ ခုနှစ်နောက်ပိုင်းတွင် စတင်တည်ထောင်ခဲ့ပြီး Mitsubishi UFJ Financial Group ၏ အဓိကလုပ်ငန်းဌာနခွဲတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံပေါင်း ၄၀ တွင် ဘဏ်ခွဲပေါင်း ၇၅ ခုနှင့် ဂျပန်နိုင်ငံအတွင်း ဘဏ်ခွဲပေါင်း ၇၇၀ ခန့် ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းတွင် ပြည်တွင်းဘဏ်များနှင့် ဂျပန်နိုင်ငံ၏ ဘဏ်များ ပိုမိုပူးပေါင်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအတွက် အထောက်အကူပြုမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ဂျပန်ဘဏ်ကြီးများ၏ အတွေ့အကြုံ စည်းမျဉ်း၊ စည်းကမ်းထိန်းသိမ်းဆောင်ရွက်မှု၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှုတို့အတွက် ဆောင်ရွက်ပုံ နည်းစနစ်များကို လေ့လာသင်ယူပြီး လက်တွေ့ပြန်လည်အသုံးချသွားနိုင်ရေး ဖြန့်ဝေပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်တိုးတက်ခိုင်မာရေးအတွက် အစွမ်းကုန် လက်တွဲ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ BTMU မှ အမှုဆောင်အရာရှိချုပ် Mr. Go Watanabe က ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသောကြောင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi ကလည်း မြန်မာ-ဂျပန် ကာလရှည် ချစ်ခင်ရင်းနှီးပြီးသား ဆက်ဆံမှုအရ စီးပွားရေးကဏ္ဍအတွက် ပံ့ပိုးပေးရန် ဘဏ်လုပ်ငန်း လာရောက်လုပ်ကိုင်ခွင့် ရရှိသဖြင့် ဂျပန်-မြန်မာ ဆက်သွယ်ဆောင်ရွက်ရမှု လုပ်ငန်းအဝဝကို အဆင်ပြေချောမွေ့စေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် BTMU ဘဏ်ခွဲမန်နေဂျာက လည်းကောင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူစကားများ ပြောကြားခဲ့ပြီး ရုံးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာ သင်တန်းများ၊ သင်တန်းကျောင်းများ တည်ထောင်ရေး အထောက်အကူပြုပစ္စည်းများအတွက် အလှူငွေပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ဘက်စုံပညာထူးချွန်လူငယ် အစီအစဉ်များနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းနိုင်

**နေပြည်တော် ဧပြီ ၂၂**

၁၉၆၄ ခုနှစ်မှစတင်၍ ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်း အစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်အဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့သည်။

ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ဘက်စုံပညာထူးချွန် လူငယ် ၁၇၆ ဦးတို့အား စိစစ်ရွေးချယ်ထားပြီးဖြစ်သည်။

အဋ္ဌမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် အင်းလေးအပန်းဖြေစခန်းနှင့် ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းတို့ကို ဧပြီ ၂၅ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စခန်းဝင်စဉ်ကာလအတွင်း ကင်းထောက်သင်တန်းပေးခြင်း၊ လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် လေ့လာရေးခရီးစဉ်တို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

ဘက်စုံပညာထူးချွန်လူငယ် စုပေါင်းအပန်းဖြေစခန်းအဖြစ် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရွာ၌ မေ ၅ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေပြည်တော်အတွင်း လေ့လာရေးခရီးစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အတန်းတစ်တန်းစီအတွက် အပန်းဖြေစခန်းတစ်ခုစီ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ သုံးနှစ်ဆက်တိုက်ရွေးချယ်ခံရပါက စခန်းသုံးခုစလုံး၌ အပန်းဖြေခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းရယူလိုသည့် မီဒီယာများအနေဖြင့် ဘက်စုံပညာထူးချွန်လူငယ်စခန်းများနှင့်ပတ်သက်၍ ဒေါက်တာစိုးမြင့်ထွန်း(ပုဂံစခန်းမှူး) ဖုန်း-၀၉-၂၀၀၃၂၃၆၊ ဦးချစ်ဆွေ(အင်းလေးစခန်းမှူး) ဖုန်း ၀၉-၅၂၁၃၅၅၅၊ ဦးအောင်ကျော်ထွန်း(ငွေဆောင်စခန်းမှူး) ဖုန်း ၀၉-၈၅၃၂၂၉၆ နှင့် ဦးစိုးဝင်း(နေပြည်တော် စုပေါင်းစခန်းမှူး) ဖုန်း ၀၉-၄၀၂၅၁၃၅၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(ပညာရေး)

# သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေထောက်ပံ့ပေးဝေ

**လပွတ္တာ ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ နွေရာသီတွင် သောက်သုံးရေရှားပါးသည့် ကျေးရွာများဖြစ်သော ကျောက်ဖျာလေးကျေးရွာ၊ တောင်ယာကြီးစုကျေးရွာနှင့် ပိတောက်ကုန်းကျေးရွာများသို့ ဧပြီ ၂၀ ရက်က လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များနှင့် ရွှေမိုးစက် စေတနာရှင်လူမှုရေးအဖွဲ့တို့က ယင်းကျေးရွာများအရောက် သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ သောက်သုံးရေ ဖြန့်ဝေပေးရာတွင် ကျောက်ဖျာလေးကျေးရွာသို့ ရေဂါလန် ၁၈၀၀၊ ပိတောက်ကုန်းကျေးရွာသို့ ရေဂါလန် ၁၈၀၀ နှင့် တောင်ယာကြီးစုကျေးရွာသို့ ရေဂါလန် ၈၀၀ စုစုပေါင်း ရေဂါလန် ၄၂၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၀)နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲ အခမ်းအနား၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# အာရှ-အာဖရိကနိုင်ငံများအကြား ပိုမိုတည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုကိုရှေးရှုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

ဂျကာတာ ဧပြီ ၂၂

**အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဂျကာတာမြို့ရှိ ကွန်ဗင်းရှင်းစင်တာ၌ ဒေသစံတော်ချိန် ယနေ့နံနက် ၉ နာရီခွဲက စတင်ဖွင့်လှစ်သည့် (၁၀)နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တက်ရောက်လာကြသည့် အာရှ-အာဖရိကနိုင်ငံများမှ အကြီးအကဲများအား အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက ကွန်ဗင်းရှင်းစင်တာ၌ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၁၀)နှစ်ပြည့် အာရှ-အာဖရိကထိပ်သီး ညီလာခံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နရိန္ဒြာမိုဒီ၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ နဝပ်ရှာရစ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ ဗီယက်နမ်နိုင်ငံ သမ္မတ တုရင်တန်ဆန်း၊ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာရွတ်ချန်အိုချာ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ အယ်လ်ဂျီးရီးယားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ တောင်အာဖရိကနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်တို့မှ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်ကြသည်။




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

အဆိုပါ (၁၀)နှစ်ပြည့် အာရှ-အာဖရိကထိပ်သီးညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အင်ဒိုနီးရှားယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ အတွင်း ဒုတိယကမ္ဘာစစ်အပြီး စစ်အေးတိုက်ပွဲကာလတွင် အာရှ-အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများသည် နိုင်ငံလွတ်မြောက်ရေးနှင့် လွတ်လပ်ရေးရရှိရန် ရုန်းကန်လှုပ်ရှားတိုက်ပွဲဝင်ခဲ့ကြပါကြောင်း၊ ထိုကာလအတွင်း လွတ်လပ်ရေးရပြီးစ နိုင်ငံများ၏ တူညီထက်သန်သည့်ဆန္ဒမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် နိုင်ငံ၏ အချုပ်အခြာကို တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုကို အခြေခံသည့် နိုင်ငံတကာဆက်ဆံရေးပုံစံသစ် တည်ဆောက်ရန် ဖြစ်ပါကြောင်း။

လွတ်လပ်ပြီးစ နိုင်ငံများ၏ ထက်သန်ပြင်းပြသည့် ရည်မှန်းချက်များကို တုံ့ပြန်သည့်အနေဖြင့် အာရှ-အာဖရိကနိုင်ငံများမှ ခေါင်းဆောင်များသည် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေခံမူများအနက် အဓိကရပ်တည်ချက်ဖြစ်သည့် ၁၉၅၅ ခုနှစ် အာရှ-အာဖရိက ညီလာခံတွင်ချမှတ်ခဲ့သည့် ဘန်ဒေါင်း အခြေခံမူ (၁၀)ချက်ကို မဟာဗျူဟာမြောက် ရည်မှန်းချက် သမိုင်းမှတ်တိုင်အဖြစ် ရဲဝံ့စွာ ဖော်ထုတ်ခဲ့ကြပါကြောင်း။

ဘန်ဒေါင်း အခြေခံမူ(၁၀) ချက်သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ထိန်းသိမ်းရန်ဆိုသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဋိညာဉ်စာတမ်းပါ မွန်မြတ်သည့် ရည်ရွယ်ချက်နှင့် အခြေခံမူများနှင့် အညီ လက်ရှိအဖွဲ့ဝင်နိုင်ငံ ၁၂၀ ရှိသည့် ဘက်မလိုက်လှုပ်ရှားမှုကို ပေါ်ပေါက်စေခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့်အတူ ၁၉၅၅ ခုနှစ်၌ ပထမဆုံး ဘန်ဒေါင်းညီလာခံကို ပူးတွဲအဆိုပြုခဲ့သည့် ငါးနိုင်ငံထဲ၌ ပါဝင်သည်ကို ဂုဏ်ယူစွာ ပြောကြားလိုပါကြောင်း။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှု တိုးတက်စေရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း ခေါင်းစဉ်နှင့် အာရှ-အာဖရိကညီလာခံ၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ် (ဘန်ဒေါင်းညီလာခံ) ကို အမှတ်ရစေရန် မိမိတို့အားလုံး ဤနေရာတွင် ရောက်ရှိနေခြင်းအတွက် ကျေနပ်အားရဖြစ်မိပါကြောင်း။

အာရှ-အာဖရိက နိုင်ငံများအကြား ပိုမိုတည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုကိုရှေးရှုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်စေရန်နှင့် အစွန့်ရှည်တည်တံ့စေရန် မိမိတို့ ထပ်မံကတိပြုပါကြောင်း ပြောကြားသည်။

ထို့နောက် အာရှ-အာဖရိက ထိပ်သီးညီလာခံများ၏ မျက်နှာစုံညီအစည်းအဝေးကို ဒေသစံတော်ချိန် ယနေ့နံနက် ၁၀ နာရီက စတင်ကျင်းပရာ ပထမမြောက်နေ့ အနေဖြင့် သုံးကြိမ်တိုင်တိုင် ဆွေးနွေးမှုများ ပြုလုပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက ထိပ်သီးညီလာခံသို့ တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များအား ဂုဏ်ပြုသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**




အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်ကြသည့် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်း-ဧ (သတင်းစဉ်)



## ရင်းရင်းနှီးနှီး နှုတ်ဆက်

အာရှ-အာဖရိက ထိပ်သီးညီလာခံသို့ တက်ရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ဂုဏ်ပြုသည့် ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ရာ အင်ဒိုနီးရှားသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်း-ဧ (သတင်းစဉ်)

# မြေကမ္ဘာနေ့ (၄၅)နှစ် ပြည့်ခဲ့ပြီ

**ရန်ကုန် ဧပြီ ၂၂**

ယနေ့သည် မြေကမ္ဘာနေ့ ဖြစ်သည်။လွန်ခဲ့သည့်နှစ်ပေါင်း ၄၅ နှစ် (၁၉၇၀ ပြည့်နှစ် ဧပြီ ၂၂ ရက်) တွင် အမေရိကန်နိုင်ငံ၌ မြေကမ္ဘာနေ့ အဖြစ် စတင်ကျင်းပခဲ့ပြီး အမေရိကန် ပြည်သူများ၊ တက္ကသိုလ်ကောလိပ်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပါဝင်ဆင်နွှဲခဲ့ရာမှ ယခုအခါ၌ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ နီးပါးက နှစ်စဉ် ကျင်းပလျက်ရှိသည်ဟု သိရသည်။

ယနေ့ကမ္ဘာမြေသည် လူဦးရေ တိုးပွားလာခြင်းကြောင့် စိုက်ပျိုးမြေများချဲ့ထွင်လာခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်း၊ အမှိုက်နှင့်အညစ်အကြေးများ၊ စက်ရုံများ၊ လူနေအိမ်များမှစွန့်ပစ်လိုက်သည့် ရေဆိုးရေညစ်များ၊ စိုက်ပျိုးရေးတွင် ပိုးသတ်ဆေးများသုံးစွဲလာခြင်း၊ မြေဆီလွှာများ ပျက်စီးခြင်း အစရှိသည်တို့ကြောင့် သက်ရှိတို့၏ ကောင်းမွန်မှုတသည့် ဂေဟစနစ်များ လျော့ပါးလာခြင်းတို့သည် မြေကမ္ဘာ၏အနာဂတ်ကို အဟန့်အတားဖြစ်စေကြောင်း သိရသည်။

ထို့ကြောင့် မြေကမ္ဘာကိုတန်ဖိုးထားရန် လူသားတို့အနေဖြင့် တာဝန်ရှိသည်ဟု မြေကမ္ဘာနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ယနေ့ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ယနေ့သည်မြေကမ္ဘာနေ့ဖြစ်ပြီး နိုင်ငံတိုင်း နိုင်ငံတိုင်းအပေါ် သက်ရောက်မှုရှိနေသော ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ မြင့်မြင့်မားမားရည်မှန်းထားပြီး အခွန့်ရှည်တည်တံ့သော အပြည်ပြည်ဆိုင်ရာ သဘောတူညီမှု၏ဦးတည်ချက်များအပေါ် ရပ်တန့်ဆင်ခြင်သုံးသပ်ရန်နှင့် ထပ်လောင်းအားထုတ် ဆောင်ရွက်ကြရန် အခိုက်အတန့်တစ်ခု ဖြစ်ကြောင်း၊ လေထုထဲမှ ကာဗွန်ဓာတ်ငွေ့များ လျော့ပါးသော ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သော၊ ပို၍လုံခြုံစိတ်ချစည်ပင်ဝပြောသော နေ့တစ်နေ့ဖြစ်စေရန် တိုက်တွန်းထားကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

*** ကျောဖုံးမှ**

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သကဲ့သို့ ၂၀၁၄ ခုနှစ် မတ် ၃ ရက်တွင်လည်း နေပြည်တော်၌ကျင်းပသည့် တတိယအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## အသက်မွေးဝမ်းကျောင်း သင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ အသက် ၁၈နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် သုံးလသင်တန်းများဖြစ်သော ကွန်ပျူတာ၊ ပိုးဇာပုံနှိပ်၊ ဓာတ်ပုံ၊ ဆံသနှင့် တစ်နှစ်သင်တန်းဖြစ်သော အီလက်ထရွန်းနစ်သင်တန်းများကို မေ ၁၁ ရက်တွင် ဖွင့်လှစ်မည်။

တက်ရောက်လိုသူများသည် အထက်ပါ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းနှင့် ဖုန်း ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၀၁၂၄၈၄၀ နှင့် ၀၉-၅၀၃၄၆၉၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

# လန်ပိအထ္တာဝါအမျိုးသားဥယျာဉ်၌ ငှက်မျိုးစိတ်နှင့် နို့တိုက်သတ္တဝါမျိုးစိတ်များ ဆန်းစစ်လေ့လာ

**နေပြည်တော် ဧပြီ ၂၂**

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းကို အလေးထား ဆောင်ရွက်လျက်ရှိရာ ရှိပြီးသား အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များကို စနစ်တကျ ထိန်းသိမ်းထားရှိသကဲ့သို့ မျိုးစိတ်အသစ်များ တွေ့ရှိလျှင်လည်း မျိုးစိတ်လေ့လာဖော်ထုတ်ကာ ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။

သစ်တောဦးစီးဌာနနှင့် အီတလီနိုင်ငံအခြေစိုက် Istituko Oikos တို့ ပူးပေါင်း၍ ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်အကောင်အထည်ဖော်ရန် MOA လက်မှတ်ရေးထိုးပြီး စီမံချက်အကောင်အထည်ဖော်ခြင်းအဖြစ် Oikos ကျွမ်းကျင်ပညာရှင်များနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ လန်ပိအထ္တာဝါအမျိုးသားဥယျာဉ်အတွင်း လန်ပိကျွန်းမကြီးနှင့် အရံကျွန်းများတွင် ငှက်မျိုးစိတ်များနှင့် နို့တိုက်သတ္တဝါမျိုးစိတ် များ ဆန်းစစ်လေ့လာခြင်း စနစ်ရေးဆွဲရေးဆိုင်ရာ ကွင်းဆင်းလုပ်ငန်းကို မတ် ၉ ရက်မှ ၂၁ ရက်အထိဆောင်ရွက်ခဲ့သည်။

ကွင်းဆင်း လေ့လာချက်အရ လန်ပိအထ္တာဝါအမျိုးသားဥယျာဉ်တွင် ငှက်မျိုးစိတ် ၁၂၀ နှင့် နို့တိုက်သတ္တဝါမျိုးစိတ် ၁၉ မျိုးရှိကြောင်းသိရပြီး မျိုးစိတ်များ စာရင်းကောက် မှတ်တမ်းတင်ခြင်း၊ အချက်အလက်များကို ကွန်ပျူတာဖြင့် သိမ်းဆည်းခြင်း၊ အဆင့်မြင့်နည်းပညာဖြစ်သည့် မျိုးစိတ်ဆန်းစစ်လေ့လာခြင်းကို အသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း၊ နို့တိုက်သတ္တဝါများအတွက် ကင်မရာထောင်ချောက်များ တပ်ဆင်သည့် နည်းပညာနှင့် ခြေရာအမှတ်အသားများ လေ့လာသည့် နည်းစနစ်များကို ဒေသခံ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကင်မရာထောင်ချောက်များမှ ဓာတ်ပုံများကို မျိုးစိတ်ခွဲခြားခြင်း ဆောင်ရွက်ခဲ့သဖြင့် ဝန်ထမ်းများ၏ ဘာသာရပ်ဆိုင်ရာ ပညာရပ်များ တိုးတက်မြင့်မားလာခဲ့ကြောင်း၊ အခြားဘေးမဲ့တောဥယျာဉ်များတွင် ယင်းနည်းပညာများကို အသုံးပြု၍ တိရစ္ဆာန်မျိုးစိတ်များကို ဆန်းစစ်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



◆ ရွှေဖုံးမှ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့၏ အနောက်မြောက်ဘက် မိုင် ၃၀ ခန့်အကွာ၊ ကလေး-တမူးကားလမ်း လက်ဝဲဘက် နှစ်မိုင်ခန့်အကွာ၊ ရာဇဂြိုဟ်ကျေးရွာအနီးတွင် တည်ဆောက်နေပါသည်။

ရာဇဂြိုဟ်ဆည်ကြီးမှာလည်း ချင်းတောင်တန်းပေါ်ရှိ ရိဒ်ရေကန်ကဲ့သို့ သာယာလှပနေပါသဖြင့် ကလေးမြို့သို့ လာရောက်သည့် ဘာသာရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ လာရောက်အပန်းဖြေစရာ ကလေးမြို့၏ တန်ဖိုးကြီးမားလှသည့် ဆည်ကြီးတစ်ခု ဖြစ်ပါသည်။

ယခုအခါ အဆိုပါဆည်ကြီးအား တည်ဆောက်ဆဲဖြစ်ရာ လာမည့် မဝေးတော့သည့် ၂၀၁၅-၂၀၁၆ခုနှစ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ပါသည်။ ရာဇဂြိုဟ် ရေလှောင်တမံဘက်စုံ စီမံကိန်းသည် ရေဆင်းဧရိယာ ၁၃၀ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၂၄၇၇၈၀ ဧကပေ၊ တမံအမျိုးအစားမြေသားတမံ၊ တမံအလျား ၁၃၆၈၀ ပေ၊ တမံအမြင့် ၁၆၅ပေ၊ တမံရေပြင်ကျယ်ဧရိယာ ၉၈၀ ဧက၊ ရေပေးမြောင်းမကြီးအလျား ၁၂ ဒသမ ၇၁ မိုင်၊ လက်တံမြောင်း ငါးမြောင်းအလျား ၂၀ ဒသမ ၆၂ မိုင်နှင့် ရေပေးအဆောက်အအုံ ၈၅၉ ခုဖြစ်ပါသည်။

အဆိုပါ ဆည်ကြီးတည်ဆောက်ပြီးစီးပါက လယ်မြေဧရိယာ ၈၅၀၀ ဧကကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် ရေအားလျှပ်စစ် တပ်ဆင်ခြင်းမှာ နှစ်မဂ္ဂါဝပ် နှစ်လုံး စုစုပေါင်း လေးမဂ္ဂါဝပ်ဖြင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ကီလိုဝပ်နာရီ သန်းပေါင်းထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။ ကလေးမြို့တစ်မြို့လုံးကို လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများမှာ စီးပွားရေးလုပ်ငန်းများကို ယခင်ထက်တိုးချဲ့ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ယခုအခါ နေရဥ္စရာချောင်းကို ၁၇-၂-၂၀၁၅ ရက်နေ့မှ စတင်ပိတ်ပြီး ရေသိုလှောင်နေပြီ ဖြစ်ပါသည်။ ရာဇဂြိုဟ်ဆည်နှင့် မြစ်သာမြစ်အကြား မိုင် ၃၀ ခန့်အတွင်းမှာ ချောင်းရေစီးဆင်းမှု ခေတ္တခဏ လျော့နည်းသွားမည် ဖြစ်သော်လည်း ဆည်အောက်ဘက်ရှိအချို့နေရာများရှိစိမ့်စမ်းရေများ၊ လျှိုမြောင်များ၊ ချောင်းသွယ်များမှ ၎င်းချောင်းထဲသို့ စီးဆင်းဝင်ရောက်လျက် ရှိနေပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)မှ နေရဥ္စရာ ချောင်းပိတ်ပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နေစဉ် ကာလအတွင်းတာဝန်ရှိသူများသည် ဆည်အောက်ဘက်ရှိ ကျေးရွာ တစ်ရွာချင်းအလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ ရပ်မိရပ်ဖများထံသို့ သွားရောက်တွေ့ဆုံ၍ ရေရရှိရေးလုပ်ငန်းများညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ဌာနမှ စက်ယန္တရားများဖြင့် ရေကန်တူးဖော်ခြင်း၊ ရေကန်များတွင် လက်နှိပ်တိုကင်များတပ်ဆင်ပေးခြင်း၊ ရေတွင်းတူးဖော်ခြင်းနှင့် ရေတွင်းထဲသို့ ကျောက်ခွေချခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရာဇဂြိုဟ်ကျေးရွာတွင် ရေကန်ခုနစ်ကန်နှင့် ရေတွင်း ငါးတွင်း၊ အရှေ့ခုံသာကျေးရွာတွင် ရေကန် နှစ်ကန်၊ အနောက်ခုံသာကျေးရွာတွင် ရေကန် သုံးကန်၊ ကြက်ဖနက် ကျေးရွာတွင် ရေကန် သုံးကန်၊ ကံသာကျေးရွာတွင် ရေကန်နှစ်ကန် စုစုပေါင်း ရေကန် ၁၇ ကန်နှင့်၊ ရေတွင်း ငါးတွင်းတူးဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

ထပ်မံ၍ ရာဇဂြိုဟ် ကျေးရွာအတွက် ရေတွင်းတစ်တွင်း၊ အရှေ့ခုံသာကျေးရွာအတွက် ရေကန်သုံးကန်၊ အနောက်ခုံသာကျေးရွာအတွက် ရေကန်တစ်ကန်နှင့် ရေတွင်း ၁၀ တွင်း၊ ကြက်ဖနက်ကျေးရွာအတွက် ရေတွင်းနှစ်တွင်း၊ ကံသာကျေးရွာအတွက် ရေကန်သုံးကန်နှင့် ကံဦးကျေးရွာအတွက် ရေကန်နှစ်ကန် စုစုပေါင်း ရေကန် ကိုးကန်နှင့် ရေတွင်း ၁၃ တွင်း တူးဖော်ခြင်းကို ယခုရက်ပိုင်းအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ဆည်မြောင်းဦးစီးဌာနတာဝန်ရှိသူများနှင့် ကြက်ဖနက်ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ကြက်ဖနက်ကျေးရွာမှ ဦးကျော်ဝင်းက "အခုအချိန်မှာတော့ ကျွန်တော်တို့ရွာအနေဖြင့် ရေအခက်အခဲမရှိပါဘူး။ နောင်အခက်အခဲရှိလာမယ်၊ မရှိလာဘူးကတော့ မသိဘူးပေါ့။ အခက်အခဲရှိလာခဲ့ရင် ကျွန်တော်တို့ရွာမှ လာအကြောင်းကြားပါ့မယ်။ အဲဒီအခါကျတော့ ကူညီလုပ်ဆောင်ပေးပါ" ဟုပြောကြားခဲ့ပါသည်။


ရာဇဂြိုဟ်ဆည်အား တွေ့ရစဉ်။

ရာဇဂြိုဟ်ကျေးရွာမှ ကိုအောင်ဆန်းဦးကလည်း "ကျွန်တော်တို့ရွာမှာ ဆည်မပိတ်ခင် သုံးနှစ်ခန့်က ရေတစ်စည်ကို ငွေကျပ် ၇၀၀ ကျော်ပေးဝယ်သုံးခဲ့ရပါတယ်။ အခုအချိန်မှာတော့ နေရဥ္စရာချောင်းကို ပိတ်လိုက်လို့ ချောင်းအတွင်း ရေဆင်းချိုးလို့ မရတော့ပေမယ့်ရေတွင်း၊ ရေကန်တွေ တူးဖော်ပေးထားတဲ့အတွက် သောက်ရေသုံးရေအတွက် အဆင်ပြေပါတယ်၊ ရေရောင်းတဲ့သူလည်း များလာတဲ့အတွက် ရေတစ်စည်ကို အခုအချိန်မှာကျပ် ၅၀၀ သာပေးရပါတယ်" ဟု ပြောကြားခဲ့ပါသည်။

အဆိုပါ နေရဥ္စရာချောင်း၏ နှစ်စဉ်ပျမ်းမျှစီးဝင်ရေမှာ ၂၄၇၇၈၀ ဧကပေ ဖြစ်ပြီး တမံအတွင်းရေသိုလှောင်ထားရှိမည့်ပမာဏမှာ ၅၂၀၀၀ ဧက ပေဖြစ်သဖြင့် ပိုလျှံသောရေ ၁၉၂၇၈၀ ဧကပေမှာ ရေပိုလွှဲမှ တစ်ဆင့် နေရဥ္စရာချောင်းထဲသို့ ပြန်လည် စီးဆင်းဝင်ရောက်သွားမည် ဖြစ်ပါသည်။

တမံရေပြည့် သိုလှောင်မည့်ကာလ ငါးလခန့် ကြာမည်ဖြစ်ပါ၍ ဇူလိုင်လကုန်မှ စတင်ပြီး နေရဥ္စရာချောင်းရေမှာယခင်သဘာဝအတိုင်း ချောင်းရေမပြတ် စီးဆင်းနေမည်ဖြစ်ပါသဖြင့် ချောင်းအတွင်းဂေဟစနစ်များပျက်စီးသွားနိုင်ခြင်းရှိမည်မဟုတ်ပါ။ မျက်စိကိုမှိတ်၊ မြင်ကွင်းကိုကြည့်၊ အလှတရားကိုဖန်ဆင်း၊ အာရုံများခံစားကြည့်လျှင် ကလေးမြို့၏ အသည်းနှလုံးဖြစ်သည့် အပန်းဖြေသွားလာနိုင်မည့် ရာဇဂြိုဟ်ဆည်ကြီးကို မြင်တွေ့ရတော့မည်ဖြစ်ပါသည်။

ယင်းဆည်ရေများကို ရေပေးတူးမြောင်းများထဲသို့ ထုတ်လွှတ်ပေးပို့၍ နွေစပါး၊ မိုးစပါး၊ ပဲမျိုးစုံ၊ နေကြာစသည်တို့ကို နွေမိုးဆောင်းရာသီမရွေး ဆည်ရေပေးဝေစိုက်ပျိုးနိုင်မည်ဖြစ်၍ ဆည်ရေပြင် ဖွေးဖွေးမြသားကမ္ဗလာ လွှမ်းခြုံနေသည့် ရှုမဆုံးသည့် လယ်ကွင်းပြင်ကြီးများကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ထို့အပြင် ရေအားလျှပ်စစ်များ ရရှိလာမည်ဖြစ်သည့်အတွက် အဆိုပါဒေသမှာ ထိန်ထိန်ဝေဆာ မီးပဒေသာများကိုလည်း မြင်တွေ့ရမည်ဖြစ်ပါသည်။

ဆန်ရေစပါးသည် လူသားတိုင်း၏ အသက်သွေးကြောဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားဆောင်ရွက်ကြပါသည်။ ဆန်ရေစပါးပေါများစေရန် ရှေးမြန်မာမင်းများလက်ထက်ကတည်းကဆည်၊ ကန်၊ တာတမံများ တူးဖော်တည်ဆောက်ခဲ့ကြပါသည်။

အလောင်းမင်းတရားလက်ထက် ရွှေဘိုခရိုင်ဒေသတွင် လည်းကောင်း၊ အနော်ရထာမင်းလက်ထက် ကျောက်ဆည်လယ်တွင်း ကိုးခရိုင်တွင် လည်းကောင်း၊ ဆည်၊ ကန်၊ တာတမံများ တူးဖော်တည်ဆောက်ခဲ့သဖြင့် စိုက်ပျိုးရေး၊ သောက်သုံးရေ လုံလောက်စွာရရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို မြင်တွေ့ခဲ့ရပါသည်။

အရှေ့ခုံသာကျေးရွာမှ ဦးဝင်းမောင်က "ရာဇဂြိုဟ်ဆည် တည်ဆောက်ခြင်းဟာ သားရွှေအိုးကြီး သုံးလုံးထမ်းလာတာနဲ့ တူတယ်လို့ ပြောလို့ရပါတယ်။ ပထမ ရွှေအိုးကြီးတစ်လုံးကတော့ တင့်တယ်လှပတဲ့ ချင်းတောင်ရိပ်တောင်တန်းများနှင့် အပန်းဖြေနားနေစရာ ရာဇဂြိုဟ်ဆည်ကြီးဖြစ်ပြီး ဒုတိယရွှေအိုးကြီးတစ်လုံးကတော့ လူနေမှုဘဝ တိုးတက်မြင့်မားစေဖို့ ဆည်ရေနဲ့ မိုးစပါး၊ နွေစပါး၊ နေကြာ၊ ပဲအမျိုးမျိုး စိုက်ပျိုးနိုင်ခြင်းဖြစ်ပါတယ်။ တတိယရွှေအိုးကြီးတစ်လုံးကတော့ ထိန်ဝေဖြာငြီး လျှပ်စစ်မီးရရှိတာဖြစ်ပါတယ်။ ဒီတော့ ရာဇဂြိုဟ်ဆည်က သားရွှေအိုးကြီးထမ်း လာပြီပေါ့" လို့ ကွမ်းငုံလျက် ပီတိအပြုံးဖြင့် အားရကျေနပ်စွာပြောကြားခဲ့ပါသည်။

နေရဥ္စရာချောင်းကိုပိတ်၍ ရာဇဂြိုဟ်ဆည်တည်ဆောက်စဉ် ခေတ္တခဏအချိန်အတွင်း ဆည်အောက်ဘက်ရှိကျေးရွာအချို့ စီးဆင်းချောင်းရေနည်းပါးသွားမှု နှစ်လ သုံးလခန့်ရှိမည်ဖြစ်သော်လည်း ဤဆည်ကြီးပြီးမြောက်သွားပါက ပြည်သူလူထုအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် လူနေမှု အဆင့်အတန်း ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာမည့် ရလဒ်ကောင်းများကို နောင် သားစဉ်မြေးဆက်အထိ စဉ်ဆက်မပြတ် အကျိုးကျေးဇူးများ ရရှိခံစားရမည်မှာ လက်တစ်ကမ်းသာ လိုတော့မည်ဖြစ်ပါသည်။

ဤရာဇဂြိုဟ်ဆည်ကြီးက ဒေသခံပြည်သူလူထုများအတွက် အမှန်တကယ် အကျိုးပြုသွားမည့် ဆည်ကြီး တစ်ခုဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။


ရာဇဂြိုဟ်ဆည် တည်ဆောက်ရေး လုပ်ငန်းခွင်၌ လုပ်ငန်းများဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

---

○ ကျောဖုံးမှ

အသင်းလိုက်ပြိုင်ပွဲများဖြစ်သည့် စွန်ဖြတ်ပြိုင်ပွဲကို မေ ၂၃ ရက်၌ စတင်ယှဉ်ပြိုင်မည်ဖြစ်သည်။ တစ်ဦးချင်းပြိုင်ပွဲတွင် စွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်ပြိုင်ပွဲများပါဝင်ပြီး အသင်းလိုက် ပြိုင်ပွဲတွင် စွန်ဖြတ်ပြိုင်ပွဲ တစ်မျိုးသာ ပါဝင်ယှဉ်ပြိုင်စေခြင်း ဖြစ်သည်။

တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရွေးချယ်ချီးမြှင့်မည်ဖြစ်ပြီး အသင်းလိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုများ ချီးမြှင့်မည်ဖြစ်သည်။ တစ်ဦးချင်းပြိုင်ပွဲများတွင် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် ၁၇၀၀၀၀၊ တတိယဆုငွေကျပ် ၁၅၀၀၀၀ နှင့်နှစ်သိမ့်ဆုအဖြစ်ငွေကျပ်သုံးသောင်း ချီးမြှင့်မည်ဖြစ်သည်။

အသင်းလိုက် ဆုများအဖြစ် ပထမဆုငွေကျပ်နှစ်သိန်းခွဲ၊ ဒုတိယဆုငွေကျပ် နှစ်သိန်းနှစ်သောင်း၊ တတိယဆုငွေကျပ် နှစ်သိန်းနှင့် စတုတ္ထဆုငွေကျပ် ၁၇၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ ယင်းဆုများကို ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ မေ ၂၆ ရက် ညနေ ၅နာရီတွင် ချီးမြှင့်မည်ဖြစ်သည်။

# (၁၁၂) ကြိမ်မြောက်သွေးလှူ

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အကြံပေးဖြစ်သူ ဦးစန်းမောင်မြင့်(နန်းဦးလွင်-MAJapan) (လူမှုထူးချွန် ပထမအဆင့်)သည် လောက်ကိုင်ဒေသနှင့်ရခိုင်ပြည်နယ်တွင် တိုင်းပြည်အတွက် တိုက်ပွဲဝင်နေသော တပ်မတော်သားများကို ဂုဏ်ပြုသည့်အနေဖြင့် မေ ၂၀ ရက်က ရန်ကုန်မြို့ အမှတ်(၂)စစ်ဆေးရုံ (ခုတင်-၅၀၀)တွင် (၁၁၂)ကြိမ်မြောက် အဖြစ်စေတနာအလျောက် သွေးလာရောက်လှူဒါန်းသွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေးဇုန်သို့ ပြည်ထောင်စုအစိုးရအစီအစဉ်ဖြင့် ငွေကျပ် ၆၀၂ ဒသမ ၃၃၅ သန်း ထောက်ပံ့ပေးအပ်

**မုံရွာ မေ ၂၂**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလဆန်း ပိုင်းကစတင်ဖြစ်ပွား၍ လကုန်ပိုင်းတွင် ကြက်ငှက်တုပ်ကွေး (H5N1) ရောဂါကြောင့် ကြက်နှင့် ငုံးအားလုံးကို သုတ်သင်ရှင်းလင်းလိုက်ရသော မုံရွာမြို့ ကြက်၊ငုံးမွေးမြူရေးအထူးဇုန်ကြီးအတွင်းမှ ကြက်နှင့် ငုံးမွေးမြူသူများအတွက် ပြည်ထောင်စုအစိုးရအစီအစဉ်ဖြင့် ငွေကျပ် ၆၀၂ ဒသမ ၃၃၅ သန်း ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၂ ရက်က မုံရွာမြို့ ကြက်၊ငုံးမွေးမြူရေးဇုန်ခန်းမ၌ ကျင်းပခဲ့ရာ ဝန်ကြီးချုပ် ဦးသာအေးနှင့်အတူ ကြက်နှင့်ငုံးမွေးမြူသူများ စုံစုံလင်လင် တက်ရောက်သည်။

ကြက်၊ ငုံး မွေးမြူသူများသို့ ထောက်ပံ့ငွေပေးအပ်ပွဲတွင် ဝန်ကြီးချုပ် ဦးသာအေးက ပြည်ထောင်စုအစိုးရမှ ထောက်ပံ့သည့် အစီအစဉ်၊ မုံရွာ ကြက်၊ငုံးမွေးမြူရေးဇုန် ပြန်လည်ထူထောင်လျှင် ယခင်ဖြစ်ခဲ့သောအဖြစ်အပျက်များကို သင်ခန်းစာ၊ နမူနာယူ၍ မွေးမြူသူ တစ်ဦးချင်း၏စည်းကမ်းရှိမှု၊ လိုက်နာမှု၊ စည်းစည်းလုံးလုံး ဆောင်ရွက်တတ်မှုနှင့် ပြည်ပနိုင်ငံများအထိပါ လေ့လာဆောင်ရွက်ရန် စီစဉ်ထားမှုများကို မွေးမြူသူများသိရှိရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မုံရွာ ကြက်၊ငုံးမွေးမြူရေးဇုန်ဥက္ကဋ္ဌကရှင်းပြရာတွင် "ကြက်၊ ငုံးမွေးမြူရေးဇုန်မှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလပထမပတ်အတွင်းကစပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့တာ ပတ်ဝန်းကျင်ကို ရောဂါမပြန့်ဖို့အတွက် ဇုန်အတွင်းက ကြက်၊ငုံးအားလုံးကို မတ် ၃ ရက်မှာ အပြီး သုတ်သင်ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ သုတ်သင်ရှင်းလင်းပြီးတဲ့နောက် မွေး/ကုဦးစီးဌာနရဲ့ အကြံပြုချက်နဲ့ မွေးမြူရေးခြံများကို သန့်ရှင်းရေးဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မွေး/ကုဦးစီးဌာနကလည်း ရောဂါပိုးကင်းရှင်းကြောင်း ထုတ်ပြန်ထားပြီးဖြစ်သလို ဇုန်ကော်မတီအနေနဲ့လည်း ဇုန်ပြန်လည်ထူထောင်ရေးအတွက် မွေး/ကုဦးစီးဌာနနဲ့ ပူးပေါင်းပြီး ကြက်ပေါက်၊ ငုံးပေါက်တွေရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိသလို ၂၀၁၅ ခုနှစ် မေလမှာ ပြန်လည်စတင်မွေးမြူနိုင်ဖို့ စီစဉ်နေပါတယ်"ဟု ပြောပြသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးသာအေး က ပြည်ထောင်စုအစိုးရအစီအစဉ်ဖြင့် ထောက်ပံ့သော ဥစားကြက် မွေးမြူ သူများအတွက် ထောက်ပံ့ငွေကျပ် ၄၃၆ သန်း ခုနစ်သိန်းငါးထောင့် သုံးရာ ဆယ့်နှစ်ကျပ်ပြား ၅၀ ကိုလည်းကောင်း၊ ငုံးမွေးမြူသူများအတွက် ထောက်ပံ့ ငွေကျပ် ၁၆၅ သန်း ခြောက်သိန်းသုံးသောင်း တစ်ရာ့ငါးဆယ်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ ကြက်၊ငုံးမွေးမြူသူများက လက်ခံရယူသည်။

ပြည်ထောင်စုအစိုးရအစီအစဉ်ဖြင့် ထောက်ပံ့သော ငွေကျပ် ၆၀၂ ဒသမ ၃၃၅ သန်းကို မုံရွာ ကြက်၊ငုံးမွေးမြူရေးဇုန်ရှိ ဥစားကြက်မွေးမြူသူ ၁၃၆ ဦး၏ ဆုံးရှုံးသည့်ခြံ ၂၄၇ ဒသမ ၅ ခြံမှ ဥစားကြက် ၁၀၁၂၆၅ ကောင်အတွက် တစ်ကောင်လျှင် ၄၃၁၂ ဒသမ ၅၀ ကျပ်နှုန်းဖြင့် ငွေကျပ် ၄၃၆ သန်း ခုနစ်သိန်းငါးထောင့်သုံးရာဆယ့်နှစ်ကျပ်ပြားငါးဆယ်ကိုလည်းကောင်း၊ ငုံးမွေးမြူသူ ၅၂ ဦး၏ ၅၇ ခြံမှ ၃၂၁၃၀၀ ကောင်အတွက် ငုံးတစ်ကောင်လျှင် ၅၁၅ ဒသမ ၅၀ ကျပ်နှုန်းဖြင့် ၁၆၅ သန်း ခြောက်သိန်းသုံးသောင်းတစ်ရာ့ ငါးဆယ်ကျပ် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မုံရွာ ကြက်၊ငုံးအထူးဇုန်သည် မြို့၏ အရှေ့မြောက်ဘက် ငါးမိုင်ခန့်အကွာ သာစည်လမ်းမကြီးဘေးတွင် တည်ရှိသည်။ ကြက်၊ ငုံးမွေးမြူရေး အထူးဇုန်ကြီးအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ဖေဖော်ဝါရီလဆန်းမှစတင်၍ သတိထားစောင့်ကြည့်ရင်း ဇီဝလုံခြုံရေးကို မြှင့်တင်ဆောင်ရွက်ခဲ့သော်လည်း ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်၍ ဇုန်အတွင်း ကြက်၊ ငုံးများ စတင်သေဆုံးခဲ့ခြင်းဖြစ်သည်။ သေဆုံးမှုနှုန်းမှာ တစ်ရက်ထက်တစ်ရက် မြင့်တက်လာသောကြောင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် တိုင်းဒေသကြီး ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ကာကွယ်တားဆီးရေးအဖွဲ့ကိုဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရမည်းသင်းမြို့နယ်အတွင်း အသားတိုးကြက်မွေးသူများ ကြက်ပွဲစားများထံမှ ကြက်ဖိုးငွေမရရှိသေး၍ အခက်အခဲဖြစ်

**ရမည်းသင်း မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်သူများသည် တက်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် အသားတိုးကြက်မွေးမြူခြင်းလုပ်ငန်းကိုလည်း တိုးချဲ့လုပ်ကိုင်ကြရာ ယခုလရာသီတွင် ကြက်ပွဲစားများထံ ကြက်ရောင်းချပြီးဖြစ်သော်လည်း ကြက်ဖိုးငွေမရရှိကြသေးသဖြင့် များစွာအခက်အခဲရှိကြကြောင်း သိရသည်။

ယင်းသို့ အသားတိုးကြက်မွေးရာတွင် ကြက်ခြံဆောက်ခ သစ်ဝါးဖိုး အပါအဝင် ငွေကျပ် ၁၅ သိန်းကျော် ကုန်ကျမှုရှိကြောင်း၊ ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၁၀၀၀ ပေးရပြီး အကောင်နှစ်ထောင်မွေးမြူသော ကြက်ခြံတစ်ခြံလျှင် ကြက်စာဖိုးမပါ ကြက်ပေါက်ဖိုး ခြံဖိုးငွေကျပ် ၃၅ သိန်းဝန်းကျင် အရင်းရှိကြောင်း သိရသည်။

ကြက်စာကို ကုမ္ပဏီများမှ အကြွေးစနစ်ဖြင့် ရောင်းကြပြီး ကြက်ရောင်းပြီးပါကပြန်ဆပ်ကြရသည်။ ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင် ကြက်သား ဈေးမကောင်း၍ အသားတိုးကြက်မွေးမြူသူများ အရှုံးရှိကြသည်ဟု သိရသည်။

အသားတိုးကြက်မွေးမြူရာတွင် ၅၅ ရက်သားကျော်လျှင် ထုတ်ရောင်းကြသည်ဖြစ်ရာ ကြက်ပွဲစားများမှာ ရွာရှိကြက်ခြံများသို့ လာရောက်ဝယ်ယူကြပြီး ကြက်ချိန်ပြီး ငွေချေစနစ်ဖြင့် အရောင်းအဝယ်ပြုကြသည်။ ဈေးကွက်အရ အတန်ငယ်ပိုပေးပြီး ကြက်ပွဲစားတချို့မှာ အကြွေးစနစ်ဖြင့် ဝယ်ယူကြသည်။ ယင်းသို့ ဝယ်ယူရာတွင် ကြက်ပွဲစားနှင့် ကြက်ခြံရှင် နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် ကြက်ဖိုးငွေကို ၁၀ ရက်အတွင်း ပေးချေရန် ကတိပြုလက်မှတ်ရေးထိုးထားကြသော်လည်း ယနေ့ တစ်လခွဲကျော် ကြာသည့်အချိန်အထိ ကြက်ပွဲစားများထံမှ ကြက်ဖိုးငွေမရရှိသေးသဖြင့် အသားတိုးကြက်မွေးမြူကြသူများ အခက်အခဲဖြစ်နေကြသည်ဟု သိရသည်။

"ကြက်ဖိုးငွေပေးမယ်ပေးမယ်နဲ့ ချိန်းတာလည်း နှစ်လပြည့်တော့မယ်။ လောလောဆယ်ပေးစရာရှိတဲ့ ကြက်စာဖိုးပေးရမယ်။ ကျွန်တော်တို့ဘက်မှာ သက်သေရှိပါတယ်။ သက်ဆိုင်ရာနဲ့ တိုင်တောင်းရမယ့် အခြေအနေဖြစ်နေပြီ။ ခုတစ်ပတ်ကြက်မွေးတာတော့ အချိန်လည်းရှုံးတယ်၊ ငွေလည်းရှုံးတယ်"ဟု အသားတိုးကြက်မွေးသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ ကြက်ပွဲစားများထံမှ ကြက်ဖိုးမရရှိသေးသော အသားတိုးကြက်မွေးသူ မြို့နယ်အတွင်း၌ ၁၅ ဦးကျော်ရှိသည်ဟု သိရပြီး တစ်ခြံလျှင် ငွေကျပ်သိန်း ၃၀ ဝန်းကျင် ရရှိကြမည်ဖြစ်ကာ ကြက်ဖိုးငွေရရှိမည့်ရက်ကို မျှော်လင့်နေကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

## အောင်တော်မူနဂါးရုံဘုရား ဌာပနာပိတ်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကျင်းပ

**ပဲခူး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ပျဉ်ပုံကြီးစံပြကျေးရွာ တောရစွယ်တော်တိုက်၌ တည်ထားကိုးကွယ်သော အောင်တော် မူနဂါးရုံဘုရားဌာပနာပိတ်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အလှူရှင် ဦးကျော်ကျော်မိသားစုက ပြည်သူအများဖူးမြော်နိုင်ရန် လှူဒါန်းပြီး ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက်( နန္ဒာအောင်မြေကျောင်း) ဆရာတော် ဦးနိမလနှင့် ပဲခူးတိုင်းဒေသကြီး ပျဉ်ပုံကြီးစံပြကျေးရွာ တောရစွယ်တော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနေမိန္ဒ ဆရာတော်တို့ဦးစီးတည်ထား၍ ဌာပနာပိတ်ပွဲနှင့်ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာပွဲအခမ်းအနားတွင် ဝမ်းဘဲအင်းဘာဝနာရုံကျောင်း (ရပ်/ကျေး) သံဃနာယကဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက ရေစက်သွန်းချတရား ဟောကြားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




**နိဗ္ဗာန်ကိုရည်စူး၍ အမှတ်(၂၂)ဝဏ်ဘာလမ်း ဗဟန်းမြို့နယ်နေ ဦးလှမောင်-ဒေါ်ကျန်ရီမေ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ၂၀၁၅ နှစ်ဆန်း ၂ ရက်နေ့နှင့် ၂၀၁၆ မှစ၍ နှစ်စဉ်နှစ်ဆန်း ၁ ရက်နေ့တိုင်း ရာသက်ပန်ဆွမ်းတစ်နေ့တာအတွက် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။** (သတင်းစဉ်)

## လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများရှင်းလင်း

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် ဦးဆောင်သည့်အဖွဲ့က လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများကို မေ ၈ ရက် မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့ ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ဆောမြို့ပေါ်ရှိ သိရီ/ဇေယျာရပ်ကွက်မှ ပြည်သူများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့** အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။


### (၁၉၆၄-၁၉၈၈) လူရည်ချွန်များအား ဖိတ်ကြားခြင်း

၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်တန်းဘက်စုံပညာထူးချွန်လူငယ်များကို (၁၉၆၄-၁၉၈၈) လူရည်ချွန်များမှ သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၄-၄-၂၀၁၅ရက် (သောကြာနေ့)
**အချိန်** - ညနေ ၆း၃၀နာရီ
**နေရာ** - အထက (၁) လမ်းမတော်၊ မင်းရဲကျော်စွာလမ်း

**လူရည်ချွန် (၁၉၆၄-၁၉၈၈)အဖွဲ့**
**အလုပ်အမှုဆောင်အဖွဲ့**

### ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာအဆင့် ဘက်စုံထူးချွန်ဆု (လူရည်ချွန်) ရွေးချယ်ခြင်းခံရသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မှ-

| | | |
|---|---|---|
| ၁။ မောင်ဇေယျာလင်း | အဋ္ဌမတန်း | အလက (နဝရတ်) |
| ၂။ မပြည့်ပြည့်သော် | အဋ္ဌမတန်း | အထက-၁ (ကျိုက်ထို) |
| ၃။ မောင်အောင်ကျော်ခန့် | နဝမတန်း | အထက-၂ (ကျိုက်ထို) |
| ၄။ မခင်ချမ်းမြေ့လှိုင် | ဒသမတန်း | အထက-၂ (ကျိုက်ထို) |

တို့နှင့် ဘက်စုံထူးချွန်ဆုရရှိအောင် သင်ကြားပေးသည့် ဆရာ/ဆရာမများအား လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

**ဦးငွေးလွင်**
**ဒုတိယဥက္ကဋ္ဌ**
**မွန်ပြည်နယ်လွှတ်တော်**

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး နေပြည်တော်

### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒက္ခိဏသီရိမြို့နယ်တွင် ဒက္ခိဏခရိုင်တရားရုံးနှင့် ပုဗ္ဗသီရိမြို့နယ်တွင် ပုဗ္ဗသီရိမြို့နယ်တရားရုံး အဆောက်အအုံတို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ လုပ်ငန်းတစ်ခုချင်းအတွက် တင်ဒါပုံစံသီးခြားတင်သွင်းရပါမည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၄-၂၀၁၅ရက်(ကြာသပတေးနေ့)
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၅-၅-၂၀၁၅ရက်(တနင်္လာနေ့)
(ဂ) **တင်ဒါပုံစံတင်ရမည့်နေရာ** - ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန၊ ထောက်ပံ့ရေးဌာနခွဲ
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၂၆-၅-၂၀၁၅ရက်(အင်္ဂါနေ့)
(င) **တင်ဒါဖွင့်မည့်ရက်** - ၂၉-၅-၂၀၁၅ရက်(သောကြာနေ့)

(၂) **တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင်**
(က) ပုဗ္ဗသီရိမြို့နယ်တရားရုံး အဆောက်အအုံအတွက် ငွေကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့်လည်းကောင်း၊
(ခ) ဒက္ခိဏခရိုင်တရားရုံး၏အဆောက်အအုံအတွက် ငွေကျပ် ၃၀၀၀၀ိ/- (ကျပ်သုံးသောင်းတိတိ)ဖြင့်လည်းကောင်း ၂၃-၄-၂၀၁၅ရက်မှစတင်၍ (ရုံးချိန်အတွင်း) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ရုံးအမှတ် ၅၄၊ နေပြည်တော်၊ ဦးဇော်ဝင်းဆွေ ညွှန်ကြားရေးမှူး၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၃၀၃၂၄ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**
**ရုံးအမှတ် (၅၄)၊ နေပြည်တော်**

### ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၂)မှ ကျောင်းဆင်းဖက်သူငယ်ချင်းများ

တို့တစ်တွေရဲ့ (၃၃)နှစ်မြောက် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအတိုင်း ပြုလုပ်သွားပါမည်။

**နေ့ရက်၊ အချိန်** - **၃၀-၄-၂၀၁၅ရက်၊ ညနေ ၅နာရီ**
**နေရာ** - Panda Hotel၊ **ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်း ထောင့်**
**ဆက်သွယ်ရန် ဖုန်း** - **၀၉-၅၀၀၀၃၈၇၊ ၀၉-၅၀၁၉၃၆၄၊ ၀၁-၃၈၀၀၆၄**

### ပျောက်ဆုံးကြောင်း

ကျွန်မ မသန်းရွှေ ၁၃/ဆဆန(နိုင်)၀၃၁၃၁၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၃၅၀၇၅

### ဖြည့်စွက်ဖတ်ရှုပါရန်

၂၈-၃-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(ဃ)ပါ ကန့်ကွက်နိုင်ပါကြောင်း သဃ်န်းကျွန်းမြို့နယ်၊ ထွန်းသ၊ မောင်ချစ် အမည်ပေါက်ကြော်ငြာတွင် ကျန်သမီးများဖြစ်သော ဒေါက်တာသီတာအောင် ၁၂/မရက(နိုင်) ၀၈၁၀၅၉၊ ဒေါ်ခင်ငြိမ်းချမ်း ၁၂/သဃက(နိုင်) ၁၂၁၅၇၅တို့နှင့် ကွယ်လွန်သူ ဦးအောင်စိုး၏ အစ်ကိုတော်စပ်သူ ဦးထွန်းဝင်း ၁၂/သဃက (နိုင်)၁၂၁၆၆၉ တို့မှဟု ဖြည့်စွက်ဖတ်ရှုပါရန်။

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၂၆၄၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# ကောလင်းမြို့နယ်တွင် လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီးကာ လူတစ်ဦးသေဆုံး

**မုံရွာ ဧပြီ ၂၂**

ကသာခရိုင် ကောလင်းမြို့နယ်တွင် ဧပြီ ၂၀ ရက်မွန်းလွဲ ၁ နာရီခန့်က ရုတ်တရက် လေပြင်းများတိုက်ခတ်မှုကြောင့် တောင်မော်ကျေးရွာအုပ်စု လက်ပံခုံကျေးရွာတွင် လူနေအိမ် ၁၅ လုံးသွပ်အမိုးများ လန်ထွက်ခြင်း၊ ကွန်ကရစ်လျှပ်စစ်မီးတိုင်ခြောက်လုံး ကျိုးပဲ့ခြင်းနှင့် တောင်မော်ကျေးရွာတွင် လူနေအိမ်တစ်လုံး အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

အလားတူ မြေနီကျေးရွာအုပ်စု ညောင်ကိုင်းကျေးရွာရှိ လူနေအိမ်ခုနစ်လုံးနှင့် စပါးတိုက်တစ်လုံး သွပ်မိုးများလန်ခြင်း၊ သက်ငယ်မိုး၊ ထရံကာ နေအိမ်တစ်လုံးပြိုကျပျက်စီးခြင်းနှင့် ဆည်တိုကျေးရွာအုပ်စု ဆည်တိုကျေးရွာ၏ မြောက်ဘက်တစ်မိုင်ခန့်အကွာရှိ သက်ငယ်မိုးထရံကာ လယ်စောင့်တဲပြိုကျ၍ ယင်းတဲ၌ နေထိုင်သူ ဒေါ်ရီဝင်း(၄၅ နှစ်)တဲပိရာမှ ထုပ်တန်းနှင့်ရိုက်မိပြီး ယင်းနေရာတွင် သေဆုံးခဲ့သည်။

ယင်းဖြစ်စဉ်ဖြစ်ပွားရာသို့ ဌာနဆိုင်ရာများနှင့် မြို့နယ်မှတာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ကောလင်း၌ လေပြင်းများတိုက်ခတ်ပြီးနောက် နေအိမ်အပျက်အစီးများကို တွေ့ရစဉ်။
ဓာတ်ပုံ-ကိုနိုင်(အင်းတော်)

# မကွေး၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့်အဆောက်အအုံများပျက်စီး၊ လူတစ်ဦးနှင့် နွားတစ်ကောင်သေဆုံး

**မကွေး ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီးအတွင်း ဧပြီ ၂၁ ရက် ညနေ ၄ နာရီမှ ၆ နာရီဝန်းကျင်ခန့်အထိ တိုက်ခတ်ခဲ့သော လေပြင်းကြောင့် သရက်ခရိုင်နှင့် ပခုက္ကူခရိုင်အတွင်းရှိ လူနေအိမ်၊ သာသနိက အဆောက်အအုံနှင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး လူတစ်ဦးနှင့် နွားတစ်ကောင်သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ လက်ပံ၊ မကြီးရင်၊ ရွာလင်း၊ လဲဇင်ကျေးရွာလေးရွာ၌ ဧပြီ ၂၁ ရက် ညနေ ၄ နာရီမှ ၄ နာရီ မိနစ် ၅၀ အထိတိုက်ခတ်ခဲ့သော လေပြင်းကြောင့် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ လူနေအိမ်ရှစ်လုံး၊ နွားတင်းကုပ်လေးလုံးရှိ အမိုးသွပ်များ လန်ကျပျက်စီးခဲ့ကြောင်း၊ သရက်ခရိုင် အောင်လံမြို့နယ်အတွင်းရှိ ဖောင်ရိုးနှင့် ရွာသစ်ကျေးရွာတို့၌ ဧပြီ ၂၁ ရက် ညနေ ၅ နာရီ မိနစ် ၂၀ မှ ၆ နာရီအထိ တိုက်ခတ်ခဲ့သောလေပြင်းကြောင့် လူနေအိမ်ရှစ်လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိ အမိုးများ လန်ကျပျက်စီးခဲ့ကြောင်း၊ သရက်ခရိုင် ကံမမြို့နယ် ကျွဲတလင်းကျေးရွာအုပ်စု ဇီးအိုင်ကျေးရွာ၌ ဧပြီ ၂၁ ရက် ညနေ ၆ နာရီမှ ၆ နာရီ ၁၅ မိနစ်အထိ တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ကျေးရွာရှိ အမကကျောင်းဆောင် အမိုးများလန်ခြင်း၊ ဒိုင်းနှင့် မြားတန်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကိုးရွာ၊ သံပုရာပင်၊ ရေထွက်၊ အုံးမှင်၊ ဒေါ်သာ၊ ကင်ပွန်းတောင့်ကျေးရွာခြောက်ရွာ၌ ဧပြီ ၂၁ ရက် ညနေ ၄ နာရီခွဲမှ ၅ နာရီ ၁၀ မိနစ်အထိ တိုက်ခတ်ခဲ့သော လေပြင်းကြောင့် အမကကျောင်းရုံးခန်းတစ်ခု၊ လူနေအိမ် ၇၄ လုံး အမိုးလန်ပျက်စီးသွားပြီး နွားစာတဲနှစ်လုံး၊ လူနေအိမ်သုံးလုံးပြိုကျပျက်စီးခဲ့ကြောင်း၊ ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ရွာသစ်ကုန်း၊ သပြေပင်၊ ထန်းချောင်း၊ ခင်မွန်း၊ ရှစ်အိမ်တန်း၊ သူဌေးကုန်း၊ ညောင်ပင်သာ၊ မိုးကွဲ၊ ချင်းယား၊ မိုးဖြူ ကျေးရွာ ၁၀ ရွာ၌ ဧပြီ ၂၁ ရက်က တိုက်ခတ်ခဲ့သောလေပြင်းကြောင့် ထန်းပင် ၅၀၊ ဘုန်းကြီးကျောင်းနှစ်ကျောင်း၊ စေတီတစ်ဆူ၊ စာသင်ကျောင်း ခြောက်ကျောင်း၊ လူနေအိမ် ၃၆ လုံး၊ တဲလေးလုံးထိခိုက် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထန်းချောင်းကျေးရွာတွင် အမြင့် ၇၅ ပေရှိ ထန်းပင်တစ်ပင် အမြင့် ၂၅ ပေခန့်မှပြုတ်ကျ၍ ပင်စည်နှင့် ဦးခေါင်းရိုက်မိပြီး အမျိုးသားတစ်ဦးသေဆုံးခဲ့ကာ ရွာသစ်ကျေးရွာတွင် နွားမတစ်ကောင်သေဆုံးခဲ့ကြောင်း၊ ပခုက္ကူမြို့နယ် မကျီးပင်ကျေးရွာတွင် ဧပြီ ၂၁ ရက် ညနေ ၅ နာရီခွဲက တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ကျေးရွာအထက(ခွဲ)ရှိ ကျောင်းအုပ်ရုံးခန်းပြိုကျခြင်း၊ စာသင်ဆောင်အမိုးများလန်ခြင်း၊ ဒေသခံတစ်ဦး၏ နေအိမ်တစ်လုံး ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မကွေးခရိုင် မကွေးမြို့နယ် မင်းရွာနှင့် သပွတ်ကျောကျေးရွာတို့တွင်လည်း ဧပြီ ၂၁ ရက် ညနေ ၄ နာရီမှ ၅ နာရီခန့်အထိ မိုးသီးများကြွေကျကာ လေပြင်းတိုက်ခတ်မှုများကြုံတွေ့ခဲ့ရပြီး လူနေအိမ်သုံးလုံးနှင့် နွားတင်းကုပ်လေးလုံးတို့မှ အမိုးသွပ်များ ကွာကျခဲ့သော်လည်း အမိုးသွပ်များမှာ ပြန်လည်အသုံးပြု၍ရကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုများနှင့်စပ်လျဉ်း၍ "သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး စာသင်ကျောင်းတွေကို အဓိက ဦးစားပေးဆောင်ရွက်သွားမှာပါ၊ နိုင်ငံတော်က ပြင်ဆင်စရိတ်တွေမကျခင် ဒေသရန်ပုံငွေတွေနဲ့ အမြန်ဆုံးပြုပြင်ပါမယ်၊ ဘုန်းကြီးကျောင်းတွေ၊ အရပ်ဘက် ပျက်စီးဆုံးရှုံးမှုတွေကိုတော့ ဒေသအစီအစဉ်နဲ့ပဲ ဆောင်ရွက်သွားမှာပါ"ဟု သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

**ဇေယျာတု(မကွေး)**

# သီပေါ၌ လေပြင်းတိုက်ခတ် ဓာတ်တိုင်၊ ကြော်ငြာဆိုင်းဘုတ်များ ကျိုးကျ

**သီပေါ ဧပြီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့တွင် ဧပြီ ၂၁ ရက် ညနေ ၃ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်ကာ မြို့တွင်းရှိ သစ်ပင်ကြီးအချို့ ကျိုးကျခြင်းကြောင့် လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း မန္တလေး၊ လားရှိုး ပြည်ထောင်စုလမ်းမ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးအနီးရှိ ကြော်ငြာဆိုင်းဘုတ်များပြိုလဲခြင်း၊ တိန်းချေတိန်းစံကျေးရွာအုပ်စု ရွာသစ်ရွာမှ ဓာတ်တိုင်နှစ်တိုင် ကျိုးကျခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသီးများပါကျခဲ့ပြီး တောင်မြို့နှင့် ရွှေကျောင်းရပ်ကွက်တို့မှ လူနေအိမ်အချို့သွပ်ပြားများလန်ကာ ပျက်စီးသွားသည်။

ရွာသစ်ကျေးရွာမှ ဒေသခံပြည်သူများ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးကျော်ဌေးလွင်နှင့် လျှပ်စစ်ဝန်ထမ်းများက ဓာတ်တိုင်များပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်ကြိုးများ ပြန်လည်သွယ်တန်းခြင်း စသည့်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံးနှင့် လက်အောက်ခံရုံးများတွင် အောက်ဖော်ပြပါစက်ပစ္စည်းဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၅-၁၆ ခုနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် ရှိပါသဖြင့်စိတ်ပါဝင်စားသည့် အဖွဲ့အစည်း၊ ကုမ္ပဏီများ ၃၀-၄-၂၀၁၅ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါအား ကရင်ပြည်နယ်ဦးစီးမှူးရုံးတွင် ပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(၁) **လယ်ယာသုံးထွန်စက်နှင့် ဆက်စပ်ပစ္စည်း**
- (က) Tractor (90 HP) with from blade new holland model TD 90 (၁) စီး
- (ခ) 3 Dish Plough (၁) လက်
- (ဂ) 20 Dish Harrow (၁) လက်

(၂) **တည်ဆောက်ရေးလုပ်ငန်းများ**
- (က) (၄၀×၂၈×၁၂)ပေ RC နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ၊ ဘားအံမြို့
- (ခ) (၄၀×၂၀×၂၂)ပေ RC နှစ်ခန်းတွဲ နှစ်ထပ်ရုံးအဆောက်အအုံ၊ လှိုင်းဘွဲမြို့နယ်
- (ဂ) (၄၀×၂၈×၁၂)ပေ RC နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်
- (ဃ) အရှေ့နှင့်အနောက် ပေ၈၀စီ၊ ဘေးဘက် ၁၆၈ပေစီ၊ ရုံးဝင်းခြံစည်းရိုး၊ ကြာအင်းဆိပ်ကြီးမြို့နယ် တင်ဒါစာရွက်ပုံစံအား ပြည်နယ်ဦးစီးမှူးရုံးတွင် ဝယ်ယူနိုင်ပါသည်။

**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ကရင်ပြည်နယ်**
**ဖုန်း-၀၅၈-၂၁၄၉၄၊ ၀၉-၄၂၂၅၅၆၈၃၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်မီးလင်းရေးလုပ်ငန်းအားမြို့နယ် (၃)မြို့နယ်တွင် ဓာတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်း၊ (၂၀)ခုနှင့်မြို့နယ်(၃၄)မြို့နယ်၊ ကျေးရွာ(၁၈၄)ရွာတွင် ဆိုလာစုံရေ(၁၅၈၃၄)စုံနှင့် နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရေအားလျှပ်စစ် (၁)ခု၊ ဆိုလာ(၆၉၇)စုံအား ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၇-၄-၂၀၁၅ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၂၇-၄-၂၀၁၅ ရက်မှ ၂၆-၅-၂၀၁၅ ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ**- စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၅ နှင့် စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၂၆၅၂၀၊ ၂၆၁၉၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

GOLDEN STAR Travels & Tours
Apr-30
☆ ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း
☆ တောင်ကြီး-အင်းလေး-ပင်းတယ
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 703448, 430480, 544383, 705968, 09-5081580

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃)၊ မြေကွက်အမှတ်(၄၉၀+၄၉၁) မြေအကျယ်(၀ ဒသမ ၁၃၂)ဧကမြေကွက်ပေါ် ငှားရမ်းတဲအိမ်ဆောက်လုပ်နေထိုင်သူ(၁၀)ဦးသိစေရန် နို့တစ်စာ

၁။ အထက်ပါမြေကွက်သည် နှစ် ၆၀ မြေငှားဂရန်မြေမျိုးမြေကွက်ဖြစ်၍ မြေကွက်တည်ရာလိပ်စာမှာ အမှတ်(၄၉၀+၄၉၁)၊ သုခလမ်းနှင့်သီရိမြတ်လမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဖြစ်ပါသည်။ မြေအမည်ပေါက်ပိုင်ရှင်မှာ ဦးကျော်စိန် ထွန်း ၁၂/ဥကတ(နိုင်)၀၁၄၆၄၆၊ အမှတ် ၆၅၉၊ ပြည်သာယာလမ်း၊ (၁၆/၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်သူဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့၏မိတ်ဆွေ မြေပိုင်ရှင်ဦးကျော်စိန်ထွန်းသည် အထက်ပါမြေကွက်ပေါ်တွင် ၁-၅-၂၀၁၃ရက်မှ ၃၀-၄-၂၀၁၄ရက်အထိ (၁)ဦးကျော်ကျော်ဝေ၊ (၂)ဒေါ်သင်းသင်းထွေး၊ (၃)ဦးအောင်မျိုး၊ (၄)ဦးအောင်မင်း၊ (၅)ဦးညီညီစိုး၊ (၆)ဒေါ်သန်းသန်းဆင့်၊ (၇)ဦးသောင်း၊ (၈)ဦးထွန်းအေး၊ (၉)ဦးသန်းဝင်း၊ (၁၀)ဦးစောဖုန်းခိုင်မိသားစု(၁၀)စုကို တစ်လလျှင် ကျပ် ၂၅၀၀၀/- (ကျပ်နှစ်သောင်းငါးထောင်တိတိ)စီနှုန်းဖြင့် မြေကွက်ပေါ်တဲအိမ်ဆောက်လုပ်နေထိုင်ရန် ငှားရမ်းခဲ့ရာ လူကြီးမင်းဦးကျော်ကျော်ဝေပါ မိသားစု(၁၀)စုသည် မြေကွက်ပေါ်တွင် တဲအိမ်(၁၀)လုံးဆောက်လုပ်နေထိုင်လာခဲ့သည်ဟု သိရပါသည်။

၃။ လူကြီးမင်း ဦးကျော်ကျော်ဝေပါ (၁၀)ဦးသည် လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြေပိုင်ရှင်ဦးကျော်စိန်ထွန်းက ၉-၂-၂၀၁၅ရက်တွင် ၃၁-၃-၂၀၁၅ရက် နောက်ဆုံးထားကာ တဲအိမ်ဖျက်သိမ်းယူဆောင်၍ အခြားသို့ပြောင်းပေးရန် အသိပေးခဲ့ရာ လူကြီးမင်းတို့(၁၀)ဦးက သိရှိကြောင်း လက်မှတ်ရေးထိုးပြီးနောက် ပြောင်းရွှေ့ပေးခြင်းမရှိသဖြင့် ကျွန်ုပ်တို့မှ တစ်ဆင့် လူကြီးမင်း ဦးကျော်ကျော်ဝေပါ(၁၀)ဦးကို ၃၁-၅-၂၀၁၅ ရက် နောက်ဆုံးထားကာ တဲအိမ်(၁၀)လုံးဖျက်သိမ်းယူဆောင်၍ အခြားသို့ပြောင်းရွှေ့ပေးရန် မြေကွက်လွတ်ကို မြေပိုင်ရှင်ထံ အပ်နှံပေးရန် အချိန်တစ်လပေး၍ အသိပေးအကြောင်းကြားလိုက်သည်။ မြေရှင်/ မြေငှားအဖြစ်မှ ၃၀-၄-၂၀၁၅ရက်တွင် ရပ်ဆိုင်းလိုက်ကြောင်းလည်း တစ်ပါတည်းအသိပေးပါသည်။ ၃၁-၅-၂၀၁၅ ရက်တွင် အဆိုပါမြေကွက်အတွင်းမှ တဲအိမ်ဖျက်သိမ်းယူဆောင်ပြောင်းရွှေ့ပေးခြင်းမရှိခဲ့သော်၊ လူကြီးမင်းတို့(၁၀)ဦးအပေါ် တရားစွဲဆိုနှင်ထုတ်ရလိမ့်မည်ဖြစ်ရာ ကုန်ကျသောတရားစရိတ်အဝဝသည် လူကြီးမင်းတို့(၁၀)ဦး၏ တာဝန်သာဖြစ်ကြောင်း အသိပေးပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးလှမြင့်(ဒဂုံ)(စဉ်-၉၀၁၂)**
**H.G.P,D.L.P(101)W.I.P.O(SWITZERLAND)**

**၁။ ဦးတင်အောင်ကြည်(တောင်သုံးလုံး) LL.B(စဉ်-၃၀၇၂၂)**
**၂။ ဒေါ်ဝါဝါ LL.B(စဉ်-၃၄၆၂၂)**
**၃။ ဒေါ်စုမြတ်မွန် LL.B(စဉ်-၄၀၅၃၇)**

**အထက်တန်းရှေ့နေများအဖွဲ့၊ ဖုန်း-၀၉-၅၀၃၁၈၁၀၊ ၀၉-၄၂၀၀၁၈၇၃၄**
**အမှတ်-၇၊ မြေညီထပ်၊ ၃၃လမ်း၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြေနီကုန်း၊ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ်နေ ၈/ပဖန(နိုင်)၀၀၃၅၆၈ ကိုင်ဆောင်သူ ဦးအောင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

၁။ သယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ အေးမြသာယာမြို့သစ် (၁)လမ်း၊ မြေကွက်အမှတ်-၅၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၀၃ ဧကရှိ မြို့မြေသည် ဦးအောင်စိုး(အမျိုးသားစာပေဆုရ) တိရစ္ဆာန်ဆေးကုဆရာဝန်၊ မြို့နယ်ဦးစီးအရာရှိ (ငြိမ်း)၏ မြေစာရင်းပုံစံ ၁၀၅-၁၀၆ ရရှိပြီး အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားနေသော မြေကွက်ဖြစ်ပါသည်။

၂။ ကျွန်မ၏မိတ်ဆွေ ဦးအောင်စိုးသည် ၁၉၉၄ ခုနှစ်တွင် ယင်းမြေကွက်တွင် နေအိမ်တစ်လုံးဆောက်လုပ်နေထိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ပြောင်းရွှေ့လာခဲ့ရာ ထိုနေအိမ်မှာ လူနေမှုမရှိ၍ ပျက်စီးသွားပါသည်။ယခုအခါ ယင်းမြေကွက်ကို မူကြိုကျောင်းဆောက်ရန် စီစဉ်နေကြောင်းကြားသိရ၍ မြေစာရင်းပုံစံ ၁၀၅-၁၀၆ များနှင့်အတူ အကျိုးအကြောင်း ရှင်းလင်းတင်ပြသော်လည်း လက်မခံဘဲ ဆက်လက်ဆောင်ရွက်နေသည်ဟု သိရပါသည်။

၃။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်အတွင်းသို့ အမည်ပေါက်ပိုင်ဆိုင်သူ ကျွန်မမိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းပြုလုပ်ပါက ကျွန်မမိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး တားမြစ်ကြေညာအပ်ပါသည်။

**ကျွန်မ၏မိတ်ဆွေလွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိန်းသိန်းဌေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၁၅/၁၉၈၅)**
**အမှတ်-၂၈၈၊ ပန်းဘဲတန်းလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့**

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၁/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံးဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၅-၅-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး (၆၃၈)တန်ခန့်၊သစ်မာသစ်လုံး(၃၃၅၈) တန်ခန့်၊ ကျွန်းခွဲသား (၂၁)တန်ခန့်၊ သစ်မာခွဲသား (၃၀)တန်ခန့် (ပိတောက်/တမလန်းခွဲသားများပါဝင်ပါသည်။)
(ဂ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန (ရုံးချုပ်) မြန်မာ့သစ်လုပ်ငန်း၊ အမှတ် (၇၂/၇၄) ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ ပြည်တွင်းရောင်း/စက်**

# တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းဆောင်ရွက် လက်နက်ကိုင်နှစ်ဦးနှင့် အသုံးအဆောင်ပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၂**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပြုနေသည့် လက်နက်ကိုင်အချို့အား တပ်မတော် စစ်ကြောင်းများက ထက်ကြပ် လိုက်လံရှင်းလင်းလျက်ရှိရာ ဧပြီ ၂၁ ရက် နံနက် ၇ နာရီခွဲခန့်တွင် ပိန္နဲချောင်းရွာအနောက်မြောက်ဘက် ၁ မိုင်ခွဲခန့်အကွာ၌ လက်နက်ကိုင်အင်အားအချို့နှင့် ထိတွေ့တိုက်ပွဲ ထပ်မံဖြစ်ပွားပြီး လက်နက်ကိုင်များ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် ကျော်နိုင်(၃၅ နှစ်)နှင့် မောင်ဘအေး (၂၆ နှစ်)တို့အား အမ်(၂၂)နှစ်လက်၊ ကျည်အိမ် လေးခု၊ ကျည် အတောင့် ၅၀၊ လက်ပစ်ဗုံး သုံးလုံး၊ ချပ်ဝတ်တန်ဆာ နှစ်စုံ၊ ပြောက်ကျားကျောပိုးအိတ် နှစ်လုံး၊ Sony ကင်မရာတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ တပ်မတော်စစ်ကြောင်းများက လက်နက်ကိုင်များခိုအောင်းနိုင်သောနေရာများအား ရှင်းလင်းဆောင်ရွက်ရာ ညနေပိုင်းတွင် ပိန္နဲချောင်းရွာ၏ အနောက်မြောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ၌ တဲ ၁၆ လုံးကို တွေ့ရှိရပြီး တဲများမှ TNT ယမ်းထုပ် ၆၀၊ Laptop Computer တစ်လုံး၊ လေးလုံးပါ ဓာတ်ခဲအသေး ကတ် ၃၆၀၊ အိုင်ကွန် အားသွင်းစက် လေးလုံး၊ တရုတ်စစ်ကျောပိုးအိတ် ၃၄ လုံး၊ တရုတ်ဘေးလွယ်အိတ် အလုံး ၃၀၊ ချိတ်ခါးပတ် အချောင်း ၃၀၀၊ စစ်ခြေအိတ် အစုံ ၂၀၀၊ ချွေးသုတ်ပဝါ အထည် ၁၂၀၊ ဟန်းကောခြောက်လုံး၊ မြေကျင်းတူးမြှုပ်ထားသည့် ဆန်ခြောက်အိတ်၊ စားအုန်းဆီ ငါးပိဿာ၊ ဆား ၁၀ ပိဿာ၊ ငါးနီတူခြောက် ငါးပိဿာနှင့် စာရွက်စာတမ်းများကိုလည်းကောင်း၊ ပိန္နဲချောင်းရွာ၏ အရှေ့ဘက် မီတာ ၁၀၀၀ ခန့်အကွာ၌ မီးရှို့ဖျက်ဆီးထားသည့် ရိက္ခာဂိုဒေါင်တဲတစ်လုံးကို တွေ့ရှိရပြီး အနီးပတ်ဝန်းကျင်မှ ချပ်ဝတ်တန်ဆာ ၁၀၇ စုံ၊ လည်တိုဖိနပ် ၇၀ ရန်၊ မိုးကာစ တစ်လိပ်၊ ဆန် ၁၀၅ အိတ်၊ ဆားတစ်အိတ်နှင့် ငါးပိလေးအိတ်တို့ကိုလည်းကောင်း ရှာဖွေသိမ်းဆည်းရမိခဲ့သည်။





တပ်မတော်အနေဖြင့် ဖမ်းဆီးရမိသူများထံမှ သတင်းဆက်ဖော်ထုတ်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်များအား ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး အမြစ်ပြတ်ချေမှုန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ထီးလင်းမြို့နယ် ကန်စွန်းဒေါင့်ကျေးရွာအနီး ကမ်းပါးပြို၍ ကလေးငယ်နှစ်ဦး မြေပိသေဆုံး

**ထီးလင်း ဧပြီ ၂၂**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကန်စွန်းဒေါင့်ကျေးရွာ အနောက်ဘက် မောချောင်းအနီးတွင် ဧပြီ ၂၁ ရက် ညနေ ၃ နာရီက ကမ်းပါးပြိုကျခဲ့သဖြင့် ကလေးငယ်နှစ်ဦး မြေပိသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သားညီ(၁၃ နှစ်) ကန်စွန်းဒေါင့်ကျေးရွာ နေသူနှင့် တစ်ရွာတည်းနေ ဖုန်းနိုင်(၁၅ နှစ်)တို့ နှစ်ဦးသည် အဆိုပါနေ့ ညနေ ၃ နာရီက ကန်စွန်းဒေါင့်ကျေးရွာ အနောက်တောင်ဘက်ရှိ မောချောင်း အတွင်း ငါးဖမ်းနေစဉ် ၄င်းတို့နှင့် ကိုက် ၂၀၀ ခန့်အကွာတွင် ကမ်းပါးပြိုသံကြားသဖြင့် သွားရောက်ကြည့်ရှုခဲ့ရာတွင် လူနှစ်ဦး မြေပိသေဆုံးနေသည်ကို တွေ့ရှိရသည်။ ထိုကလေးငယ်နှစ်ဦးက ကျေးရွာသို့ပြန်ကာ ကျေးရွာအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားခဲ့သောကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ စိုးမိုးအောင်(၁၄ နှစ်) ကန်စွန်းဒေါင့်ကျေးရွာနေသူနှင့် တစ်ရွာတည်းနေ အောင်ကိုချစ်(၈ နှစ်)တို့နှစ်ဦးသည် မြေပိပြီး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ကလေးငယ်နှစ်ဦး သေဆုံးမှုနှင့်ပတ်သက်၍ ထီးလင်းမြို့နယ် ဆေးမင်းတော နယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

# ပင်းတယမြို့နယ်၌ လေပြင်းများတိုက်ခတ် နေအိမ်များ အမိုးလန်ပျက်စီး

**ပင်းတယ ဧပြီ ၂၂**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် ဧပြီ ၂၂ ရက် ည ၉ နာရီက တောင်ပေါ်ကြီးကျေးရွာအုပ်စု၊ ရေဖြူကျေးရွာအုပ်စုနှင့် ပန်းစစ်ကျေးရွာ အုပ်စုများတွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် တောင်ပေါ်ကြီးရွာနေ ဦးနေထိန်လင်း၏နေအိမ်အမိုး သွပ်အချပ် ၅၀၊ ဦးအောင်နိုင်ဝင်း၏ နေအိမ်အမိုး သွပ် ၄၅ ချပ်၊ ရေဖြူအုပ်စု ဇော်ဂျီရွာနေ ဦးဇော်လင်းထွန်း၏ နေအိမ်အမိုးသွပ် ခုနစ်ချပ်၊ ဒေါ်အုံးကြည်၏ မီးဖိုချောင်အမိုးသွပ် ၁၅ ချပ်၊ ဦးသန်းအောင်၏နေအိမ်အမိုး သွပ် ၃၅ ချပ်၊ ဦးဇော်ထွန်း၏ နေအိမ်အမိုး သွပ် ၈၆ ချပ်၊ ပန်းစစ်ရွာ ဦးစိန်ဘို နေအိမ်အမိုးသွပ် ၂၇ ချပ်၊ ဦးမြင့်စိုးနေအိမ်အမိုးသွပ် သုံးချပ်၊ ကံလှကုန်းရွာ ဦးဇော်တိုးနေအိမ်အမိုး သွပ်အချပ် ၄၀၊ ကံလှကုန်းဘုန်းတော်ကြီးကျောင်း၏ အမိုးသွပ်အချပ် ၄၀၊ ညောင်ကောက်အုပ်စု ညောင်ကောက်ရွာနေ ဦးဘတင် နေအိမ်အမိုးသွပ် ၃၆ ချပ်တို့ လန်ကျပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **မိုးမိုးထွေး(ပင်းတယ)**

# အလေးမဒိုင်လူကြီး သင်တန်းဖွင့်မည်

**ရန်ကုန် ဧပြီ ၂၂**

အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်က ပြင်ဆင်ပြဋ္ဌာန်းထားရှိသော အပြည်ပြည်ဆိုင်ရာ အလေးမပြိုင်ပွဲ စည်းမျဉ်းဥပဒေများနှင့်အညီ အလေးမပြိုင်ပွဲများကို ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူး၍ အလေးမဒိုင်လူကြီးသင်တန်းအမှတ်စဉ်(၁)ကို မေ ၄ ရက်မှ ၈ ရက်အထိ လည်းကောင်း၊ အမှတ်စဉ်(၂)ကို မေ ၁၁ ရက်မှ ၁၅ ရက်ထိလည်းကောင်း ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထိုသင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ရာ သင်ကြားမှု ထိရောက်စေရေးအတွက် သင်တန်းအပတ်စဉ် တစ်ခုလျှင် သင်တန်းသား ၁၅ ဦးသာ လက်ခံမည်ဖြစ်သဖြင့် သင်တန်းသို့ တက်ရောက်လိုသူများသည် မိမိတက်ရောက်လိုသော သင်တန်းအမှတ်စဉ်ကို ဖော်ပြ၍ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ရုံး ဖုန်း ၀၁-၃၈၈၁၆၀ သို့ ဧပြီ ၃၀ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းနိုင်သည်။

သင်တန်းသို့ စာရင်းပေးသွင်းသော အင်အားပေါ်မူတည်၍ လိုအပ်ပါက သင်တန်းအမှတ်စဉ်ကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**


## နှစ်သစ်မင်္ဂလာဆုတောင်း

ဒီပဲယင်းမြို့နယ်အသင်းနာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းတို့သည် နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၍ နိုင်ငံအကျိုး၊ လူမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးတင်ဦး-ဒေါ်စောသိန်းမိသားစု**
**အေးကမ္ဘာကုန်စည်ပို့ဆောင်ရေး၊ ရန်ကုန်**

## နှစ်သစ်မင်္ဂလာဆုတောင်း

ဒီပဲယင်းမြို့နယ်အသင်းနာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းတို့သည် နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၍ နိုင်ငံအကျိုး၊ လူမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးဗိုလ်မြင့်-ဒေါ်သီတာ**
**ကောင်းကင်ထက်မိသားစု ကဖေး၊ ဒီပဲယင်းမြို့**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးအေးလွင်-ဒေါ်အမာကြည်တို့၏သား
**ဗိုလ်ကြီးမြတ်လင်းထွန်း** M.B.,B.S, M.Med.Sc (surgery)
အမှတ်(၁၅) တပ်မတော်ဆေးရုံ(ခုတင် ၁၀၀)
နှင့်
ရန်ကုန်မြို့နေ ဦးရွှေသိုင်းညွှန့်-ဒေါ်ကြည်ကြည်စန်းတို့၏သမီး
**မအေးသန့်သန့်** B.A (English)
ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်
တို့သည် ၁၈-၄-၂၀၁၅ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမြတ်လင်းထွန်း-မအေးသန့်သန့်**

## နှစ်သစ်မင်္ဂလာဆုတောင်း

ဒီပဲယင်းမြို့နယ်အသင်းနာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းတို့သည် နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၍ နိုင်ငံအကျိုး၊ လူမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

Basic Spoken English
Mon to Thurs-1:00-3:00-5:00pm 27Apr
Mon to Thurs-5:30-7:00 pm 27Apr
Mon to Thurs-10:00-12:00 am 27Apr
Sat & Sun - 12:30-3:30 pm 25Apr
Sat & Sun -3:45-6:45 pm 25Apr
Pre-Intermediate English
Mon to Thurs-10:00-12:00 am 27Apr
Mon to Thurs-1:00-3:00 pm 27Apr
Mon toThurs 5:00-7:00 pm 27Apr
Mon toThurs 10:30-12:30 am 11 May
Vocabulary Enrichment Course
Sat & Sun - 10:00-12:00 am 25 Apr
Grammar Foundation Course
Mon to Thurs - 1:00-2:30 pm 27Apr
Mon to Thurs-10:00-12:00 am 27Apr
Structure & Written Expression
Sat & Sun - 12:30-3:30-6:30pm 25 Apr
Mon to Thurs-1:00-3:00pm 27 Apr
Mon to Thurs-5:30-7:00pm 27 Apr
Mon to Thurs-3:00-4:30pm 27 Apr
Mon to Thurs-4:30-6:00pm 27 Apr
Basic Writing Course
Sat & Sun - 12:30-3:30 pm 25 Apr
Sat & Sun - 3:45-6:45 pm 25 Apr
Mon to Thurs-10:00-12:00am 27 Apr
Mon to Thurs-3:00-4:30pm 27 Apr
TOEFL,IELTS,SAT,API,AWC,IE
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ပျောက်ထားခြင်း

ယာဉ်အမှတ် 6G/8102, MAZDA SCRUMDG 63T P/U(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာချို ၁၂/ ကမရ(နိုင်)၀၇၃၇၁၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အမည်မှန်

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနေ ဦးမြင့်ဦး ၁/မကတ(နိုင်)၀၆၃၃၆၂၏ သမီး လုံးခင်းအထက သတ္တမတန်း(D) မှ မခိုင်ဖြိုးဦး၏ အမည်မှန်မှာ မခိုင်နီလာအောင် ဖြစ်ပါသည်။ **မခိုင်နီလာအောင်**

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 Residence

We Define Lifestyle

# 68 RESIDENCE CONDOMINIUM


Developed By: UNITED GP Development by GOLDEN PALACE

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးအွားပိုင်မြေ တစ်ကေပေါ်ရှိ

အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်

SOMERSET SERVICED RESIDENCE ပါရှိသော

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း



## 5 % Discount
## +
## Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015)

*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်နေရာတည်းတွင် ဧည့်ခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်



More than
**84 %**
Sold Out



**အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။**

ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအစိုးရပိုင်ဆိုင်နိုင်မည့် အလွန်စိုင်မာသောရင်းနှီးမြှုပ်နှံမှု

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

# အော်ဂဲနစ်မြေဆွေးထည့်သွင်းစိုက်ပျိုးရေး၊ သီးနှံအာဟာရများ ထောက်ပံ့ပေး

သူဇာမြင့်

**အော်ဂဲနစ်စိုက်ပျိုးရေးတွင်မြေဆွေးများထည့်သွင်းခြင်းဖြင့် သီးနှံပင်မှ အဓိက လိုအပ်သော နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်စီယမ် အာဟာရ ဓာတ်များ ထောက်ပံ့ပေးနိုင်မှုကို လေ့လာရာတွင်-**

နိုက်ထရိုဂျင်ဓာတ်သည် အပင်၏ ပင်ပိုင်းဆိုင်ရာကြီးထွားမှုကို အားပေးစေပြီး အော်ဂဲနစ်စိုက်ပျိုးရေးဆောင်ရွက်ရာတွင် အပင်မှလိုအပ်သော နိုက်ထရိုဂျင်ဓာတ်ကို ပဲပင်မှအဓိကရရှိစေပါသည်။ ပဲပင်၏အမြစ်များရှိ မြစ်ဖုဗက်တီးရီးယားများသည် လေထဲမှ နိုက်ထရိုဂျင်ကိုဖမ်းယူပြီး မြေထဲသို့ ပို့ဆောင်ကာ အပင်မှ စားသုံးနိုင်အောင် ဆောင်ရွက်ပေးပါသည်။ အခြားသော နိုက်ထရိုဂျင်ကိုဖမ်းယူနိုင်သော ဗက်တီးရီးယားဖြစ်သည့် Actinom-ycete သည် သစ်ပင်အဆွေးများအတွင်းတွင် လည်းကောင်း၊ Azotobecta သို့မဟုတ် Beijeninekia ဗက်တီးရီးယားသည် အပူပိုင်းဒေသပေါက် မြက်မျိုးရင်းဝင် အပင်များတွင် ရှင်သန်နေထိုင်ကြပါသည်။ စပါးတွင် Anabena azolla ဗက်တီးရီးယားသည် ရေတွင်ရှိသော Azolla နှင့် အပြန်အလှန် မှီခိုအသက်ရှင်နေပြီး တစ်နှစ်လျှင် နိုက်ထရိုဂျင် ၄၀၀ ကီလိုကို ဖမ်းယူပေးပါသည်။ အထက်တွင် ဖော်ပြထား သည့်အတိုင်း ဒေသနှင့်သင့်တော်သည့် ပဲမျိုးနွယ်ဝင်အပင်များကို သီးညှပ် စိုက်ပျိုးခြင်းနှင့် သီးနှံသစ်တောစိုက်ခင်းများတွင် ထည့်သွင်းခြင်းများ ပြုလုပ်ပေးသင့်ပါသည်။ ကမ္ဘာတွင် ပဲမျိုးဝင် အမျိုးအစားပေါင်း ၁၂,၀၀၀ ကျော်ရှိပြီး သီးလှည့်စိုက်ပျိုးရာတွင် စိုက်ပျိုးမြေဧရိယာ၏ ၂၀ရာခိုင်နှုန်းကို ပဲမျိုးရင်းဝင်အပင်များကို ထည့်သွင်းစိုက်ပေးသင့်ပါသည်။

မြေတွင်းတွင်ရှိသော ဖော့စပရပ်ပါဝင်မှုသည် သီးနှံပင်မှ စားသုံးနိုင်သော ဖော့စပရပ်ပေါ်မူတည်၍ ပြောင်းလဲမှုရှိခြင်းကြောင့် အော်ဂဲနစ်စိုက်ပျိုးရေးတွင် မြေတွင်းတွင် အပင်မှစားသုံးနိုင်သော ဖော့စပရပ်ပုံစံများ ရှိနေရန် အရေးကြီးပါသည်။ အက်စစ်ပါဝင်မှုမြင့်သောနေရာများတွင် အိုင်းယွန်း (Fe) နှင့် အလူမီနီယမ်(AL)များ ပျော်ဝင်မှုများလာပြီး ဖော့စပရပ်ချုပ်ထိန်းမှု ဖြစ်ပေါ်ရပါသည်။ ၎င်းကို မြေတွင်းရှိသက်ရှိများ၏ (အင်ဇိုင်းများ) အကူအညီဖြင့် မပျော်ဝင်သောပုံစံမှ ပျော်ဝင်နိုင်သော ဖော့စပရပ် ပုံစံသို့ပြောင်းလဲပေးရမည် ဖြစ်ပါသည်။ အော်ဂဲနစ် စိုက်ပျိုးရေး တွင် အပင်မှ ဖော့စပရပ် လွယ်ကူစွာစားသုံးနိုင်စေရန် အောက်ပါအချက်များကို ဆောင်ရွက်ပေးရပါမည်-

- မြေဆီလွှာကောင်းမွန်ထက်သန်၍ အော်ဂဲနစ်မြေဆွေးဓာတ် ကြွယ်ဝသော မြေတွင်သီးနှံပင်၏ အမြစ်ကြီးထွားမှုနှုန်း မြန်ဆန်ကောင်းမွန်ခြင်းကြောင့် အမြစ်မွေးငယ်လေးများ ဖွံ့ဖြိုးလာကာ ၎င်းမှထုတ်သည့် အက်စစ်ကြောင့် အပင်စားသုံးနိုင်သည့် ဖော့စပရပ်ပုံစံသို့ ပြောင်းလဲလာကာ အပင်မှစုပ်ယူစားသုံးနိုင်ပါသည်။
- မြေဆီလွှာထက်သန်၍ အော်ဂဲနစ်ဓာတ်ကြွယ်ဝသော မြေသည် VA-Mycorhiza ခေါ် မှိုတစ်မျိုး၏ကြီးထွားမှုကို အားပေးသည်။ ၎င်းသည် အပင်နှင့် အပြန်အလှန်အကျိုးတူ ပူးပေါင်းနေထိုင်ခြင်း (Symbiosis) ဖြစ်၍ မြေမှချုပ်ထိန်းထားသော ဖော့စပရပ်များကို ပျော်ဝင်နိုင်သော ပုံစံသို့ ပြောင်းလဲစေသည်။
- အပင်မှစားသုံးနိုင်သည့် ဖော့စပရပ် ပုံစံပြောင်းလဲမှုကို အားပေးသော သီးနှံပင်များ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့်လည်း အပင်မှဖော့စပရပ်ကို ရရှိစေပါသည်။ (ဥပမာ။ သီးနှံသစ်တော စိုက်ခင်းများတွင် ဝါ၊ ဆီးနှင့် ကြက်သွန်နီများ ထည့်သွင်းစိုက်ပျိုးခြင်း)
- အော်ဂဲနစ်မြေဆွေးများ ဖြည့်တင်းထည့်သွင်းပေးခြင်း
- မြေ၏ pHနှင့် ဖော့စပရပ်စုပ်ယူမှု အားနည်းသော အခြေအနေများတွင် ဆီလီကိတ်များ ထည့်သွင်းပေးခြင်း
- ကျောက်မှုန့် (Rock phosphate) များထည့်သွင်းခြင်းကို အော်ဂဲနစ်စိုက်ပျိုးရေးတွင် ခွင့်ပြုထားပါသည်။ အချို့သော (ဝါကဲ့သို့သော) သီးနှံများတွင် မျိုးစေ့ကို ဗက်တီးရီးယားများနှင့် လူးနယ်စီရင်ပြီး စိုက်ပျိုးခြင်းဖြင့် ဖော့စပရပ်ပျော်ဝင်မှုကောင်းစေခြင်းကြောင့် အပင်ငယ်စဉ်ကာလတွင် အပင်မှလိုအပ်သော အာဟာရကိုလုံလောက်စွာ ရရှိစေပါသည်။

သဲဆန်သောမြေများတွင် အော်ဂဲနစ်ဓာတ်ပါဝင်မှုနည်းပါး၍ ပိုတက်ဆီယမ်ဓာတ်မှာ လွယ်ကူစွာ ရေနှင့်မျောပါပျောက်ဆုံးနိုင်သည်။ ထို့ကြောင့် အော်ဂဲနစ်စိုက်ပျိုးရေးတွင် အပင်အတွက်လိုအပ်သော ပိုတက်ဆီယမ်ကို လုံလောက်စွာရရှိနိုင်ရန်နှင့် ပျောက်ဆုံးမှုနည်းစေရန် အောက်ပါနည်းလမ်းတို့ကို ဆောင်ရွက်ရပါမည်-

- အော်ဂဲနစ်မြေဆွေးများ ပုံမှန်ထည့်သွင်းပေးခြင်းဖြင့် မြေဆီလွှာအပေါ်ပိုင်း အမြစ်ဇုန်တွင် အပင်အတွက်လိုအပ်သော ပိုတက်ဆီယမ်ကို အလွယ်တကူ စားသုံးနိုင်စေခြင်း
- မြေဆီလွှာ အာက်ပိုင်းရှိ ပိုတက်ဆီယမ်များကို စားသုံးနိုင်ရန် အမြစ်ရှည်အပင်များထည့်သွင်းစိုက်ပျိုးပေးခြင်း
- ပိုတက်ဆီယမ်စုပ်ယူမှုမြင့်သော သီးနှံများကို ရောနှောထည့်သွင်းစိုက်ပျိုး ခြင်း (ဥပမာ။ ငှက်ပျောနှင့် ကော်ဖီများစိုက်ပျိုးခြင်း)
- စွတ်စိုသော အပူပိုင်းဒေသများတွင် မြေဆီလွှာကို အမြဲတမ်းဖုံးအုပ်ပေးခြင်း (Mulching) ပြုလုပ်ခြင်းဖြင့် ပိုတက်ဆီယမ် ဆုံးရှုံးမှုလျော့စေခြင်း
- ပိုတက်ဆီယမ်ချို့တဲ့ကြောင်း မြေဆီလွှာဓာတ်ခွဲအဖြေများအရ သိရှိရပါက ကလိုရင်းပါဝင်မှုနည်းသော ပိုတက်ဆားများကို အသုံးပြုနိုင်ပြီး မပြုပြင်ထားသော သစ်သားမှရရှိသည့် ပြာကိုလည်း သုံးနိုင်ပါသည်။ သို့သော် ပိုတက်ဆီယမ်ကလိုရိုဒ် (Muliate of potash) ကို သုံးစွဲရန် ခွင့်မပြုပါ။

**အော်ဂဲနစ်စိုက်ပျိုးရေးတွင် အာဟာရဓာတ်ဆုံးရှုံးမှုကို အနည်းဆုံးဖြစ်စေရန် လိုက်နာဆောင်ရွက်ရမည့်အချက်များ**

အော်ဂဲနစ်စိုက်ပျိုးရေး၏ အဓိကရည်ရွယ်ချက်များအနက် တစ်ခုမှာ-အာဟာရဓာတ်ဆုံးရှုံးမှုကို အနည်းဆုံးဖြစ်စေရန်နှင့် စိုက်ကွက်များအတွင်း ပြန်လည်အသုံးချနိုင်စေရန်ဖြစ်ပြီး အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါမည်-

- အော်ဂဲနစ်စိုက်ပျိုးရေးတွင် သီးနှံပင် အကြွင်းအကျန်များအား မီးရှို့ခြင်း မပြုလုပ်ရပါ။ သီးနှံအကြွင်းအကျန်များအား မီးရှို့ဖျက်ဆီးခြင်းဖြင့် အာဟာရဓာတ်များနှင့် စွမ်းအင်များဆုံးရှုံးမှုဖြစ်ပေါ်ပါသည်။ (သို့သော် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် လိုအပ်ပါက ခွင့်ပြုပေးသည်။ ဥပမာ။ ရောဂါဆိုးရွားစွာကျရောက်နေသော သီးနှံအကြွင်းအကျန်များ)
- သီးနှံသစ်တောစိုက်ခင်းများတွင် သီးနှံအကြွင်းအကျန်များကို မြေပြင်ပေါ် ပုံထားခြင်း၊ သီးနှံစိုက်ခင်းများတွင် မြေဆွေးပြုလုပ်ခြင်း၊ Mulching ပြုလုပ်၍ အပေါ်ယံမြေဆီလွှာကို ဖုံးအုပ်ပေးခြင်း၊ တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်း၊ တိရစ္ဆာန်များအတွက် အိပ်ရာနေရာအဖြစ် ထားပေးခြင်းများ အသုံးပြုနိုင်သည်။
- ကော်ဖီ၊ ငှက်ပျော၊ ကြံစသည့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှုနှင့် ကုန်ချောထုတ်လုပ်မှုတွင် ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို စိုက်ခင်းအတွင်း ပြန်လည်ထည့်သွင်းပြီး အာဟာရဓာတ်များ ဖြည့်ဆည်းပေးနိုင်သည်။ Mulching ပြုလုပ်ခြင်း၊ မြေဆွေးပြုလုပ်ခြင်းဖြင့် သို့မဟုတ် ဇီဝလောင်စာ ထုတ်လုပ်ခြင်းပြုလုပ်နိုင်ပါသည်။
- သီးနှံသစ်တောစိုက်ခင်းများတွင် ပုံမှန် Pruning လုပ်ခြင်းဖြင့် ရသော အရွက်များကို မီးရှို့၍ရရှိသော ပြာကို စိုက်ခင်းထဲ ပြန်လည်ထည့်သွင်းခြင်း သို့မဟုတ် မြေဆွေးပုံများ ပြုလုပ်ရာတွင် ထည့်သွင်းခြင်းဆောင်ရွက်နိုင်ပါသည်။
- တောင်သူများအနေဖြင့် ၎င်းတို့၏လယ်ယာမြေအတွက် နေရာအကျယ်အဝန်းအရ အော်ဂဲနစ်ပစ္စည်းများ မည်မျှသုံး၍ မြေဆွေးပြုလုပ်ရမည်ကို သိရှိဆုံးဖြတ်နိုင်ရပါမည်။ မြေဆွေးပြုလုပ်သည့် နည်းစနစ်ပေါ်မူတည်၍ အာဟာရဆုံးရှုံးမှုနှင့် ကုန်ကျစရိတ်များရှိနိုင်ပါသည်။

မှတ်သားရန်မှာ- အော်ဂဲနစ်စိုက်ပျိုးရေးစနစ်၏ ရည်ရွယ်ချက်တစ်ခုမှာ စိုက်ကွင်း၊ ဒေသလိုက်၍ အာဟာရဓာတ်များ၏လည်ပတ်ပုံကို ဖြစ်နိုင်သမျှ နီးနီးကပ်ကပ်လေ့လာသိရှိလာပြီး အာဟာရဓာတ်ပျောက်ဆုံးမှုများ လျော့နည်းလာစေရန် ဖြစ်ပါသည်။

**အော်ဂဲနစ်စိုက်ပျိုးရေးတွင် မြေပြင်ပေါ်တွင် စိုက်ပျိုးထားသော ဝင်ငွေရသီးနှံများကို မိမိကိုယ်တိုင် စားသုံးရန်နှင့်ရောင်းချရန် စိုက်ပျိုးခြင်း၊ စားကျက်မွေးမြူခြင်းသာမက သီးနှံပင်များအာဟာရ ပြည့်ဝရေးအတွက် အော်ဂဲနစ်မြေဆွေးထုတ်လုပ်မှု အကောင်းဆုံးရရှိအောင် အောက်ပါအချက်များကို လိုက်နာကျင့်သုံးရပါမည်-**

- သီးနှံမျိုးကွဲများစွာ၊ အပင်များစွာ စိုက်ပျိုးခြင်း
- နှစ်ချင်းသီးနှံနှင့် နှစ်ရှည်သီးနှံပင်များအတွက် တစ်နှစ်ပတ်လုံး မြေဖုံးပင်များ ရှင်သန်စေခြင်း
- နှစ်ချင်းသီးနှံနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရာတွင် မြေလှပ်ထားသော ကာလများတွင် ပဲမျိုးရင်းဝင် အပင်များစိုက်ပျိုး၍ မြေဆီလွှာကောင်းမွန်ထက်သန်စေခြင်း
- နှစ်ချင်းနှင့် နှစ်ရှည်စားကျက်စိုက်ပျိုးခြင်းမှ သီးနှံပင်စိုက်ပျိုးခြင်းစနစ်သို့ ပြောင်းလဲစေခြင်း
- သီးနှံရောနှောစိုက်ပျိုးသည့် စနစ်ဖွံ့ဖြိုးလာစေခြင်း (ဥပမာ။ ဝါသီးနှံကြားတွင် ပဲမျိုးရင်းဝင်ပင် စိုက်ပျိုးခြင်း၊ ပဲနှင့်ပြောင်းသီးညှပ်စိုက်ခြင်း၊ ကြံအပင်ငယ်စဉ်တွင် ပဲစိုက်ပျိုးခြင်း)
- အမြဲစိုက်ပျိုးထားသော သီးနှံစိုက်ခင်း(ဥပမာ။ သီးနှံ၊ သစ်တောရောနှောစိုက်ခင်းဖြစ်သည့် ငှက်ပျော၊ ကော်ဖီ၊ ကိုကိုး၊ သရက်စသည်ဖြင့်)တွင် မြေဖုံးပင်များ၊ ပဲမျိုးရင်းဝင် သီးနှံများထည့်သွင်းစိုက်ပျိုးခြင်း
- မြောင်းဖော်စိုက်ပျိုးခြင်း(Alley Cropping) အတွက် သီးနှံပင်များကြားတွင် ဘောစကိုင်းပင်များ အတန်းလိုက်စိုက်ပျိုး၍ အရွက်များကိုဖြတ်ပြီး မြေသြဇာအဖြစ်ကျွေးခြင်း
- သစ်ပင်များ၊ ချုံပုတ်များ အတန်းလိုကပြုလုပ်၍ စည်းရိုးတန်းစိုက်ပျိုးခြင်းဖြင့် လေကာပင်အဖြစ်ဆောင်ရွက်ပေးခြင်း၊ မြေတိုက်စားမှုကာကွယ်ပေးခြင်း၊ သီးနှံဖျက်ပိုးများ၏ သဘာဝရန်သူများ နေထိုင်စရာဖြစ်စေခြင်း၊ သစ်နှင့်လောင်စာ ထင်းအတွက် အသုံးပြုနိုင်ခြင်း၊ စည်းရိုးတန်းပင်များ၏ အရွက်များကိုဖြတ်၍ မြေကို ဖုံးအုပ်ပေးခြင်း(Mulching) နှင့် မြေဆွေးပြုလုပ်ခြင်း(Composing)၊ အနီးပတ်ဝန်းကျင် သမားရိုးကျ စိုက်ခင်းများမှ ပိုးသတ်ဆေးမျောကြောင့် နေရာဒေသညစ်ညမ်းမှုဖြစ်စေခြင်းမှ တားဆီးကာကွယ်ပေးခြင်း
- ပြုပြင်စီရင်ထားသော ဓာတုမြေသြဇာများ၊ အပင်ကာကွယ်စောင့်ရှောက်ခြင်း၊ သိုလှောင်ခြင်းနှင့် စားသောက်ကုန်များထုတ်လုပ်ရာတွင် အန္တရာယ်ဖြစ်စေသော ဟော်မုန်းများ၊ အပင်ကြီးထွားမှု မြန်စေသော ဆေးများသုံးစွဲမှုကို တားမြစ်ခြင်း
- မြေဆီလွှာကို တိုးတက်ကောင်းမွန်၍ တည်တံ့ခိုင်မြဲစေခြင်း
- စိုက်ကွင်း၊ ကျေးရွာ၊ ဒေသအလိုက် အပင်အာဟာရဓာတ်များကို ပြန်လည်ဖြည့်ဆည်းပေးမှုကို နားလည်သဘောပေါက်စေခြင်း
- ဇီဝသက်ရှိများဖြင့် အပင်များကို နှိမ်နင်းခြင်း၊ ကာကွယ်တားဆီးခြင်း
- တိရစ္ဆာန်မွေးမြူရေးအတွက် သင့်တော်သောနေရာနှင့် သီးနှံမျိုးစိတ်များဖြစ်ခြင်း
- ဗီဇအားဖြင့် ပြုပြင်ထားသော ပစ္စည်းများ ထုတ်ကုန်များအား ဟန့်တားခြင်း
- အရင်းအမြစ်များ သုံးစွဲမှုကို အနည်းဆုံးဖြစ်စေခြင်း
- တည်တံ့ခိုင်မြဲသော ဂေဟစနစ်စိုက်ပျိုးရေးဖြစ်စေရန် ပတ်ဝန်းကျင် သဘာဝကို ထိန်းသိမ်းခြင်းတို့ ဖြစ်ပါသည်။



# မီးသတ်တပ်ဖွဲ့နေ့ကိုဂုဏ်ပြု မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**သီပေါ မေ ၂၂**

(၆၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းကို မြို့နယ်အတွင်းရှိ ရပ်ကွက် (၁၁) ရပ်ကွက်၊ ကျေးရွာအုပ်စု (၆၇) အုပ်စုအတွင်း စီမံချက်ချဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် ဒေသခံအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စက်ရုံအလုပ်ရုံများတွင် မီးဘေးကြိုတင် ကာကွယ်ထားရှိမှုများ၊ စက်သုံးဆီအရောင်းဆိုင်များ၌ မီးငြိမ်းသတ်ရေးပစ္စည်း ကိရိယာများ အပြည့်အစုံထားရှိမှုများကို မေ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထို့အပြင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများကိုလည်း လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။ **စိုင်း(သီပေါ)**



# စီးပွားဖြစ်ဘဲမွေးမြူခြင်းဖြင့် ဝင်ငွေအမြောက်အမြားတိုးတက်လာနိုင်



**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-တင်လှမောင်**

ဘဲမွေးမြူရေးသည် စီးပွားရေးလုပ်ငန်းနှစ်ခုကို တစ်ပြိုင်တည်းလုပ်နိုင်သောလုပ်ငန်းဖြစ်ပြီး ဘဲမွေးမြူခြင်းနှင့်အတူ ငါးမွေးမြူနိုင်ခြင်း ၊ စပါးစိုက်ခြင်း စသည့် ပေါင်းစည်းလယ်ယာ နည်းစနစ်များကို အသုံးပြုကာ အကျိုးအမြတ်များများ ရရှိအောင် လုပ်ဆောင်နိုင်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

ဘဲများသည် ကြက်များထက် ရေသောက်နှုန်း ပိုမိုများပြားသည့်အတွက် ၎င်းတို့မှ စွန့်ထုတ်သော မစင်၌ ရေငွေ့ဓာတ် ၉၀ ရာခိုင်နှုန်း ပါဝင်နေသောကြောင့် ရောဂါမဖြစ်ပွားစေရန်၊ မှိုများမပေါက်ပွားစေရန်အလို့ငှာ နေထိုင်ရာခြံအတွင်းရှိ ကြမ်းခင်းများကို ခြောက်သွေ့နေအောင် အထူးကြပ်မတ်ဆောင်ရွက်သင့်ကြောင်း၊ ဘဲများသည် မျက် ည်အကြိတ် မပါသည့်အတွက် မွေးမြူသည်အခါ မျက်စိကိုရေဖြင့် အမြဲတမ်း ဆေးကြောပေးနေရန်လိုအပ်ပြီး ထိုသို့မလုပ်ဆောင်ပါက မျက်စိများမွဲခြောက်ပြီး မျက်ခွံပိတ်သွားနိုင်ကြောင်း သိရသည်။ ထို့ကြောင့် ကုန်းခေါင်ခေါင်ဒေသများ၌ ဇောက်နက်သည့် သောက်ရေခွက်များထားပေးပြီး မွေးမြူနိုင်ကာ ၎င်းတို့၏ ဦးခေါင်းကိုနှစ်သည့်အခါ၌ မျက်စိကိုဆေးပေးသကဲ့သို့ နှုတ်သီးကိုအသုံးပြုပြီး ၎င်းတို့ကိုယ်တိုင် ကိုယ်ပေါ်သို့ ရေပက်ပြီး ရေချိုးနိုင်သည်။ သောက်ရေခွက်များထဲသို့ ဘဲများရေဆင်းမချိုးနိုင်စေရန်အတွက် သီးသန့်သောက်ရေ ခွက်နှင့် ခေါင်းရေဆေးခွက်ဟူ၍ ကန့်သတ်ထားပေးရန် လိုအပ်သည်။

ဘဲ၏အူသိမ်ထဲတွင် နေထိုင်သော ကပ်ပါးကောင်များသည် အူအတွင်းရှိ အာဟာရဓာတ်များကို စားသောက်ကြသဖြင့် သန်ကောင်များစွာ တွယ်ကပ်နေသောဘဲများ၌ အာဟာရချို့တဲ့ပြီး ထုတ်လုပ်မှုစွမ်းအား ကျဆင်းလာစေနိုင်သောကြောင့် ဘဲများအား ပုံမှန် သုံးလတစ်ကြိမ် သံချဆေးတိုက်ကျွေးပြီး သံချပေးရန်လိုအပ်သည်။ ဘဲသည် အရွက်စိမ်းစား သတ္တဝါဖြစ်သောကြောင့် ရေကန်ထဲတွင် အပင်စိမ်းများ(ကန်စွန်းပင်၊ ဗေဒါပင်၊ ကညွတ်ပင် အစရှိသည်ဖြင့်) စိုက်ထား ပေးခြင်းဖြင့် အစာစိမ်းဖိုးကို သက်သာစေနိုင်သည်။ ဥတမ်းဝင် ဘဲမများအတွက်ကို စားကွဲ၊ ဖွဲနု၊ ပြောင်း၊ နှမ်းဖတ်၊ ငါးပေါင်းမှုန့်၊ ငါးကုန်းညှိ၊ ပဲပုပ်စေ့၊ ပုစွန်ဖွဲ၊ ကျောက်မှုန့်နှင့် စားအုန်းဆီများကို အရွယ်အလိုက် အချိုးကျ အစာစပ်ကျွေးနိုင်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

ဘဲမများ ဘဲဥ ဥနိုင်ကြစေရန်အတွက် ဥကျင်းကို လုံခြုံမှုရှိစေရန်လိုပြီး ရေလျှံ ရေဝပ်မထားသင့်ကာ ၎င်းတို့အတွက်ခြံအကျယ်ကြီး မလိုသော်ငြားလည်း ခြံကိုလေဝင်လေထွက် ကောင်းစေရန်ဆောင်ရွက်ထားသင့်ပါသည်။ ခြံသန့်ရှင်းရေးအမြဲပြုလုပ်သင့်ပြီး ဘဲရေငုံ့ရန် ရေခွက်ထားပေးလျှင်လည်း ရေလဲပေးရန် မမေ့သင့်ပေ။ အစာအဆိပ်သင့်ပြဿနာသည် ဘဲငယ်များသာမက ဘဲအကောင်ကြီးများတွင်ပါ အဖြစ်များသောကြောင့် ဘဲစာများကို မှိုမတက်စေရန်နှင့် ရောဂါပိုးသယ်ဆောင်လာနိုင်သော ကြွက်များဝင်ရောက်စားသောက်ခြင်းမှ ကင်းဝေးအောင် စီမံထိန်း သိမ်းထားသင့်ပါသည်။ ဘဲများသည် အကြမ်းခံပြီး တုပ်ကွေးကူးစက်ရောဂါများကိုလည်း ခံနိုင်ရည်ရှိသည်။

ဘဲများစွာမွေးမြူနိုင်လျှင် သင့်တော်သော ဘဲဥဈေးကွက်ရရှိမြဲဖြစ်ပြီး စားသုံးသူပြည်သူများအနေဖြင့်လည်း ပိုမိုစားသုံးလာကာ ဝယ်လိုအားလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ တစ်ပိုင်တစ်နိုင် ဘဲမွေးမြူရေးမှ စီးပွားဖြစ် ဘဲမွေးမြူရေးအထိ ဥ ဥနှုန်းကောင်းသော၊ ဈေးကွက်မီသော၊ ဥအရွယ်အစားကြီးသော စသည့်အရည်အသွေးများနှင့်ပြည့်စုံသည့် မျိုးကောင်းများကို ရွေးချယ်မွေးမြူမှသာ အမြတ်အစွန်း ပိုမိုရရှိမည်ဖြစ်ပြီး မိမိတို့နေ့စဉ်စားသုံးနေသော ကြက်ဥထက် ဘဲဥမှာ အာဟာရဓာတ် နှစ်ဆပါဝင်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ပိုမို၍လည်း အရသာရှိကြောင်း၊ ဘဲဥအခွံသည်ထူသောကြောင့် ပိုမိုအထားခံပြီး ပိုမိုလတ်ဆတ်စွာစားသုံးနိုင်ကြောင်း၊ ကင်ဆာဆဲလ်များဆက်မပွားနိုင်သော၊ အယ်ကာလိုင်းထုတ်ပေးနိုင်သော အစာများထဲမှာ ဘဲဥအပါအဝင်ပင် ဖြစ်ကြောင်း၊ ဘဲဥကို ပြုတ်၊ ကြော်၊ချက် စသည်ဖြင့် အမျိုးမျိုးစီမံချက်ပြုတ် စားသုံးနိုင်ကြောင်းတွေ့ရသည်။ ဘဲဥမှ တစ်ဆင့် ပြုလုပ်လိုက်သော ဆေးဘဲဥကို စားသုံးသူများ များပြားကြသကဲ့သို့ မလေးရှား၊ ထိုင်း၊ တရုတ်၊ ဖိလစ်ပိုင်နိုင်ငံများတွင်လည်း ဘဲဥဆားစိမ်ပြုတ်သည် လူကြိုက်အများဆုံးသော အစားအစာတစ်ခုပင် ဖြစ်သောကြောင့် စီးပွားဖြစ်ဘဲမွေးမြူခြင်းဖြင့် ဝင်ငွေအမြောက်အမြား တိုးတက်လာကြောင်း ဘဲမွေးမြူကြသည့် အများပြည်သူများအတွက် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားချက်အရ သိရသည်။

# ကျေးလက်ဒေသစွမ်းဆောင်ရည်ဆုရွေးချယ်ရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

**တာချီလိတ် ဧပြီ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့်အဖွဲ့သည် ဧပြီ ၂၀ရက်က မွေးမြူထုတ်လုပ်မှု အကောင်းဆုံးမွေးမြူရေးသမား ဆုပေးရန်အတွက် မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်ဆင့်မှ ရွေးချယ်ခြင်းခံထားရသော တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဟာကျးမုနိုး ကျေးရွာရှိ ဦးကျပေး၏ နွားမွေးမြူရေးခြံ၊ ကြက်ခြံနှင့် ငါးများ မွေးမြူရေးခြံများသို့ သွားရောက်ပြီး လုပ်ငန်းများ အမှန်တကယ် ဆောင်ရွက်ထားမှု ရှိ၊ မရှိနှင့် လိမ္မော်၊ ရော်ဘာ၊ လယ်ယာစိုက်ပျိုးရေးဖြစ် ထွန်းအောင်မြင်နေမှု အခြေအနေများကို သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ ရွေးချယ်ခံရသူတစ်ဦးကို ဗဟိုအဆင့်ပြိုင်ပွဲများသို့ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် မွေးမြူသူမှာ စုစုပေါင်း တိရစ္ဆာန်မွေးမြူမှု ရာခိုင်နှုန်း၊ မွေးမြူရေးသုံး စက်ကိရိယာများသုံးစွဲနိုင်မှု၊ သိပ္ပံနည်းကျ မွေးမြူနည်းစနစ်များ လိုက်နာဆောင်ရွက်နိုင်မှု၊ အဆင့်မြင့် မွေးမြူရေးခြံများ ဖော်ထုတ် မွေးမြူနိုင်မှု၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု၊ မွေးမြူရေးသမားများ၏ ယုံကြည်အားကိုးမှုနှင့် ထူးခြားစွာဆောင်ရွက်နိုင်မှု စသည့်အချက်များနှင့် ကိုက်ညီသည့် မွေးမြူရေးသမားတစ်ဦးကို ရှမ်းပြည်နယ် ကိုယ်စားပြုအနေဖြင့် ရွေးချယ်ခြင်းဖြစ်ကြောင်းသိရသည်။

ထို့နောက် တာချီလိတ်မြို့နယ် လွယ်စီတုံကျေးရွာအတွင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဖက်စပ်ဥစားကြက် မွေးမြူရေးလုပ်ကိုင်သူ ဒေါ်သီတာ၏ ဥစားကြက်မွေးမြူရေးခြံကို ကြည့်ရှုခဲ့ကြသည်။

ဒေသအတွင်း မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးခြင်း၊ နည်းပညာနှင့် အရင်းအနှီးများပေးအပ်ခြင်း၊ ကျေးလက်ဒေသအတွင်း တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်စေရေး မွေးမြူရေး ကျေးလက်လူငယ်များကို မွေးထုတ်ခြင်းအပြင် မွေးမြူရေးလုပ်ငန်းရှင်များအား မွေးမြူရေးတိုးချဲ့လာစေရန် တွန်းအားပေးခြင်း၊ လိုအပ်သောအရင်းအနှီးကို ထုတ်ချေးပေးခြင်း၊ ယှဉ်ပြိုင် မွေးမြူလာစေရန် မွေးမြူထုတ်လုပ်မှုကောင်းမွန်သည့် လုပ်ငန်းရှင်များအား နိုင်ငံတော်မှ ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**



*ယမန်နေ့မှအဆက်*

## (၂၁)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တယောအတီး ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့်တေးသီချင်းများ

### တယော

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)

(က) အိုသာတင့်ဆုံး (ယိုးဒယား)
(ခ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဂ) အောင်မင်္ဂလာ (ယိုးဒယား)
(ဃ) တောမြိုင်စွန်း (ယိုးဒယား)
(င) မဲဇာတောင်ခြေ (ပတ်ပျိုး)
(စ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(ဆ) မြန်ချာမြေကို (ပတ်ပျိုး)
(ဇ) ခိုင်ပန်းစုံမှုန်မာလာ (ယိုးဒယား)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) တောနဲ့တောင်စွယ် (ယိုးဒယား)
(ခ) ညဥ့်သုံးယံ (ပတ်ပျိုး)
(ဂ) ဂုဏ်တော်ဖွင့်(ကာလပေါ်) (ပြည်လှဖေ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ပြည်တော်ဝင် (ကာလပေါ်)
(ခ) ဝေဇယန္တာ (ယိုးဒယား)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မြနန္ဒာ (ကာလပေါ်)(ဒေါ်စိန်ပါတီ)
(ခ) ဖြေလျော့ခွေ (ပတ်ပျိုး)
(ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) လွမ်းပိုအောင်ညိုမင်းလွင် (ယိုးဒယား)
(ခ) မေတ္တာဂုဏ် (ကာလပေါ်)(ပြည်လှဖေ)
(ဂ) မြန်ခန်းကျွန်းတွင်း (ကြိုး)

## (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ မယ်ဒလင် အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

### မယ်ဒလင်

၁။ ဝါသနာရှင် ( ပထမတန်း) အဆင့် (အမျိုးသား၊အမျိုးသမီး)

(က) နန်းသီဟို (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) မန္တလာဘုံ (ဘွဲ့)
(ဃ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)
(င) ထူးမခြားနား (သီချင်းခံ)
(စ) မှုန်ပြာဝေ (ယိုးဒယား)
(ဆ) ရေယမုန် (ပတ်ပျိုး)
(ဇ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား ၊အမျိုးသမီး)

(က) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)
(ခ) နွေဦးတေးသံ (ကာလပေါ်) (မေလှမြိုင်)
(ဂ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မှိုင်းရိပ်ကယ်တည့်ဝေမှောင် ( ကြိုး)
(ခ) ဂုဏ်တော်ဖွင့် (ကာလပေါ်)
(ဂ) ဆန်းနွေဦး (ယိုးဒယား)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သည်ဆောင်းဟေမန် (ဘွဲ့)
(ခ) သုခုမ (ကာလပေါ်)(စောင်းဦးဘသန်း)
(ဂ) နန်းဘုံသီဟာဗွေ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဝေဘာဂီရိ (ကြိုး)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) ဇမ္ဗူဒီပါ (ကာလပေါ်) (စိန်ပါတီ)

# ရှင်အပါး ၅၀၀၀ စုပေါင်းရှင်ပြု အလှူတော်မင်္ဂလာကျင်းပမည်

**မုံရွာ ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာ၌ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ကုဏ္ဍိဗလက ကြီးမှူး၍ မေ ၁၆ ရက်တွင် ရှင်အပါး ၅၀၀၀ အား ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် မြင့်မြတ်သော သာသနာ့ဘောင်သို့ မြန်မာဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ သွတ်သွင်းခြင်း ရှင်ပြုအလှူတော်မင်္ဂလာပွဲကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာကို အခြေပြုပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍိဗလကကြီးမှူးပြီး သာသနာ့အမွေခံနိုင်တဲ့ ဒါယကာ ဒါယိကာမများ ဖြစ်စေရန်နဲ့ စားဝတ်နေရေးအခက်အခဲကြောင့် ရှင်ပြုပေးရန် စိတ်ဆန္ဒရှိနေတဲ့ နယ်သူနယ်သားတွေရဲ့ အခက်အခဲကို ဆရာတော်က အမြော်အမြင်ကြီးစွာနဲ့ ရှင်အပါး ၅၀၀၀ ရှင်ပြုပွဲ မင်္ဂလာအခမ်းအနားကို ကျင်းပပေးတာဖြစ်ပါတယ်။ ရှင်အပါး ၅၀၀၀ ဆိုရာမှာ ကျွန်တော်တို့ မြောင်မြို့နယ် အပါအဝင် မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်နဲ့ ရေစကြိုမြို့နယ်တို့မှလည်း ရှင်လောင်းများ ပါဝင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဒီလောက်ရှင်လောင်းများပြားတဲ့ပွဲကတော့ ရှိသေးမှာမဟုတ်ပါဘူး။ မောင်ရှင်လောင်းမိဘတွေဆိုရင်လည်း ဝမ်းသာပီတိဖြစ်နေကြပါတယ်။ ဒီအလှူပွဲ ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးနေတဲ့ ဆရာတော်နဲ့ အလှူရှင်များကို နယ်သူနယ်သားများကိုယ်စား ကျေးဇူးတင်ရှိပါတယ်" ဟု မြောင်မြို့နယ်မှ ရှင်အပါး ၅၀၀၀ အလှူပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင် ဦးမြင့်နိုင်စိုးက ပြောကြားသည်။

အဆိုပါ ရှင်အပါး ၅၀၀၀ အား သာသနာ့ဘောင်သို့ သွတ်သွင်းမည့် ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ သတင်းမီဒီယာအဖွဲ့များက ပြည်သူများကုသိုလ်ပွားများနိုင်စေရေးအတွက် လာရောက်ကြမည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီး ပြန်/ဆက်ရုံး မုံရွာမြို့ ၀၇၁-၂၁၁၁၄၊ နှင့် ၀၉- ၇၉၈၀၄၁၇၂၃ သို့ဆက်သွယ်၍ အမည်စာရင်း ကြိုတင်ပေးပို့ပြီး သတင်းရယူခြင်း၊ သတင်းမှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခွင့်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ကူညီပေးရန် စီစဉ်ထားရှိကြောင်းလည်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီ၏ ပြောကြားချက်အရ သိရသည်။

**မင်းခန့်စိုး( ဧယျာမြေ)**



# ပျော်ရွှင်ဆင်နွှဲမန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲကျင်းပ

**မန္တလေး ဧပြီ ၂၂**

မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှ နှစ်စဉ်ကျင်းပသော ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဓာတ်ပုံဝါသနာရှင် ၁၀၀ ကျော်က ပြိုင်ပွဲဝင်ဓာတ်ပုံစာရင်း ၄၂၇ ပုံ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို သင်္ကြန်အတက်နေ့ နံနက်ပိုင်းက ရွေးချယ်ရာ ပထမဆု မင်းမင်းလတ်၊ ဒုတိယဆု မြင့်သန်းထွန်း၊ တတိယဆု သန်း ထိုက်စိုး(ခ) ဖိုးခွား၊ နှစ်သိမ့်ဆုအဖြစ် ကိုကိုလေး (အိုခစံ)၊ အောင်ချင်း (ချယ်ရီဝင်း)၊ ဘိုးတော် (အမရပူရ)၊ မျိုးမင်းကြွယ် (ရွှေတောင်ကြား)၊ ဘိုသင်းတို့ ရရှိကြသည်။ ဆုပေးပွဲအခမ်းအနားကို သင်္ကြန်အတက်နေ့ ညပိုင်းက မြို့တော်ဝန်မဏ္ဍပ်၌ ဆုများချီးမြှင့်ပေးအပ်ရာ ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းခွဲ၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း (ပုသိမ်ကြီး)**

# ရန်ကုန်တိရစ္ဆာန်ဉယျာဉ်သို့ နေပြည်တော်မှ တိရစ္ဆာန်အချို့ပြောင်းရွှေ့ပြသ

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်တိရစ္ဆာန်ဉယျာဉ်သို့အများပြည်သူများ ပိုမိုလေ့လာကြည့်ရှုနိုင်ရန်အတွက် နေပြည်တော်တိရစ္ဆာန်ဉယျာဉ်မှ ရန်ကုန်တိရစ္ဆာန်ဉယျာဉ်သို့ ကြံ့ဖြူ တစ်ကောင်၊ မြင်းကျားနှစ်ကောင်၊ ဘို့တစ်လုံးကုလားအုတ်နှစ်ကောင်၊ ငှက်ကုလားအုတ် နှစ်ကောင်တို့ကို ဧပြီ ၄ ရက်မှစ၍ ပြောင်းရွှေ့ပြသထားလျက်ရှိကြောင်း သိရသည်။

တိရစ္ဆာန်ဉယျာဉ် (ရန်ကုန်) တွင် နို့တိုက်သတ္တဝါ ၄၉ မျိုး ကောင်ရေ ၄၆၅ ကောင်၊ ကျေးငှက် ၆၈ မျိုး၊ ကောင်ရေ ၄၁၇ ကောင်၊ တွားသွား ၁၈ မျိုး၊ ကောင်ရေ ၁၈၃ ကောင်၊ စုစုပေါင်း ၁၃၅ မျိုး၊ ကောင်ရေ ၁၀၆၅ ကောင်တို့အား မွေးမြူထိန်းသိမ်း စောင့်ရှောက်ပြသလျက်ရှိသည့်အပြင် ရုပ်လုံးသွင်း တိရစ္ဆာန်များနှင့် ရေသတ္တဝါများ၊ ရှားပါး တိရစ္ဆာန်ကိုလည်း ပြတိုက်ဖွင့်လှစ်ပြသလျက်ရှိသည်။

နွေရာသီကျောင်းပိတ်ရက်တွင်လည်း လည်ပတ်သူ သာမန်မျှသာ လည်ပတ်နေကြကြောင်း ရန်ကုန်တိရစ္ဆာန်ဉယျာဉ် ပြုပြင်ထိန်းသိမ်းရေးမှ ကိုသန်းဦးက ပြောသည်။ လူကြီးတစ်ဦး ၁၀၀၀ ကျပ်၊ ကလေး (၂ နှစ်မှ ၁၀ နှစ်) တစ်ဦး ၅၀၀ ကျပ်နှင့် နှစ်နှစ်အောက်ကလေးများအခမဲ့ဖြင့် နေ့စဉ် နံနက် ၈ နာရီမှ ညန ၆ နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

ရန်ကုန် တိရစ္ဆာန်ဉယျာဉ်သည် ယခင် (၆၉ ဒသမ၂၅)ဧက ကျယ်ဝန်းပြီး ယခု (၅၈ ဒသမ၁၆) ဧက ကျယ်ဝန်းကာ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တည်ရှိကာ အရှေ့ဘက်တွင် အထက်ပန်းဆိုးတန်းလမ်း၊ အနောက်ဘက်တွင် ကမ္ဘာအေးစေတီလမ်း၊ တောင်ဘက်တွင် ဗိုလ်မင်းခေါင်လမ်းနှင့် မြောက်ဘက်တွင် ကန်ရိပ်သာလမ်းရှိပြီး ရွှေတိဂုံဘုရား၊ အောင်ဆန်းကွင်းများအနီးတွင် တည်ရှိသည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က နှစ်(၁၀၀)ပြည့်ပွဲကျင်းပနိုင်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ ထူးထရေးဒင်းကုမ္ပဏီသို့ နှစ်ရှည် ငှားရမ်း လုပ်ကိုင်စေလျက်ရှိသည်။ နှစ်စဉ်လာရောက်လည်ပတ်သူများမှာ တစ်သိန်းခွဲခန့်ရှိကြောင်း သိရသည်။ တိရစ္ဆာန်ဉယျာဉ် (ရန်ကုန်)ကို ပြည်သူများ အပန်းဖြေအနားယူရန်နှင့် ဗဟုသုတ ရှာမှီးနိုင်ရန်၊ ကျောင်းသား ကျောင်းသူများ သတ္တဗေဒနှင့်ရုက္ခဗေဒဆိုင်ရာ ပညာရှာမှီးရာတွင် အထောက်အကူဖြစ်စေရန်၊ တောရိုင်းတိရစ္ဆာန် ကျေးငှက်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ပြည်သူများအား စည်းရုံးပညာပေးရန်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရှားပါးသော တိရစ္ဆာန် ကျေးငှက်များအား မျိုးဆက်ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပြသလျက်ရှိကြောင်း ၎င်း၏ အင်တာနက် စာမျက်နှာ Htoo Zoo Myanmar တွင် ဖော်ပြထားသည်။

**သန့်ဇင်ဝင်း**






# မှော်ဘီချောင်း တူးဖော်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၌ ရေလွှမ်းနစ်မြုပ်မှု ကာကွယ်ရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရည်ရွယ်၍ မှော်ဘီချောင်းအတွင်း မြေသားတူးဖော်ခြင်း၊ မြို့တွင်းရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာဌာနဆိုင်ရာများသည် မြေတူးစက်ကြီးများဖြင့် ဧပြီ ၂၀ ရက်က အမှတ်(၄) ရပ်ကွက် ယမုံနာ(ဘီ) တိုးချဲ့ကွက်သစ်ရှိ မှော်ဘီချောင်း၌ ဆောင်ရွက်ခဲ့သဖြင့် ရပ်ကွက်သူ ရပ်ကွက်သားများ ဝမ်းမြောက်ဝမ်းသာရှိကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြို့နယ်ဆရာဝန်နေအိမ်မှ ငွေနှင့်ဖုန်းများ အခိုးခံရ

**နတ်မောက် ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြို့မရပ်ကွက်နေ ဒေါက်တာမျိုးမင်း (မြို့နယ်ဆရာဝန်) သည် ဧပြီ ၂၀ ရက်က နံနက် ၁ နာရီ မြို့နယ်ပြည်သူ့ ဆေးရုံဝင်းအတွင်းရှိ နေအိမ်အောက်ထပ် အိပ်ခန်းအတွင်း၌ မိသားစုနှင့်အတူ အိပ်ရာဝင်ခဲ့ပြီး နံနက် ၆ နာရီတွင် သမီးဖြစ်သူ မယွန်းစံပယ်ဖြိုးက အိမ်သာဘက်သွားသည့် နောက်ဖေးတံခါးပွင့်နေကြောင်း၊ အဆိုပါ တံခါးအနီးတွင် ဖန်စီပိုက်ဆံအိတ်တွေ့ကြောင်း ပြောသဖြင့် အိပ်ရာမှ ထကြည့်ရာ ခုတင်ဘေးသေတ္တာပေါ်တွင် တင်ထားသည့် ငွေကျပ် လေးသိန်း၊ GSM ဆင်းကတ်ပါ ဖုန်းတစ်လုံး၊ အခန်းအတွင်း တီဗွီရှေ့ ကုလားထိုင်ပေါ်တွင် တင်ထားသော တံခါးအနီး တွေ့ရှိရသည့် ဖန်စီ ပိုက်ဆံအိတ်အတွင်း ထည့်ထားသည့် ငွေကျပ် ငါးသောင်း၊ အော်ရီဒူးဆင်းကတ်ပါ ဖုန်းတစ်လုံး၊ အိပ်ခန်းဘေး ဆေးကောင်တာစားပွဲ အံဆွဲအတွင်းမှ ငွေကျပ်လေးသောင်း စုစုပေါင်း ငွေကျပ် လေးသိန်းကိုးသောင်းနှင့် ပစ္စည်းတန်ဖိုး ၂၆ သိန်းတို့မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခိုးယူသူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဒေါက်တာမျိုးမင်းက တရားလို ပြုလုပ်တိုင်တန်းသဖြင့် နတ်မောက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ခရီးသည်တင်ဟိုင်းလပ်ယာဉ် နောက်တာယာပွင့်ထွက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၍ ၁၂ ဦး ဒဏ်ရာရ

**နေပြည်တော် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံရွာမကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်းပေါ်တွင် ဧပြီ ၁၉ ရက် နံနက် ၇ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဥက္ကံနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်-ပြည် ကားလမ်းအတိုင်း ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ နွယ်ချို(၁)ရပ်ကွက်နေ ရဲမြင့်ထွန်း ( ၃၅)နှစ် မောင်းနှင်လာသော ၆က/ ---- ဟိုင်းလပ် ခရီးသည်တင်ယာဉ်မှာ မိုင်တိုင်အမှတ် (၆၀/၄) အနီးအရောက် ယာဉ်၏နောက်ယာဘက် တာယာ ပွင့်ထွက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၁၄ ဦးအနက် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သပြေကြီးစုကျေးရွာနေ ကိုမိုးကျော် (၂၆)နှစ်ပါ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၂ ဦးတို့ ဒဏ်ရာများရရှိခဲ့သဖြင့် တိုက်ကြီးပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတို့သို့ ပို့ဆောင်ပေးခဲ့ပြီး ရဲမြင့်ထွန်းကို ဥက္ကံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# နို့စားနွားမွေးမြူရေး အောင်မြင်လာ



**မုံရွာ မေ ၂၂**

ကျေးလက်ဒေသတွင် နေထိုင်သော ပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများကိုသာမက ဒေသနှင့်ကိုက်ညီသည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို မိသားစုဝိုင်းဝန်းလုပ်ကိုင်ကြခြင်းဖြင့် ဝင်ငွေရရှိရာ မုံရွာမြို့နယ် ပုရစ်ကုန်း(တောင်/မြောက်)ကျေးရွာတွင် တစ်ပိုင်တစ်နိုင် နို့စားနွားမွေးမြူရေးလုပ်ငန်း အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

တစ်ပိုင်တစ်နိုင် နို့စားနွား မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ "ကျွန်တော်တို့ ကျေးရွာတွေမှာ အရင်က ဒေသနွားတွေမွေးပြီး နို့ညှစ်တာ၊ လွန်ခဲ့တဲ့အနှစ် ၂၀ လောက်က ဒီရွာကို မေထုန်နွားမ နှစ်ကောင်ရောက်လာတယ်၊ နို့ထွက်နှုန်းကောင်းတာကိုသိပြီး နိုင်ငံခြားနို့စားနွားမတွေကို ပြောင်းလဲမွေးမြူလာရင်းနဲ့ အခုတော့ အရှိန်ကောင်းကောင်းရနေပါပြီ၊ နိုင်ငံခြားမျိုးတွေဖြစ်တဲ့ ဒိန်းမတ်၊ အမေရိကန်၊ နော်ဝေ၊ ဂျာစီ၊ ဖရစ်ရှန် မျိုးတွေ ဝယ်ပြီး မွေးကြတယ်၊ နှစ်တွေကြာလာပြီးအခုတော့ သားစပ်တာတွေက အကုန်လုံးရောသွားပြီ၊ အခု အချိန်မှာ နို့စားနွားမ တစ်ကောင်ကို ငွေကျပ် ၁၅ သိန်းလောက်ဈေးရှိပါတယ်။ နွားနို့က မနက်၊ ညနေ တစ်ရက်ကို နှစ်ကြိမ်ညှစ်ရတယ်၊ မနက်ပိုင်းကတော့ ခြောက်ပိဿာလောက်နဲ့၊ ညနေပိုင်းကတော့ နှစ်ပိဿာလောက် ထွက်တယ်၊ နွားနို့တစ်ပိဿာကို ငွေကျပ် ၆၅၀ ကျပ်ဈေးပေါက်တယ်၊ မနှစ်ကတော့ ၅၅၀ ကျပ်ပဲရတယ် ထွက်သမျှနို့တွေ အကုန်လုံးကို စက်မှုဇုန်က မြဘုရင်နို့ချက်စက်ရုံကိုပို့ရတယ်"ဟု မွေးမြူသူတစ်ဦးက ပြောကြားသည်။

ဆက်လက်၍ "နွားမတစ်ကောင် တစ်ရက်ကို အစာဖိုးအနေနဲ့ နှမ်းဖတ်၊ ကုလားပဲခွံ၊ ဂျုံရိုး၊ ပဲနှစ်ရည် စတာတွေအတွက် ငွေကျပ် ၂၆၀၀ လောက်ကုန်တယ်၊ တစ်ရက်ကို ပျမ်းမျှနွားနို့ ရှစ်ပိဿာ ထွက်တယ်။ နွားများများ မွေးနိုင်ရင်တော့ ပိုပြီး အကျိုးရှိပါတယ်။ မေထုန်က သားပြန်ကျလို့ အမဆိုရင် နို့စားနွားအဖြစ် ဆက်မွေးမြူတယ်၊ အထီးမွေးရင်လည်း အကောင်အကြီးအထိ မွေးပြီး အသားဈေးနဲ့ပြန်ရောင်းလို့ရတယ်၊ ဒီနွားမွေးမြူရေး လုပ်ငန်းက အလုပ်မရှိတဲ့သူတွေ အတွက်လည်း နို့ညှစ်၊ နို့ပို့လုပ်ငန်းတွေကိုလည်း ဝင်ပြီးလုပ်နိုင်တဲ့အတွက် ကျွန်တော်တို့ကျေးရွာမှာတော့ လူငယ်၊ လူကြီးတွေအတွက် အလုပ်အကိုင် ကတော့ မရှားတော့ဘူး၊ နောက်တစ်ခုက နွားကနေပြန်စွန့်ထုတ်တဲ့ ချေးကအစ ပြန်ရောင်းလို့ရတယ်"ဟု ပုရစ်ကုန်းတောင်ကျေးရွာမှ နွားမွေးမြူရေး တောင်သူတစ်ဦးက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

## လောက်ကိုင် နေရပ်ပြန်ကြသူများကို သီရိမင်္ဂလာမန်ဆူ ဆရာတော် နှုတ်ဆက်ခြင်း ဩဝါဒချီးမြှင့်

**လားရှိုး မေ ၂၂**

လောက်ကိုင်ဒေသသို့ ပြန်ကြမည့် သူများကို လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူ (ရှမ်း)ကျောင်း ဆရာတော် ဘဒ္ဒန္တပုညနန္ဒက မေ ၂၁ရက် နံနက်က နှုတ်ခွန်းဆက်ဩဝါဒတရား ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် လောက်ကိုင်ဒေသမှ အိမ်ထောင်စုပေါင်း ၆၇ စုမှ မိသားစုဝင် ၂၃၄ ဦးတို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူ(ရှမ်း)ကျောင်း ဆရာတော်ထံသို့ ဖေဖော်ဝါရီ ၉ ရက်မှ စတင်ကာ ရောက်ရှိလာခဲ့ပြီး မေ ၂၀ ရက်အထိ ဆရာတော်၏ အရိပ်အာဝါသအောက်တွင် အေးချမ်းစွာ နေထိုင်ခဲ့ကြပြီးနောက် ယနေ့တွင် နယ်မြေအခြေအနေ အေးချမ်းမှုကြောင့် နေရပ်သို့ ပြန်ကြမည်ဖြစ်သဖြင့် ဆရာတော်ကို ရှိခိုးပူဇော်ကန်တော့ခဲ့ကြခြင်းကြောင့် ဆရာတော်က ဩဝါဒကထာပြန်လည်ပေးအပ်ခြင်းဖြစ်သည်။

ဆရာတော်က နှုတ်ဆက်ခြင်းအမည်ရ တရားတော်ကို ချီးမြှင့်ပေးခဲ့ပြီး အပြန်ခရီးအတွက် လမ်းခရီးတွင် စားသုံးနိုင်ရေး မုန့်ပဲသရေစာများကို ဝေငှပေးခဲ့ကြောင်းသိရသည်။

လောက်ကိုင်ဒေသမှ နေရပ်စွန့်ခွာလာသူများ ပြန်လည်မထွက်ခွာမီ ကြက်ခြေနီတပ်ဖွဲ့မှ လတ်တလောအသုံးပြုနိုင်မည့် အိုးခွက်ပန်းကန်များနှင့် အဝတ်အထည်များ၊ မိုးကာအစများကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ထို့နောက် လောက်ကိုင်နေရပ်ပြန်သူများသည် မော်တော်ယာဉ် ခုနစ်စီးဖြင့် ဇာတိမြေသို့ ပျော်ရွှင်အေးချမ်းစွာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။ **(၁၇၇)**



## ကြွယ်ချောင်း မြေအောက်တမံ စီမံကိန်း ဆောင်ရွက်



**တောင်တွင်းကြီး မေ ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပေပင်ယားအုပ်စု ကျောင်းတော်ရာ ကျေးရွာအနီး ကြွယ်ချောင်းပေါ်၌ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ကြွယ်ချောင်းမြေအောက်တမံစီမံကိန်းကို ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ ကြွယ်ချောင်းမြေအောက်တမံမှာ အဆင့်မြင့် တည်ဆောက်ရေးဆိုင်ရာ နည်းပညာများကို အသုံးပြုထားပြီး အလျား ပေ ၂၁၀၊ တူးမြောင်းအလျား ပေ ၄၅၀၀ နှင့် အမြင့် ပေ ၄၀ အဖြစ် တည်ဆောက်ရန် လျာထားပြီး ရေပေးမြောင်းများလည်း တွဲလျက် ဖောက်လုပ်လျက်ရှိသည်။

သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းနှင့် မြို့နယ်ဆည်မြောင်းအရာရှိနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဒေသလိုအပ်ချက်အတွက် မြေအောက်တမံကို တည်ဆောက်ရခြင်းဖြစ်သည့်အပြင် အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းဆောင်ရွက်ကြရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## ဆတ်သွားဘူတာ အဆန်ရထားပေါ် ပိုင်ရှင်မဲ့ ကျွန်းသစ်များ ဖမ်းဆီးရမိ

**တောင်တွင်းကြီး မေ ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆတ်သွားဘူတာသို့ ဆိုက်ရောက်ရပ်နားထားသော ပျဉ်းမနား-တောင်တွင်းကြီး-ကျောက်ပန်းတောင်း အမှတ် (၁၀၃) အဆန်လော်ကယ်ရထားပေါ်တွင် မေ ၁၉ရက် ည ၉ နာရီက မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဖြိုးမင်းဟန်နှင့် သစ်တောဝန်ထမ်းများ၊ ဆတ်သွားနယ်မြေရဲစခန်းမှ တပ်ဖွဲ့များ တက်ရောက်ရှာဖွေရာ ကျွန်းသစ်ဒါးရွေ စုစုပေါင်း ၂၇ တုံးနှင့် ကျွန်းမျောတိုင် ခြောက်တိုင်တို့ကို သိမ်းဆည်းရမိခဲ့သည်။ ပိုင်ရှင်မဲ့ကျွန်းသစ်များကို မြို့နယ်သစ်တောရုံးတွင် သိမ်းဆည်းထားပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



**လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာမှုကြောင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့သို့ နိုင်ငံခြားသားခရီးသည်များ လာရောက်လည်ပတ်မှု တိုးတက်လာလျက်ရှိရာ သန်လျင်မြို့မဈေးအတွင်းသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ မေ ၂၁ ရက်က ဝင်ရောက်လေ့လာနေကြစဉ်။**

သက်ခိုင်(သန်လျင်)

# ဒေသအစုအဖွဲ့ပိုင်သစ်တောဧကေ နှစ်သန်းကျော်အတွက် ထူထောင်စိုက်ပျိုးလိုသူများကို ချေးငွေနှင့် နည်းပညာများ ပံ့ပိုးကူညီပေးမည်



**နေပြည်တော် မေ ၂၂**

မြန်မာ့သစ်တောများ ပြုန်းတီးခြင်းမှ ကာကွယ်ရန်နှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ကာ နှစ်ပေါင်းသုံးဆယ်စီမံကိန်းဖြင့် ဒေသခံအစုအဖွဲ့ပိုင် သစ်တော ၂ ဒသမ ၂၇ သန်း ပျိုးထောင်စိုက်ပျိုးသွားမည်ဖြစ်ခြင်းကြောင့် အစုအဖွဲ့ပိုင်သစ်တောထူထောင်စိုက်ပျိုးလိုသူများအတွက် ချေးငွေနှင့် နည်းပညာများကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သိရှိရသည်။

ရေရှည်တည်တံ့စေမည့် သစ်တောစီမံအုပ်ချုပ်မှု ပုံစံအသစ်ကို ဝန်ကြီးဌာနမှ ပုံဖော်တည်ဆောက်သွားမည်ဖြစ်ပြီး သစ်တောကဏ္ဍ ဘက်စုံပင်မစီမံကိန်းအဖြစ် ဒေသခံအစုအဖွဲ့ပိုင်သစ်တောများကို အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်းများနှင့် ဒေသခံများ စုပေါင်းကာ စတင်ဆောင်ရွက်နေခြင်းကြောင့် လက်ရှိတွင် အစုအဖွဲ့ပေါင်း ၈၂၀ ဖွဲ့နှင့် နိုင်ငံတော်ပိုင် သစ်တောစိုက်ခင်းဧက နှစ်သိန်းခန့် အကောင်အထည်ဖော်ထားပြီးဖြစ်သည်။

ယခုအခါ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောပညာလေ့ကျင့်ပေးရေးဌာနနှင့် ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတွင် စံပြသစ်တော စိုက်ဧက တစ်သိန်းကို ထူထောင်သွားရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သိရှိရသည်။

“သစ်တောတွေ မပြုန်းတီးစေဖို့နဲ့ ပြန်လည်ကုစားဖို့အတွက် သစ်တောစိုက်ခင်းတွေကို အောင်မြင်အောင် စိုက်ပျိုးကြဖို့ လိုအပ်သလို ဝန်ကြီးဌာနတစ်ခုတည်းလုပ်ဆောင်လို့ မရပါဘူး။ ဒေသခံတွေရဲ့ အင်အားနဲ့ သူတို့ရဲ့ တာဝန်ယူမှုအပိုင်းတွေကိုလည်း မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး သစ်တောစီမံအုပ်ချုပ်မှု ပုံစံတွေ၊ မဟာဗျူဟာတွေကို ချမှတ်ဆောင်ရွက်နေပါတယ်။ အခုမှ လုပ်ဆောင်တာမဟုတ်သလို ၁၉၉၆ ခုနှစ်ကတည်းက ဒေသအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းတွေ ပျိုးထောင်လာခဲ့တာပါ။ အခုကတော့ ရည်မှန်းချက်ကို ပိုမိုအကောင်အထည်ဖော်တာဖြစ်ပါတယ်” ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။

ထို့အပြင် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းထူထောင်လိုသူများအတွက် ချေးငွေများ ရရှိစေရန်နှင့် နည်းပညာများ ပိုမိုကျွမ်းကျင်စွာ အသုံးပြုလာနိုင်ရန်အတွက် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး သစ်ထုတ်ကုန်ဈေးကွက်ရရှိလာသည်အထိ ဈေးကွက်ရှာဖွေခြင်းများတွင်လည်း ကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

“ဈေးကွက်ဝင်နိုင်မယ့် ကျွန်းဖြူ သနပ်ခါး၊ စန္ဒကူးနဲ့ ဆီးပင် အစရှိတဲ့ သစ်တောထွက်ကုန်ကြမ်းရရှိနိုင်စေတာတွေကို ဦးစားပေးပြီး စိုက်ပျိုးစေလိုပါတယ်။ နောက်ပိုင်းမှာ ဝင်ငွေတိုးစေပြီး သစ်တောပြန်လည်ကုစားပေးနိုင်တဲ့ အပင်တွေကို အကြံပြုရွေးချယ်ပေးသွားမယ်”ဟု ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အစုအဖွဲ့ပိုင် စိုက်ခင်းများ တည်ထောင်ရန်အတွက် ပထမဆုံးနှစ်တွင် စိုက်ပျိုးလိုသည့် မျိုးစိတ်များနှင့် နည်းပညာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ အခမဲ့ ပံ့ပိုးကူညီမည်ဖြစ်ပြီး သစ်တောစိုက်ပျိုးထုတ်လုပ်မှုအတွက် နှစ် ၃၀ ခန့်ကို စိစစ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–ခင်ရတနာ၊ ဓာတ်ပုံ– မေဦးမိုး**

# ပင်လည်ဘူး-ဂဏန်းစိတ် ဒေသလမ်းပိုင်း မြေသား ကျောက်ချောလမ်းခင်း

**ငွေအိုး(ကသာ)**


**ပင်လည်ဘူး မေ ၂၂**

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်နိုင်မည်မဟုတ်ပေ။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဗန်းမောက်မြို့နယ် ပင်လည်ဘူး-ပင်ပုံ-ဂဏန်းစိတ်ဒေသ လမ်းများတိုးချဲ့ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

လမ်းနှင့် တံတားခင်းဖောက်လုပ်ခြင်းကို ယခုနှစ်ဆန်းမှစတင်ကာ ဗန်းမောက်၊ ပင်ပုံတောင်တန်းကျော် ၁၃ မိုင်၊ ပင်ပုံမှ ပင်လည်ဘူး ၄၅ မိုင် ဖောက်လုပ်၍ မြေသားကျောက်ချောလမ်းခင်းခြင်းကို ဆောင်ရွက်နေလျက်ရှိရာ ဆက်စပ်နယ်ရှိ တိုင်းရင်သားများ လမ်းပန်းဆက်သွယ်ရေးနှင့်ခရီးသွားလုပ်ငန်းအဆင်ပြေစေရန် ဗန်းမောက်မြို့မှ ဂဏန်းစိတ်ဒေသထိ ၀/၀ မိုင်မှ ၄၁ မိုင် ဖြောလုံ လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေသဖြင့်ဒေသခံများ အဆင်ပြေလာကြကြောင်းသိရသည်။

ယခင်က ခြေလျင်ခရီးဖြင့် ပင်ပုံတောင်၊ ပင်ဟင်းခါးတောင်များမှ အတက်အဆင်း သွားလာကြရသည့် ဒေသခံများသည် ဗန်းမောက်ဈေးသို့ သာရေး၊ နာရေးနှင့် လူမှုရေး၊ စီးပွားရေးများအတွက် တစ်ရက်တစ်ညခန့် သွားလာခဲ့ရပြီး နွေမိုးဆောင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့ကြသည်။ ယခုအခါ ကျောက်ချောမြေသားလမ်းများအဖြစ်သို့ ရောက်ရှိလာသည့်အတွက် မော်တော်ယာဉ်များဖြင့် စတင်သွားလာနိုင်ပြီဖြစ်ခြင်းကြောင့် မိုးမတိုင်မီ အချိန်မီ ပြီးစီးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။



ပင်လည်ဘူးမြို့နယ် မြေသားလမ်း ဖောက်လုပ်စဉ်။

# ကျေးရွာချင်းဆက်မြေသားတာပေါင်ကြောင့် သွားလာရေးလွယ်ကူ


**ကျွန်းလှ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် လိပ်ဆင်းတောင်-တပူတော-ဆားတွင်းကျေးရွာလမ်းပိုင်းမြေသားလမ်းတာပေါင်တင်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှနိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် လင်းရောင်ဝင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါမြေသားတာပေါင်တင်ခြင်းမှာ အရှည် ၁၀ မိုင်နှင့် အကျယ်ပေ ၁၈ ပေ၊ ထုထည် ၁ ပေခွဲခန့်ရှိပြီး ကုန်ကျစရိတ်စုစုပေါင်းမှာ ငွေကျပ်သန်း ၁၀၀ ဒသမ ၄၉၁ ဖြစ်ကြောင်းသိရသည်။

ယခင်ကလိပ်ဆင်းတောင်-တပူတော-ဆားတွင်းလမ်းမှာလမ်းဟောင်းကိုအားကိုးခဲ့ကြရပြီး ကျေးရွာတစ်ရွာနှင့်တစ်ရွာဆက်ဆံသွားလာရာတွင် ချောင်းများ ဖြတ်သန်းသွားလာခဲ့ကြရာမှ ယခုအခါလမ်းသစ်ကိုမြေသားတာပေါင်တင်ထားခြင်းကြောင့် သွားလာမှုလွယ်ကူလာကြောင်း ဒေသခံများထံမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ဆိုင်ကယ်နှင့် ၁၂ ဘီးကား မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား

မေ ၂၀ ည ၁၁ နာရီက ရဲအုပ်သန်းဇော် ဦးစီးသည့် ခန်းသာရဲကင်းစခန်းသို့ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းပေးပို့ရရှိသဖြင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရွှေဘို-မြစ်ကြီးနား မိုင်တိုင်အမှတ်(၉၇) အင်းတက်ကျေးရွာအနီးတွင် အောင်မျိုးလှိုင်မောင်းနှင်ပြီး မြတ်နိုးဦးနောက်မှ လိုက်ပါလာသော တီနာ ၁၁၀ ဆိုင်ကယ်အား ရွှေဘို-မြစ်ကြီးနား ကားလမ်းအတိုင်း မောင်းနှင်လာသည့် ဆီပီပါများတင်ဆောင်ထားသော ၁၂ ဘီးကားက မျက်နှာချင်းဆိုင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းတွေ့ရှိရသည်။

ယာဉ်တိုက်မှု ဖြစ်ပွားရာတွင် ဆိုင်ကယ် နောက်မှလိုက်ပါစီးနင်းသူ ယွန်းအိုးကျေးရွာ ကောလင်းမြို့နယ်နေ မြတ်နိုးဦး ၁၇ နှစ်မှာ ဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ အောင်မျိုးလှိုင် ၂၃ နှစ်မှာမူ ယာဉ်တိုက်မှုကြောင့် ရရှိသည့် ဒဏ်ရာများကြောင့်နေရာတွင်ပင် သေဆုံးသွားခဲ့သဖြင့် ၁၂ ဘီးယာဉ်ကို မောင်းနှင်လာသည့် အေးထက်ဇော် ၂၂ နှစ်ကို ရဲအုပ်သန်းဇော်က တရားလိုပြုလုပ်ကာ ကောလင်းမြို့မရဲစခန်းတွင် အမှုဖွင့် တိုင်ကြားထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# အမျိုးသမီးများပါဝင်သည့် ဖဲဝိုင်းဖမ်းဆီးရမိ

မေ ၂၀ ရက် ညနေ ၃နာရီခွဲက အမျိုးသမီးများပါဝင်သည့် ဖဲဝိုင်းတစ်ခုကို ဖမ်းဆီးရမိခဲ့ကြောင်း မလှိုင်မြို့မရဲစခန်းမှ သိရှိရသည်။ မိတ္ထီလာခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်ကြည်ရှိန်နှင့်အဖွဲ့၊ မလှိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မလှိုင်မြို့ အမှတ် (၃) ရပ်ကွက်ရှိ မတိုး (၄၁နှစ်)၏ နေအိမ်တွင် လောင်းကစားအမှုဆောင်ရွက်နေသည့် သတင်းအရ ဝင်ရောက်ရှာဖွေရာ ဖဲကစားဝိုင်းနှင့်အတူ လောင်းကစားဆောင်ရွက်သူ အမျိုးသမီး သုံးဦးနှင့် အမျိုးသားတစ်ဦးတို့ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ထို့ကြောင့် လောင်းကစားဥပဒေပုဒ်မ ၁၃(က)နှင့် ၁၄ (က)တို့အရ အိမ်ရှင်မတိုးဟိန်းကိုကို (၂၉ နှစ်)၊ မနွယ်နွယ် (၄၁ နှစ်)၊ မဂျစ်ဂျစ်(ခ) သန္တာလွင် (၃၆ နှစ်)နှင့် ကိုမင်းမင်း (၃၆ နှစ်)တို့ကို သက်သေခံပစ္စည်းများနှင့်အတူ မလှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**(လ/၀၁၃)**

# သောက်သုံးရေသန့်ရရှိရေး စက်သုံးဆီအလှူများဖြင့် အဝီစိတွင်းရေများ ဖြန့်ဝေ

**ကျောက်ပန်းတောင်း မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဖက်တောရေ ကျေးရွာတွင် အများသုံးမိုးရေလှောင်ကန်မှ ရေများကို သောက်သုံးရင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့ရာ ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကုသပေးမှုကြောင့် ရောဂါထိန်းချုပ်နိုင်ခဲ့ပြီး ယခုအခါ ဖက်တောရေကျေးရွာနေ တောင်သူများ သန့်ရှင်းသည့် ရေရရှိရေးအတွက် ကျေးရွာရှိ အဝီစိစက်ရေတွင်း ၁၂ တွင်းမှ ရေများကို အလှူရှင်များ လှူဒါန်းသည့် စက်သုံးဆီများဖြင့် မောင်းနှင်ကာ ဖြန့်ဝေပေးနိုင်ခဲ့သည်။

မေ ၁၇ ရက်မှ စတင်ကာ အများသုံး ကျေးရွာ မိုးရေလှောင်ကန်မှ ရေများကို သုံးစွဲခြင်းမပြုရန် တားမြစ်ထားသဖြင့် အဝီစိတွင်းမှ ရေများဖြန့်ဖြူးပေးနိုင်ရန် ဒီဇယ် ၄၂ ဂါလန်ကို မေ ၂၀ ရက်က အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မန်ယူက ပစ်မှတ်ထားနေတဲ့ အိုင့်ဟိုဗင် တိုက်စစ်မှူး မမ်ဖစ်ဒီပေး

လာမယ့်ရာသီမှာ ဗန်ဟားလ်ရဲ့ မန်ယူက ချန်ပီယံဖြစ်ဖို့ ကြိုးစားလျက်ရှိရာမှာ ဂိုးသွင်းကောင်းတဲ့ တိုက်စစ်မှူးကောင်းတွေ ခေါ်ယူသွားဖို့ စီစဉ်လျက်ရှိပါတယ်။ မန်ယူက ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူးတွေထဲမှာ ပီအက်စ် ဗွီအိုင့်ဟိုဗင်အသင်းရဲ့ တိုက်စစ်မှူး မမ်ဖစ်ဒီပေးလည်း ပါဝင်ပါတယ်။ ဒီပေးဟာ ဒတ်ချ် ချန်ပီယံဖလားကို အသင်းနဲ့အတူ ပူပူနွေးနွေးရယူပေးထားတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ အသက် ၂၁ နှစ် အရွယ်သာရှိသေးတဲ့ ဒီပေးဟာ အိုင့်ဟိုဗင်အသင်းနဲ့အတူ ဂိုး ၂၀ သွင်းယူပြီး ခုနစ်နှစ်တာအတွင်း ပထမဆုံးသော ဒတ်ချ် ချန်ပီယံဖလားကို ဆွတ်ခူးပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ကျွန်တော်တို့ သူ့အကြောင်းနဲ့ ပတ်သက်ပြီး တယ်လီဖုန်းနဲ့တော့ ပြောဖြစ်ပါတယ်။ မန်ယူနဲ့တော့ တရားဝင်ဆွေးနွေးတာ မရှိသေးပါဘူးလို့ အိုင့်ဟိုဗင်နည်းစနစ်ညွှန်ကြားရေးမှူး မာဆဲဘရန်းက ဒတ်ချ်ရုပ်မြင်သံကြားသို့ ပြောကြားလိုက်ပါတယ်။ နယ်သာလန်လက်ရွေးစင်ကစားသမား ဒီပေးဟာ ပီအက်စ်ဗွီ အိုင့်ဟိုဗင်က ဟာရင်ဗန်း အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ၂၀၀၈ ခုနှစ် နောက်ပိုင်း ပထမဆုံးသော ဒတ်ချ်ဖလားဆွတ်ခူးရာမှာ ဒုတိယဂိုး သွင်းယူပေးခဲ့ပါတယ်။ သူ့ကို ဥရောပ ထိပ်တန်းကလပ်တွေက ခေါ်ယူဖို့ စိတ်ဝင်စားနေတာပါ။ ပြီးခဲ့တဲ့နှစ်က စပါးက ယူရို ၂၀နဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒီပေးဟာ ဗန်ဟားလ် မန်ယူသို့ မပြောင်းမီ ၂၀၁၄ ကမ္ဘာ့ဖလားမှာ နယ်သာလန်အသင်းနဲ့အတူ ပါဝင်ကစားပေးခဲ့ပြီး နယ်သာလန်အသင်းကို တတိယဆုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်**




# ချန်ပီယံဆီဗီလာ အခြေနေကောင်းနိုင်ပါ့မလား




ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ ဒုတိယပွဲစဉ်ကို ဧပြီ ၂၄ ရက်မှာ ကစားတဲ့အခါ လက်ရှိချန်ပီယံ ဆီဗီလာနဲ့ ဇင်းနစ်တို့ပွဲက မပျက်မကွက် စောင့်ကြည့်ရမယ့်ပွဲဖြစ်နေပါတယ်။ ဒါ့အပြင် ဒီနီပရိုနဲ့ ဘရုဂျက်တို့ပွဲကလည်း ပထမအကျော့မှာ ဂိုးမရှိ သရေပွဲဖြစ်ထားတာမို့ အခုပွဲဟာ အဆုံးအဖြတ် ဖြစ်နေတာကြောင့် ပြတ်သားတဲ့ ရလဒ်ကို ခြေကုန်ဖွင့်ရတော့မှာ ဖြစ်နေပြန်ပါတယ်။

**ဇင်းနစ်နှင့် ဆီဗီလာ**

ပထမအကျော့ပွဲစဉ်မှာ ဆီဗီလာတို့ ကံကောင်းစွာ နှစ်ဂိုး-တစ်ဂိုး ရလဒ်နဲ့ နိုင်ပွဲရရှိခဲ့တာကြောင့် အခုပွဲမှာလည်း စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားရဦးမှာဖြစ်ပါတယ်။ ဆီဗီလာတို့က ပထမအကျော့ အိမ်ကွင်းမှာ ကစားစဉ်က ရုရှားကလပ် ဇင်းနစ်ရဲ့ တွန်းတွန်းတိုက်တိုက်နဲ့ ကစားဟန်ကြောင့် ခက်ခက်ခဲခဲ အားထုတ်ခဲ့ရပြီး အနိုင်ရအောင် ခြေကုန်ထုတ်ခဲ့ရပါတယ်။ ဆီဗီလာတို့ က ဘက်ကာ၊ ဗီတိုလိုနဲ့ အမ်ဘီယာတို့က ဂိုးတွေသွင်းယူနိုင်သလို ထရီမိုလီနက်စ်၊ ဗီဒယ်တို့ကလည်း ဂိုးဖန်တီးပေးမှုတွေ ပြုလုပ်နိုင်တာကြောင့် လက်ရှိချန်ပီယံဆီဗီလာတို့လက်ရှိ အနေအထားအထိ ရောက်ရှိလာတာဖြစ်ပါတယ်။ လာလီဂါ မှာလည်း ဘာစီလိုနာကို နှစ်ဂိုးစီ သရေပွဲရအောင် ကစားထားနိုင်တဲ့ ဆီဗီလာတို့ဟာ ဇင်းနစ်ကွင်းမှာလည်း အနိမ့်ဆုံးကပ်ပြီး အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ ဇင်းနစ်တို့ကတော့ ရုရှားလိဂ်မှာ ထိပ်ဆုံးနေရာက ရပ်တည်နေတဲ့အသင်းဖြစ်ပြီး တိုက်စစ်ခံစစ်ကောင်းမွန်တဲ့ အသင်းဖြစ်ပါတယ်။ ဇင်းနစ်မှာ အဓိက ဂိုးသွင်းနေသူတွေကတော့ ရွန်ဒန်နဲ့ ဟတ်ခ်တို့ ဖြစ်ပြီး ဒန်နီ၊ ဝစ်ဆယ်တို့လည်း ဂိုးသွင်းနိုင်အောင် ဖန်တီးပေးနိုင်သူတွေဖြစ်ပါတယ်။ ဆီဗီလာကွင်းမှာ တစ်ဂိုးရအောင် သွင်းယူထားတဲ့ ဇင်းနစ်ဟာ အခုပွဲအိမ်ကွင်းမှာ စွမ်းဆောင်မှုကောင်းကောင်းနဲ့ နိုင်ပွဲရအောင် ကြိုးစားသွားဖို့ ယုံကြည်မှု ရှိနေပါတယ်။ ဆီဗီလာတို့ကလည်း ချန်ပီယံ ကာကွယ်ခွင့်အတွက် အမှားအယွင်းခံမှာ မဟုတ်တာမို့ ပြိုင်ဆိုင်မှု ပြင်းထန်မယ့် ပွဲစဉ်ပါပဲ။ အကြိုက်က ဆီဗီလာ ဖြစ်ပေမယ့် အနိုင်ရလဒ်က ဇင်းနစ်တို့ပဲ ဖြစ်မလား ယူဆမိပါတယ်။

**ဒီနီပရိုနှင့် ဘရုဂျက်**

ပထမအကျော့ ပွဲစဉ်မှာ ဂိုးမရှိ သရေပွဲဖြစ်ထားလို့ ဒီပွဲကတော့ အကြိတ်အနယ်ရှိမယ့် ပွဲပါပဲ။ ဘယ်လ်ဂျီယံကလပ် ဘရုဂျက်တို့က ဘယ်လ်ဂျီယံလိဂ်မှာ တတိယနေရာမှာ ရပ်တည်နေတဲ့ အသင်းဖြစ်ပေမယ့် လက်ရှိခြေ စွမ်းပိုင်းက ယိမ်းယိုင်နေပါတယ်။ ပထမအကျော့ပွဲစဉ်မှာ အိမ်ကွင်းဖြစ်ပေမယ့် ရုန်းကန်ခဲ့ရတဲ့ ဘရုဂျက်တို့ကအခုပွဲ အဝေးကွင်းမှာ ပွဲကျပ်အဖြစ် ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။ ဘရုဂျက်တို့က တိုက်စစ်မှူး ရီဖာလော့ဗ်က ဂိုးသွင်းစွမ်းရည် မြင့်မားသလို ဗက်ဇ်ကွက်ဇ်ကလည်း ဂိုးရအောင်သွင်းယူနိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။ ဒီနီပရို တို့ကတော့ ကာလီးနစ်၊ ကွန်နော့ယန်ကာနဲ့ ဇိုဇူယာတို့ အားကိုးနဲ့ ဒီအဆင့်အထိရောက်လာတာ ဖြစ်ပြီး တစ်ဦးချင်းရော အသင်းလိုက်ပါ နားလည်မှုရှိရှိနဲ့ကစားနိုင်သူ တွေဖြစ်ပါတယ်။ ဒီနီပရိုတို့က အခုပွဲကို အိမ်ကွင်းမှာ အနိုင်ရပြီး နောက်တစ်ဆင့်တက်နိုင်ရေးကြိုးစားမှာဖြစ်သလို အကြိုဗိုလ်လုပွဲတက်ဖို့အတွက်လည်း စိတ်ဓာတ် ပြင်းထန်နေတာမို့ အခုပွဲမှာတော့ အနိုင်ရလဒ်တစ်ခု တည်းကိုပဲ အကောင်အထည်ဖော်ဖို့ အားထုတ်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်ကိုယုံကြည်မှုအပြည့်နဲ့ အားပေးရမှာ ဖြစ်ပါတယ်။

**မိုးမြင့်လင်းလက်**

# ဂျရတ်အလွန် အသင်းခေါင်းဆောင် ဖြစ်လာဖွယ်ရှိနေတဲ့ ဟန်ဒါဆင်




လီဗာပူးနည်းပြ ဘရီဒန်းရော်ဂျာက အက်ဖ်အေဆီမီးမှ ထွက်ခဲ့ရပြီးနောက် အသင်းကိုပြန်လည်စုစည်းဖို့ ကြိုးစားနေပါတယ်။ ဒီလိုကြိုးစားတဲ့နေရာမှာ ခြေစွမ်းပြကစားသမားတွေကို ထပ်မံစာချုပ်ပြီး လစာကောင်းကောင်းပေးဖို့ ပြင်ဆင်နေပါတယ်။ ဒီအထဲမှာ ခြေစွမ်းပြတိုက်စစ်မှူး ဟန်ဒါဆင်လည်း ပါဝင်ပါတယ်။ နည်းပြရော်ဂျာက လာမယ့်နွေရာသီမှာ ဂျော်ဒန်ဟန်ဒါဆင်ကို ငါးနှစ်စာချုပ်နဲ့ တစ်ပတ် ပေါင် ၁၀၀၀၀၀ ပေး စာချုပ်ရေးကို ဦးစားပေးလုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ဟန်ဒါဆင်ကို လာမယ့် သတင်းပတ်မှာ တစ်ပတ်ပေါင် ၁၀၀၀၀၀ နဲ့ ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်ဖွယ်ရှိနေပါတယ်။ အသင်းခေါင်းဆောင် စတီဗင်ဂျရတ် အမေရိကန်ကလပ် အယ်လ်အေဂလက်ဇီသို့ ပြောင်းရွှေ့သွားချိန်မှာ ဟန်ဒါဆင်အနေနဲ့ လီဗာပူးအသင်းရဲ့ အသင်းခေါင်းဆောင် ဖြစ်လာမယ်လို့လည်း မျှော်လင့်ထားတယ်လို့ သူကဆိုပါတယ်။ လီဗာပူးအသင်းရဲ့ ခေါင်းဆောင်ဖြစ်မှုကို ဂုဏ်ယူစွာလက်ခံသွားမှာပါလို့လည်း ဟန်ဒါဆင်က ဆိုပါတယ်။ သို့ပေမယ့် နည်းပြ ရော်ဂျာကတော့ သူ့ကို အသင်းခေါင်းဆောင်နေရာပေးဖို့ စဉ်းစားနေဆဲ ဖြစ်ပါတယ်။ လီဗာပူးအသင်းရဲ့ ဝါရင့်ကစားသမားတွေရဲ့သဘောထားကို စောင့်ကြည့်နေဆဲ ဖြစ်ပါတယ်။ သို့ပေမယ့် ဂျရတ် လီဗာပူးက ထွက်သွားချိန်မှာတော့ အသင်းခေါင်းဆောင်ဖြစ်ထိုက်တဲ့ ကစားသမားတွေထဲမှာတော့ ဟန်ဒါဆင် ပါဝင်နေတာတော့ အမှန်ပါပဲ။

# မန်စီးတီး ကမ်းလှမ်းသော်လည်း ဘိုင်ယန်နဲ့ ရှိနေမယ့် ဂွာဒီယိုလာ

မန်းစီးတီးက ခေါ်ယူဖို့ကမ်းလှမ်းခဲ့ပေမယ့် လာမယ့်ရာသီမှာ ဘိုင်ယန်မြူးနစ်နဲ့ ဆက်လက်ရှိနေဦးမယ်လို့ ဂွာဒီယိုလာက အခိုင်အမာပြောဆိုလိုက်ပါတယ်။ အသက်၄၄နှစ်အရွယ် ဘာစီလိုနာနည်းပြဟောင်း ဂွာဒီယိုလာဟာ ပရီမီယာလိဂ်သို့ ခြေချဖို့ ကြိုးစားနေတဲ့ နည်းပြတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ မန်စီးတီး နည်းပြ ပယ်လီဂရင်းနီဟာ ပရီမီယာလိဂ် ထိပ်ဆုံးလေးနေရာ လွဲချော်ခဲ့မယ်ဆိုရင်တော့ နည်းပြအဖြစ်မှ နုတ်ထွက်ပေးရမယ့် အခြေအနေရှိပါတယ်။ “ကျွန်တော့်ရဲ့အနာဂတ်ကို ပြောရမယ်ဆိုရင် လာမယ့်ရာသီမှာတော့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ အတူရှိနေဦးမှာဖြစ်ပါတယ်”လို့ ဂွာဒီယိုလာကဆိုပါတယ်။ ဂွာဒီယိုလာဟာ ပထမဆုံး ကိုင်တွယ်ခဲ့တဲ့ရာသီမှာပဲ ဘိုင်ယန်မြူးနစ်နဲ့အတူ ဘွန်ဒက်စ်လီဂါဖလား ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ဘွန်ဒက်စ်လီဂါ ဖလားဆွတ်ခူးပေးနိုင်မယ့်နှစ်ဖြစ်ပါတယ်။ လက်ကျန်ပွဲ ငါးပွဲကစားဖို့အလိုမှာ၁၂ မှတ်အသာနဲ့ ဦးဆောင်နေတဲ့အတွက် ဒီနှစ် ဘွန်ဒက်စ်လီဂါ ချန်ပီယံဖြစ်ဖို့ သေချာနေပြီလို့ဆိုရမှာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ အနီးကပ်ပြိုင်ဘက်ဝုဖ်ဘတ်အသင်းရဲ့ အနိုင်အရှုံးအပေါ်မှာ မူတည်ပြီး လာမယ့်ပြိုင်ပွဲ ရှုံးသွားမယ်ဆိုရင်တော့ ဘိုင်ယန်မြူးနစ်အသင်းဟာ သုံးနှစ်ဆက်တိုက် ဘွန်ဒက်စ်လီဂါချန်ပီယံဘွဲ့ကို ဆွတ်ခူးသိမ်းပိုက်နိုင်မှာ ဖြစ်ပါတယ်။



# ထွက်ကုန်များ၏ အရည်အသွေးအားနည်းချက်ကြောင့် အီးယူနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ကုန်စည်တင်ပို့မှု နည်းပါးနေသေး

→ သတင်းဆောင်းပါး - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး ←

**ရန်ကုန် ဧပြီ ၂၂**

မြန်မာ့ထွက်ကုန်များ၏ အရည်အသွေးကို မြှင့်တင်ပြီးစီးပါက အီးယူသည် မြန်မာနိုင်ငံ၏ အကြီးဆုံးသော ကုန်သွယ်မိတ်ဖက် အဖွဲ့အစည်း ဖြစ်လာနိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက ပြောကြားသည်။

လက်ရှိတွင် မြန်မာနှင့် အီးယူနိုင်ငံများအကြား ကုန်သွယ်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာသော်လည်း မျှော်မှန်းသည့်အနေအထားတစ်ရပ်သို့ မရောက်ရှိ နိုင်သေးကြောင်း၊ အဓိက ပြဿနာတစ်ရပ်မှာ စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးသတ်မှတ်ချက်များ လိုအပ်နေသေးသဖြင့် ယခုကဲ့သို့ တင်ပို့မှု နှောင့်နှေးနေရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဥရောပသမဂ္ဂ၏ အထူးကုန်သွယ်မှု ကင်းလွတ်သည့် အခွင့်အရေးကို မြန်မာနိုင်ငံအနေဖြင့် ရရှိထားသည်မှာ တစ်နှစ်ကျော်လာပြီဖြစ်သော်လည်း ယင်းကဲ့သို့ ထင်သလောက် ခရီးပေါက်မှု မရှိခြင်းသည် စိုက်ပျိုးရေးထွက်ကုန် လုပ်ငန်းရှင်များ စုပေါင်းဆောင်ရွက်မှုနှင့် ခေတ်မီနည်းပညာများ အသုံးချမှု အားနည်းခြင်းတို့ကြောင့်ဖြစ်ရကြောင်း မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

"ဈေးကွက်သစ်တစ်ခုကို ကုန်စည်တင်ပို့ရာမှာ သူတို့ရဲ့ လိုအပ်ချက်၊ အသုံးပြုတဲ့အလေ့အထနဲ့ ကုန်စည်ရဲ့ အရည်အသွေးကို အရင်ဆုံး ဆန်းစစ်မြှင့်တင်ဖို့ လိုအပ်ပါတယ်။ ပို့ကုန်တွေရဲ့ အရည်အသွေးကို အာမခံနိုင်တာနဲ့ တစ်ပြိုင်နက် ကုန်သွယ်မှုကဏ္ဍက မြင့်မားလာမှာပါ။ အခုအချိန်မှာ မြေစမ်းခရမ်းပျိုး စမ်းသပ်တင်ပို့နေရတာဆိုတော့ အခက်အခဲတွေရှိနေပါသေးတယ်" ဟု ပဲတင်ပို့သူလုပ်ငန်းရှင် ကိုမြတ်စိုးက ပြောသည်။

မြန်မာနိုင်ငံအတွက် အီးယူဈေးကွက်သို့ ဝင်ရောက်နိုင်ရန် အခွင့်အရေးတစ်ရပ်ရရှိထားသော်လည်း ပြည်တွင်းလုပ်ငန်းရှင်များ၏ ပို့ကုန်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် ကျွမ်းကျင်မှုအားနည်းခြင်းနှင့် မူလရှိရင်းစွဲ စိတ်ဓာတ်အခြေခံများ၊ သဘာဝတရားများကို ဆက်လက်ဆုပ်ကိုင်ထားဆဲပင်ဖြစ်ခြင်းကြောင့် ပို့ကုန်တင်ပို့မှု အားကောင်းလာစေရန် အချိန်များစွာလိုအပ်လျက်ရှိသေးကြောင်း စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခ ဒေါက်တာဝေလင်းသန်းက ပြောပြသည်။

**ကျွမ်းကျင်မှု အားနည်းခြင်းနှင့် မူလရှိရင်းစွဲ စိတ်ဓာတ်အခြေခံများ၊ သဘာဝတရားများကို ဆက်လက် ဆုပ်ကိုင်ထားခြင်းကြောင့် ပို့ကုန် လုပ်ငန်း အားနည်းနေဆဲ . . .**



အီးယူနိုင်ငံများသို့ တင်ပို့မည့် ပို့ကုန်များကို ရန်ကုန်ဆိပ်ကမ်းတွင် ထားရှိစဉ်။

"ရရှိထားတဲ့အခွင့်အလမ်းကို သေချာမဆုပ်ကိုင်နိုင်သေးတာကြောင့် အခွင့်အရေးအပြည့်အဝမရရှိဘူးဖြစ်နေရတယ်။ ဒီဇင်ဘာလမှာ အာဆီယံ စီးပွားရေးအသိုက်အဝန်းဖော်ဆောင်မှုအတွက် စိုင်းပြင်းရတော့မယ်။ ပို့ကုန်သွင်းကုန်ဆိုင်ရာ အသိအမြင်တွေ အပြည့်အဝရှိထားဖို့ လုပ်ငန်းရှင်တိုင်း အားထုတ်သင့်တယ်။ ကိုယ့်ရဲ့ ပို့ကုန်တွေ အရည်အသွေးက အဓိကကျလာပြီဖြစ်လို့ အများစုက အခုကတည်းက ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ အီးယူတင်မကပါဘူး ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးပြီး နိုင်ငံ ၃၈ နိုင်ငံရှိတဲ့အနက် မြန်မာနိုင်ငံအနေနဲ့ ၃၆ နိုင်ငံဆီကနေ အထူးအခွင့်အရေးတွေ ရရှိထားတာဖြစ်ပါတယ်။ ဒါတွေကို အကျိုးရှိရှိ အသုံးချဖို့အတွက် အမီလိုက်ကြရမှာဖြစ်ပါတယ်"ဟု အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဝါဝါမောင်က ထောက်ပြသည်။

အီးယူသို့ အများဆုံးတင်ပို့နေရသည့် ပို့ကုန်မှာ လက်ခစားအထည်ချုပ်လုပ်ငန်းမှ ထုတ်ကုန်များသာဖြစ်ပြီး ရေထွက်ကုန်အနည်းငယ်ကိုလည်း ၂၀၁၅ ခုနှစ်အတွင်း တိုးမြှင့်တင်ပို့ခွင့်ရကြောင်းသိရသည်။ သို့ရာတွင် လက်ခစားအထည်ချုပ်လုပ်ငန်းများသည် မြန်မာနိုင်ငံအနေဖြင့် လက်မလွှတ်နိုင်သည့် စီးပွားရေးတစ်ရပ်ဖြစ်သော်လည်း ပြည်တွင်း ထုတ်ကုန်စစ်စစ်များ မဟုတ်ခြင်းကြောင့် ဝင်ငွေရရှိမှုတွင် အပြည့်အဝရရှိနိုင်သည့် အလားအလာကောင်းများကို ပိုမိုရှာဖွေဖော်ထုတ်သင့်ကြောင်း ဒေါက်တာဝေလင်းသန်းက ဆိုသည်။

လက်ရှိတွင် အီးယူလက်အောက် နိုင်ငံများသို့ တင်ပို့နိုင်သည့် ကုန်သွယ်မှု ပို့ကုန်ပမာဏမှာ ယခုဘဏ္ဍာနှစ်တွင် ယူရို သန်း ၅၂၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။


ရှေ့ဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မင်္ဂလာ(၂) အုံ့စင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာစံပြ ၀၉၂၆၀၀၈၇၀၃၅ ၀၉၂၆၀၀၈၇၀၃၆ ၀၉၇၃၁၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (မြှင်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | ၂၄ • ၄ •၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ




နေပြည်တော်(၁) ဖုန်း - 251277 251288 | မင်္ဂလာစံပြ ၀၉၂၆၀၀၈၇၀၃၅ ၀၉၂၆၀၀၈၇၀၃၆ ၀၉၇၃၁၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | ၂၄ • ၄ •၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ | ပွဲချိန်သတိပြု ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ




**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂/နွယ်အေး)၊ မြေကွက်အမှတ်(၈/၄၆)၊ မြေကွက်တည်နေရာ အမှတ် ၁၈၇၊ မြတ်လေးနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးဂနီ (WAW-၀၇၁၀၂၉၊ ဦးတင်ရွှေ KMDE-၀၁၈၈၂၁ ) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ(ဖခင်)နှင့် ဒေါ်ဂလိုရီးယား(ခ) စန်းစန်းအေး(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးဇော်မင်းအောင်(DBN-၀၁၅၁၀၉) ၊ ဒေါ်ချိုမာ (DBN- ၀၁၅၁၁၀)၊ ဦးအောင်သိုက်(DBN-၀၁၅၁၁၁)၊ ဦးဇော်ထူး (DBN-၀၁၅၁၁၂)၊ ဒေါ်အေးမာ (DBN-၀၁၅၁၁၃)တို့နှင့် ကျန်အမည်ပေါက် ဦးဂနီတို့ ပူးတွဲလျက် ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

မြစ်သားမြို့နယ်၊ အထက (ခွဲ) သာလွန်ကျောင်း အဋ္ဌမတန်း(A)မှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းထိုက်ဦး ၉/မသန (နိုင်) ၀၀၆၄၉၂ ဖြစ်ပါကြောင်း။

**ဦးသိန်းထိုက်ဦး**
**၉/မသန(နိုင်)၀၀၆၄၉၂**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ကားရောင်းမည် (အန်ဇာတုံး)**

၂၀၁၁- ဘယ်မောင်း ဒီဇယ်
6C/------ (Kilo 82000)
ဖုန်း-၀၉-၂၅၁၁၁၆၆၂၂

*သိပ္ပံ၊ နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်၊ နျူကလီးယားစွမ်းအင်၊ မော်တော်ကားနည်းပညာနှင့် ယာဉ်ထိန်းသိမ်းကွပ်ကဲမှုဆိုင်ရာ အင်ဂျင်နီယာစသည်တို့ကို အများပြည်သူ အသိပညာနှင့် ဗဟုသုတတိုးပွားပြီး လွယ်လင့်တကူ နားလည်သဘောပေါက်နိုင်စေရန် ပင်တိုင်ဆောင်းပါးရှင် သိပ္ပံစာရေးဆရာ ကိုကိုအောင်၏ ဆောင်းပါးများကို မြန်မာ့အလင်း စာတည်းအဖွဲ့က အားထုတ်ဆောင်ရွက်ထားပါသည်။*

# သီးနှံမှသည် စွမ်းအင်ဆီသို့

သိပ္ပံစာရေးဆရာ ကိုကိုအောင်

ကမ္ဘာ့လူသားတို့သည် လူမှုဘဝဖွံ့ဖြိုးရေး၏ အုတ်မြစ်ဖြစ်သော စီးပွားရေးတိုးတက်ကောင်းမွန်စေရေးအတွက် စက်မှုကုန်ထုတ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း စသည်တို့ကို အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြရာ အဆိုပါလုပ်ငန်းများအတွက် စွမ်းအင်ရရှိရေးသည် အခြေခံအကျဆုံးသော လိုအပ်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

မြေပေါ်မြေအောက် သယံဇာတအရင်းအမြစ်များကို တစ်ဖက်ကတူးဖော်ရယူ သုံးစွဲနေကြသလို အခြားတစ်ဖက်၌လည်း စွမ်းအင်ရရှိနိုင်ရေးကို ကျားကုတ်ကျားခဲ ကြိုးပမ်းရှာဖွေလျက်ရှိနေကြသည်။

**အစားထိုးစွမ်းအင်**

တစ်ချိန်က ကုန်ဆုံးနိုင်ဖွယ်မရှိဟု ယူဆခဲ့ကြသော သယံဇာတများသည် ကာလအကန့်အသတ်တစ်ခုအထိသာ ရယူနိုင်တော့မည်ဟု သိရှိလာကြသောအခါ အစားထိုးနိုင်မည့် နည်းလမ်းများကို သုတေသနပြုရင်း ရှာဖွေဖော်ထုတ်ကြရတော့သည်။ ဤတွင် အစားထိုးစွမ်းအင်ရရှိနိုင်ရေးသည် တစ်ကမ္ဘာလုံးအတွက် စိတ်ခေါ်မှုကြီးတစ်ရပ် ဖြစ်လာခဲ့တော့သည်။

အဘယ်ကြောင့်ဆိုသော် ကမ္ဘာတစ်ဝန်း စွမ်းအင်အရင်းအမြစ်ထုတ်ယူသုံးစွဲနေမှုကို လက်ရှိအနေအထားအတိုင်း ဆက်လက်သုံးစွဲသွားကြမည်ဆိုပါက တတိယထောင်စုနှစ်၏ အစမှရေတွက်လျှင် ရေနံကို နောင်နှစ်ပေါင်း ၅၀အထိ၊ သဘာဝဓာတ်ငွေ့ကို နောင်နှစ်ပေါင်း ၇၅ နှစ်အထိ၊ ကျောက်မီးသွေးကို နောင်နှစ်ပေါင်း ၇၅ နှစ်အထိနှင့် ယူရေနီယမ်သတ္တုကို နောင်နှစ်ပေါင်း ၉၅ နှစ်အထိသာ တူးဖော်ရယူသုံးစွဲနိုင်ကြတော့မည်ဖြစ်၍ ကန့်သတ်သက်တမ်း မကုန်လွန်မီ အစားထိုးစွမ်းအင်ကို လုံလောက်စွာရရှိရေးသည် ထိပ်တန်းဦးစားပေးအဆင့်သို့ ရောက်ရှိလာခဲ့သည်။

**စွမ်းအင်သုတေသန**

စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်တပ်ယာဉ်များ မောင်းနှင်ရန်နှင့် အင်ဂျင်စက်များ လည်ပတ်နိုင်ရန်အတွက် ဓာတ်ဆီနှင့်ဒီဇယ်တို့၏ နေရာတွင် အစားထိုးနိုင်မည့် လောင်စာရည်ရရှိနိုင်ရေးကို ၁၉၇၀ ပြည့်လွန်နှစ်များကတည်းကပင် သိပ္ပံပညာရှင်များက အစဉ်တစိုက် သုတေသနပြုခဲ့ကြသည်။

အာလူးကိုကြော်ပြီး အအေးခံထားသော ဆီဖြင့် ဒီဇယ်အင်ဂျင်များတွင် စမ်းသပ်ထည့်သွင်းမောင်းနှင်ကြည့်ခဲ့ကြသည်။ အလားတူပင် ယူကလစ်ဆီနှင့် မုန်ညင်းဆီကဲ့သို့ မီးထွန်းညှိနိုင်သော ဆီများကို ပေါက်လောင်အင်ဂျင်များထဲတွင် ထည့်သွင်းသုံးစွဲ၍ ရနိုင်၊ မရနိုင်ကိုလည်း စမ်းသပ်ခဲ့ကြသည်။

ရေနံကို ရှာဖွေတူးဖော်သုံးစွဲခြင်း မပြုနိုင်သေးမီအချိန်ကာလက ပင်လယ်ကမ်းရိုးတန်းနှင့် နီးသောဒေသနိုင်ငံများတွင် ဝေလငါး၏ ဦးခေါင်းမှထုတ်ယူရရှိသော အဆီတစ်မျိုးကို မီးထွန်းညှိရာတွင် အသုံးပြုခဲ့ကြသည်။ ကုန်းတွင်းဒေသနိုင်ငံများ၌မူ ကညင်ဆီနှင့် ထင်းရှူးဆီတို့ကို မီးထွန်းညှိရာ၌လည်းကောင်း၊ မီးမွှေးရာ၌လည်းကောင်း အသုံးပြုခဲ့ကြသည်။

ယင်းကဲ့သို့ သိပ္ပံနှင့်နည်းပညာ မတိုးတက်မထွန်းကားသေးခင်ချိန်က မီးထွန်းညှိရန် သုံးစွဲခဲ့ကြသော ဆီများကိုလည်း လောင်စာစွမ်းအင်အဆင့်ထိ အသုံးပြုနိုင်ခြင်းရှိ မရှိကို သိပ္ပံပညာရှင်တို့က ကြိုးပမ်းရှာဖွေသုတေသနပြုခဲ့ကြသည်။

သို့ရာတွင် အချို့သော ကုန်ကြမ်းများသည် လောင်စာ စွမ်းအင်အဖြစ် အသုံးပြု၍ ရနိုင်သော်လည်း၊ စီးပွားရေးအရ တွက်ခြေမကိုက်ကြောင်း တွေ့ရှိခဲ့ကြသည်။ ယင်းသို့သော ကုန်ကြမ်းများကထုတ်ယူမည့် လောင်စာရည်တစ်လီတာ၏ ကုန်ကျစရိတ်သည် လက်ရှိသုံးစွဲနေသော ဓာတ်ဆီ၊ ဒီဇယ်ဆီ တစ်လီတာ၏ထုတ်လုပ်ပြီး ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်လျှင် အလွန်မြင့်မားနေသည့်အတွက် စီးပွားဖြစ်ထုတ်လုပ်သုံးစွဲသည့်အဆင့်သို့ မရောက်ရှိခဲ့ပေ။

**အောင်မြင်စွာ ထုတ်လုပ်ပြီ**

(၂၀) ရာစု၏ နှောင်းပိုင်းကာလသို့ ရောက်ရှိလာချိန်တွင် သိပ္ပံပညာရှင်များသည် တိုးတက်ပြောင်းလဲလာသော အဆင့်မြင့်နည်းပညာများကို အသုံးချကာ အစားထိုးစွမ်းအင်ရရှိနိုင်ရေးကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ ဤသို့စဉ်ဆက်မပြတ် သုတေသနပြုလုပ်နေကြခြင်း၏ ကောင်းကျိုးရလဒ်အဖြစ် ပြောင်းစေ့၊ နံ့စားပြောင်း၊ ကြံပင်နှင့်တင်လဲရည်တို့မှ အီသနောကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီး လက်ရှိကာလတွင် အစားထိုးလောင်စာရည်အဖြစ် ကမ္ဘာ့နိုင်ငံများ၌ တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်သည်။

အလားတူပင် ပဲပုပ်စေ့၊ ဟင်းသီးဟင်းရွက်ဆီ၊ အကြော်ဆီဟောင်းများနှင့်အမဲသားအဆီခဲများမှ ဘိုင်အိုဒီဇယ်ကို စနစ်တကျထုတ်လုပ်နိုင်ခဲ့ပြီး လက်တွေ့ကျကျအသုံးချနေကြပြီဖြစ်သည်။

နောက်ဆုံးပေါ် အဆင့်မြင့်နည်းပညာအရ ဓာတ်ဆီနှင့်ရောစပ်အသုံးပြုနိုင်သည့် အီသနောကီလိုလီတာပေါင်း ၃၄ ဘီလီယံ ထုတ်လုပ်နိုင်ရန် ပြောင်းစေ့တင်းပေါင်း ၃ ဒသမ ၂ ဘီလီယံကို အခြေခံကုန်ကြမ်း အဖြစ်အသုံးပြုရသည်။ အလားတူပင် ပဲပုပ်စေ့တစ်တင်းမှ ဘိုင်အိုဒီဇယ် ၅ ဒသမ ၃ လီတာကို ထုတ်လုပ်ပေးနိုင်သည်။



**လက်တွေ့သုံးစွဲသူများ**

အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်သော မော်တော်ကားများသည် အီသနော ၂၅ ရာခိုင်နှုန်းရောစပ်ထားသည့် ဓာတ်ဆီဖြင့် အင်ဂျင်စွမ်းရည်မပျက် မောင်းနှင်နိုင်ကြပြီဖြစ်သည်။ ဘိုရင်း ၇၄၇ လေယာဉ်ကြီးများသည်ပင်လျှင် ဂျက်လေယာဉ်ဆီနှင့် ဇီဝလောင်စာရည်တို့ကို ထက်ဝက်စီရောစပ်၍ စမ်းသပ်မောင်းနှင်နေကြပြီဖြစ်သည်။

ကျောက်မီးသွေးကို အသုံးပြုသည့် ဓာတ်အားပေးစက်ရုံငယ်ကလေးများတွင် ဇီဝစွမ်းအင်နှင့်တွဲစပ်အသုံးပြုလာကြခြင်းဖြင့် ကျောက်မီးသွေးရာနှုန်းပြည့်အသုံးပြုနေရမှုကိုလျှော့ချလာနိုင်ခဲ့သည်။ အအေးဓာတ်လွန်ကဲသော ဒေသများတွင် နေအိမ်ကိုအပူပေးရန်နှင့် ချက်ပြုတ်ရန်အတွက် ဇီဝလောင်စာကို အသုံးပြုနေကြပြီဖြစ်သည်။ လယ်ယာသုံးစက်ကိရိယာများတွင် ရာနှုန်းပြည့်ဘိုင်အိုဒီဇယ်ကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နိုင်ကြပြီ ဖြစ်သည်။

ကောက်ပဲသီးနှံများမှ လောင်စာရည်များ ထုတ်လုပ်လာနိုင်ခြင်းသည် လယ်ယာစိုက်ပျိုးရေးအတွက် အထောက်အပံ့ပေးနေရသည့် စရိတ်စကများက စွမ်းအင်အစားထိုးရေးကို သွယ်ဝိုက်စွာအကျိုးပြုနေခြင်းအဖြစ် ပြောင်းလဲသွားခဲ့သည်။

**ဇီဝလောင်စာလိုအပ်ချက်**

ဘရာဇီးနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်တွင် ကမ္ဘာ့ပထမဆုံး ဇီဝလောင်စာထုတ်လုပ်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ တစ်ကမ္ဘာလုံးတွင် ဇီဝလောင်စာလိုအပ်ချက်မှာ ၂၀၃၀ ပြည့်နှစ်မတိုင်မီအထိ နှစ်စဉ် ၈ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။ လက်ရှိတွင် ကမ္ဘာ့ဇီဝစွမ်းအင်ပမာဏ၏ ၇၀ ရာခိုင်နှုန်းကို အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးနိုင်ငံတို့က ထုတ်လုပ်ပေးလျက်ရှိသည်။

**အနာဂတ်အစားထိုးစွမ်းအင်အတွက်ကုန်ကြမ်းများ**

လက်ရှိအသုံးပြုနေသော အီသနောနှင့် ဘိုင်အိုဒီဇယ်တို့အပြင် အနာဂတ်ကာလ၌ ဆယ်လူလို့စ်အီသနောနှင့် ဓာတ်အားပေးစက်ရုံသုံး ဇီဝလောင်စာတို့ကို အောက်ပါကုန်ကြမ်းများမှ စီးပွားဖြစ်ထုတ်လုပ်ရရှိနိုင်ကြောင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြပြီဖြစ်သည်။

(၁) စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသော အမှိုက်များ
(၂) ပြောင်းရိုး၊ ဂျုံနှင့်စပါးပင်တို့၏ ပင်စည်များ
(၃) ကြံနှင့်နံ့စားပြောင်းတို့ကို အရည်ကြိတ်ပြီး ကျန်ရှိသည့် ကြိတ်ဖတ်များ
(၄) တိရစ္ဆာန်တို့၏ မစင်များ
(၅) သစ်တောထွက်ဇီဝအမှိုက်များ
(၆) သစ်သားစွန့်ပစ်အမှိုက်များနှင့် အမှိုက်ကျင်းမှ စွန့်ပစ်ပစ္စည်းများ
(၇) ကိုင်းမြက်ရှည်များ၊ နှစ်ရှည်ခံအပူပိုင်းမြက်ပင်များ၊ ကျူပင်များ
(၈) ကနေရီမြက်ပင်များနှင့် အယ်လ်ဖာဖာတောပန်းပင်များ
(၉) မိုးမခပင်၊ ပေါ်ပလာပင်၊ ထင်းရှူးပင်၊ ယူကလစ်ပင်ကဲ့သို့သော ကြီးမြန်သစ်ပင်များ

**အလားအလာကောင်းများ**

အလားတူပင် မုန်ညင်းစေ့၊ ကင်နိုလာဂေါ်ဖီနှင့် ဆီထွက်သီးနှံမျိုးစေ့ အချို့မှလည်း ဘိုင်အိုဒီဇယ်ထုတ်ယူနိုင်မည့် အလားအလာကောင်းများကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြသည်။ မုန်ညင်းစေ့ကိုကြိတ်၍ ဘိုင်အိုဒီဇယ်ထုတ်ယူနိုင်သလို ဆီကြိတ်ဖတ်များကို စိုက်ခင်းများ၌ ပိုးသတ်ဆေးအဖြစ် ကြဲပက်အသုံးပြုနိုင်ကြောင်း လက်တွေ့စမ်းသပ်ခဲ့ကြပြီးဖြစ်သည်။

အစားထိုးစွမ်းအင်နှင့် လောင်စာလိုအပ်ချက် ပိုမိုများပြားလာမည့် အနာဂတ်ကာလကို မျှော်မှန်းလျက် သုတေသနပညာရှင်များက အောက်ဖော်ပြပါ အခြေခံအကျဆုံးသော ကုန်ကြမ်းများမှ ဇီဝလောင်စာ ထုတ်ယူနိုင်ရေးကိုလည်း ဆက်လက်စမ်းသပ် သုတေသနပြုလျက်ရှိနေကြသည်။

(၁) ရေညှိ/ရေမှော်
(၂) ကော်ဖီမှုန့်အဖြုန်း
(၃) သန့်စင်ထားသော ဘဲမွေး/ကြက်မွေး
(၄) ဆော်လမွန်ငါးကြီးဆီ
(၅) ဆေးရွက်ကြီး
(၆) မြက်ပင်

ကောက်ပဲသီးနှံမှ စွမ်းအင်ထုတ်လုပ်မှုသည် အနာဂတ်ကာလတွင် ရင်းနှီးမြှုပ်နှံလိုသူတို့ကို စိုက်ခင်းများဆီသို့ ရောက်ရှိလာစေမည့် ဆွဲဆောင်မှုတစ်ရပ်ဖြစ်လာတော့မည်ဖြစ်သည်။ ဤတွင်စွမ်းအင်ထုတ်လုပ်မှုအတွက် ရယူသုံးစွဲကြရမည့် သီးနှံ(တင်း)သန်းပေါင်းများစွာကို စားနပ်ရိက္ခာထဲမှ နုတ်ယူခြင်းမျိုးထက် စွမ်းအင်သီးနှံများကို ထပ်မံတိုးချဲ့စိုက်ပျိုး ထုတ်လုပ်ခြင်းကသာ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်း ကြီးမြင့်သွားစေမည့်ကိစ္စရပ်မျိုးကို ရှောင်လွှဲပေးနိုင်မည် ဖြစ်ပေသည်။

**ပြောင်းစေ့၊ နံ့စားပြောင်း၊ ကြံပင်နှင့်တင်လဲရည်တို့မှ အီသနောကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီး လက်ရှိကာလတွင် အစားထိုးလောင်စာရည်အဖြစ် ကမ္ဘာ့နိုင်ငံများ၌ တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်**



## ရွှေဝယ်ဟန်ဆောင်ပြီး ဆွဲကြိုးယူထွက်ပြေး

**တမူး မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ကျားရွှေဝါရွှေဆိုင်မှ မေ ၂၀ ရက် နံနက် ၈ နာရီက လူငယ်တစ်ဦးက ရွှေဝယ်ရန်ဟန်ဆောင်ပြီး တန်ဖိုးငွေကျပ် ၁၂၇၅၀၀၀၊ ရွှေဆွဲကြိုးတစ်ကုံး ဆွဲယူထွက်ပြေးမှုဖြစ်ပွားခဲ့သည်။

သတင်းရရချင်း ဖမ်းဆီးရမိနိုင်ရေးအတွက် တမူးခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက မြို့ဝင်၊ မြို့ထွက်လမ်းများ ပိတ်ဆို့ရှာဖွေဖမ်းဆီးခြင်း၊ ဆက်စပ်ရဲစခန်းများနှင့်ဆက်သွယ်၍ ပိတ်ဆို့ရှာဖွေဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ မေ ၂၀ ရက် နံနက် ၁၁နာရီ ၅၅မိနစ်တွင် ခမ်းပါတ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ခင်မောင်အေးနှင့်အဖွဲ့သည် တမူး- ကလေးသွားကားလမ်း ခမ်းပါတ်နယ်မြေရဲစခန်းရှေ့တွင် တမူးမြို့ဘက်မှ မောင်းနှင်လာသော ဆိုင်ကယ်ကို မသင်္ကာ၍ ရပ်တန့်ရှာဖွေစစ်ဆေးရာ ဖြိုးဝေစိုး (ခ ) မင်းသူအောင် ဆိုသူဖြစ်ပြီး ၎င်းဝတ်ဆင်လာသည့်မီးခိုးရောင် ဂျင်းပျော့ဘောင်းဘီ ဘယ်ဘက်အိတ်ကပ်အတွင်းမှ အလေးချိန် ၁ ကျပ်သား ၁၄ ပဲရည် အမ်စီအပွ ဆွဲကြိုးတစ်ကုံးကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

အဆိုပါအမှုကို တမူးမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် တစ်ဦးသေ

**တာချီလိတ် မေ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဆန်ဆိုင်းရွာလမ်းမ တာချီလိတ်-ကျိုင်းတုံကားလမ်းမပေါ်တွင် မေ ၁၈ ရက် ညနေက ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက် ညနေ ၅ နာရီခွဲက တာချီလိတ်မြို့ မိုင်းကိုးကျေးရွာအုပ်စု ဆန်ဆိုင်းရွာလမ်းမ တာချီလိတ်-ကျိုင်းတုံကားလမ်းမပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒုရဲအုပ်ဇော်မျိုးသန့်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ စိုင်းမောက်(၂၂ နှစ်) မောင်းနှင်ပြီး နောက်တွင် မနန်းကျန်ဖောင်း (၂၆ နှစ်)စီးနင်းလာသော ၆ယ/----- အနက်ရောင်ဆိုင်ကယ်သည် ရန်ကုန်ရွာဘက်မှ မယ်ယန်းရွာဘက်သို့ မောင်းနှင်လာစဉ် မိုင်းကိုးကျေးရွာအုပ်စု ဆန်ဆိုင်းရွာလမ်း တာချီလိတ်-ကျိုင်းတုံကားလမ်းမပေါ်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ မယ်ယန်းဘက်မှ ရန်ကုန်ရွာဘက်သို့ (၄၀ နှစ်)ခန့် အမျိုးသားတစ်ဦး မောင်းနှင်လာသော နံပါတ်မပါဆိုင်ကယ်နှင့် လမ်းအလယ်တွင် မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့သဖြင့် စိုင်းမောက်နှင့် မနန်းကျန်ဖောင်းတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ယင်းအမျိုးသား (စုံစမ်းဆဲ) တွင်လည်း ဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် တာချီလိတ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ စိုင်းမောက် (၂၂ နှစ်)နှင့် သေဆုံးသူအမျိုးသားတို့အား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## အရက်ဝယ်ခိုင်းရာကြာမြင့်သည့်အတွက် စကားများရန်ဖြစ်ရာမှလူသတ်မှုဖြစ်ပွား

**ပျဉ်းမနား မေ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်တွင် အရက်ဝယ်ခိုင်းရာမှ ကြာမြင့်သည့်အတွက် စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် နံနက် ၇ နာရီက ပျဉ်းမနားမြို့ အရှေ့ဘက် သကြားစက်ရုံအနီး ကျွန်းဦးကျေးရွာနေ ဒေါ်မိမာ (၄၀ နှစ်)သည် ၎င်း၏ မောင်ဖြစ်သူစိုးတင့်(၃၃နှစ်)ပျဉ်းမနားနေသူကို ဦးဇော်ဝင်းနှင့် စိုးမင်းထိုက်တို့ သားအဖနှစ်ဦးက အရက်ဝယ်ခိုင်းသည့်ကိစ္စကြာမြင့်သည်ကို အကြောင်းပြ၍ အနိုင်ကျင့်ရိုက်နှက်ခဲ့သောကြောင့် သတိလစ်လဲကျနေကြောင်း တွေ့ရှိရသဖြင့် အရေးယူပေးပါရန် တိုင်းတန်းသဖြင့် ပျဉ်းမနားမြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ခဲ့သည်။

ထိုသို့အရေးယူ ဆောင်ရွက်နေစဉ် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး ခွဲစိတ်ကုသဆောင်တွင် တက်ရောက်ကုသနေသော စိုးတင့်မှာ မေ ၁၃ ရက်မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင်သေဆုံးသွားကြောင်း သိရသဖြင့် မူလဖွင့်လှစ်ထားသော ပြစ်မှုပုဒ်မ ၃၂၅ မှ ၃၀၂ သို့ ပြောင်းလဲဖွင့်



လှစ်စစ်ဆေးကာ အခင်းဖြစ်နေရာသို့ ပျဉ်းမနားမြို့မရဲစခန်းမှူးဒုရဲမှူး တင်ဌေးနှင့် အဖွဲ့သွားရောက်၍ ပြစ်မှုကျူးလွန်သူနှစ်ဦးဖြစ်သည့် ဇော်ဝင်းနှင့် စိုးမင်းထိုက်တို့ကို လိုက်လံစုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ၊ ပြစ်မှုကျူးလွန်သူ နှစ်ဦးအနက် စိုးမင်းထိုက် (၁၆ နှစ်) ဈေးကုန်းရွာနေသူအား မေ ၁၃ ရက် ညနေ ၃ နာရီက ၎င်း၏ နေအိမ်တွင်ပြန်လည် ရောက်ရှိနေကြောင်း သတင်းအရ ရဲအုပ်မျိုးမြင့်ဦးနှင့်နယ်ထိန်းအဖွဲ့က ဖမ်းဆီးခဲ့သည်။

ဆက်လက်၍ ကျန်ရှိတရားခံတစ်ဦးဖြစ်သည့် ဇော်ဝင်းကို ဖမ်းဆီးရာ မေ ၁၄ ရက် ညနေ ၄ နာရီတွင် ၎င်း၏ နေအိမ်မှ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ နှစ်ဦးကို စစ်ဆေးရာ မေ ၉ ရက် နံနက် ၆ နာရီတွင် ဇော်ဝင်းက အရက်သောက်ချင်သောကြောင့် သားဖြစ်သူ စိုးမင်းထိုက်ထံမှ ငွေ ၃၀၀ ကိုတောင်းယူပြီး သေဆုံးသူ စိုးတင့်ကို အရက်ဝယ်ခိုင်းခဲ့ကြောင်း၊ စိုးတင့်မှာ ပြန်မရောက်လာသည့်အတွက် ပြစ်မှုကျူးလွန်သူနှစ်ဦးစလုံးက စိုးတင့်ကို လိုက်လံရှာဖွေရာ ဈေးကုန်းရွာရှိ ဈေးထဲတွင် စိုးတင့်အားတွေ့ရသဖြင့် စကားများခဲ့ရာ ဇော်ဝင်းကစိုးတင့်ကိုသစ်သားတုတ်ဖြင့် ကျောကုန်းနှင့် ဝဲတင်ပါးတို့ကို ရိုက်နှက်ခဲ့ကြောင်း စိုးမင်းထိုက်ကမျက်နှာကို လက်သီးဖြင့် ထိုးခဲ့သည့်အတွက် ဒဏ်ရာများရရှိခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

အဆိုပါအမှုနှင့် ပတ်သက်၍ ပျဉ်းမနားရဲစခန်းက ဆက်လက် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## လင်မယားစကားများရာမှ ဇနီးကိုသတ်မြေမြှုပ်၍ ထွက်ပြေး

**ရေး မေ ၂၂**

ရေးမြို့နယ် အစင်ကျေးရွာနယ်မြေ(၃)ရှိ ဗိုလ်ချုပ်အနောက်လမ်းတွင် မေ ၂၀ ရက် ညနေ ၄ နာရီမိနစ် ၄၀ က အလောင်းတစ်လောင်းမြှုပ်နှံထားကြောင်း သတင်းအရ ရေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်၊ ရေးရဲစခန်းမှူး ဒုရဲမှူးပြုံးချိုနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ရေးမြို့နယ်တရားသူကြီးဦးဇော်ဝင်းထွန်း၊ ရေးမြို့ပြည်သူ့ဆေးရုံမှ တာဝန်ကျဆရာဝန် ဒေါက်တာလင်းနိုင်ထွန်းတို့နှင့်အတူ အခင်းဖြစ်ပွားရာသို့ သက်သေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ သေဆုံးသူမှာ မအေးသူဇာ (၃၈ နှစ်)နယ်မြေ (၃) အစင်ကျေးရွာ ရေးမြို့နယ်နေသူဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကုလားလေး(ခ)သားကြီး (ခ)မင်းမင်းထွန်း (၃၃ နှစ်) သည် ယင်း၏ဇနီးနှင့် စကားများရန်ဖြစ်ပြီး မင်းမင်းထွန်းက မအေးသူဇာအား ရိုက်နှိုက်နေသည်ကို အိမ်ရှေ့မျက်စောင်းထိုးနေ မမိဌေးက တွေ့ရှိခဲ့ပြီးနောက် ၎င်းနေ့ညမှစ၍ လင်မယားနှစ်ဦးစလုံးပျောက်ဆုံးနေသဖြင့် မေ ၁၉ ရက် ည ၈ နာရီခွဲခန့်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးအား အကြောင်းကြားခဲ့သည်။ မေ ၁၉ ရက် ည ၈ နာရီခွဲမှစ၍ ကျေးရွာအုပ်ချုပ်ရေးမှူးက ဇီးဖြူသောင်ရဲကင်းစခန်းမှူး ဒုရဲအုပ် ဝင်းနိုင်ဌေးအဖွဲ့နှင့်အတူ အခင်းဖြစ်နေရာအနီးတစ်ဝိုက် လိုက်လံရှာဖွေနေခဲ့ရာ မတွေ့ရှိဘဲ မေ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် အခင်းဖြစ်ပွားရာ သေဆုံးသူ၏ နေအိမ်အနီးတစ်ဝိုက်တွင် အပုပ်နံ့ရ၍ ထပ်မံရှာဖွေခဲ့ရာ အလောင်းကို နေအိမ်နောက်ဖေးရှိ မြေကမ်းယံအောက်ခြေ၌ အနက်တစ်ပေခွဲခန့် မြေကျင်းတူး၍ ကျောက်တုံးများ မြေကြီးခဲများနှင့် ဖုံးအုပ်မြှုပ်နှံထားသည်ကို တွေ့ရှိခဲ့ရသည်။

ရဲမှူးမြင့်သော်ဦးစီးသော အဖွဲ့က သက်သေများရှေ့တွင် အလောင်းကို စစ်ဆေးခဲ့ရာ မအေးသူဇာမှာ ဒဏ်ရာများရရှိထားသည်ကိုတွေ့ရပြီး ကုလားလေး(ခ)သားကြီး(ခ)မင်းမင်းထွန်းမှာ ထွက်ပြေးတိမ်းရှောင် လျက်ရှိကြောင်း သိရသည်။

အမှုကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးက တရားလိုပြုတိုင်ကြားထားရာပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

## အိမ်အပြန်ဇနီးမတွေ့သဖြင့် တဲအိမ်မီးရှို့

**မြိုင် မေ ၂၂**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မကျီးကန်အုပ်စု ညောင်တုန်းကျေးရွာတွင် မေ ၂၀ ရက် နံနက် ၉ နာရီခွဲက မီးရှို့မှုဖြစ်ပွားကြောင်း သတင်းအရ မြိုင်မြို့မရဲစခန်းမှ သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါရွာအနောက် တောင်ပိုင်းနေ ကျော်ဆန်း (၃၉ နှစ်) သည် ခရီးမှအပြန် နေအိမ်တွင် ဇနီးဖြစ်သူကိုမတွေ့ရှိသဖြင့် ဇနီးဖြစ်သူနှင့် မေ ၁၉ ရက် ညဦးပိုင်းမှစ၍ လင်မယားချင်း စကားများရန်ဖြစ်ခဲ့ပြီးနောက် ဇနီးဖြစ်သူက နေအိမ်မှ ထွက်သွားပြော၍ ထွက်သွားခဲ့ပြီးနောက် မေ ၂၀ ရက်နံနက် ၆ နာရီ ၄၅ မိနစ်ကပင် ၎င်းတို့မြေစိုက်ထန်းလက်တဲနေအိမ်ကို မီးရှို့ခဲ့သဖြင့် ရွာသူရွာသားများ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရကြောင်း၊ အဆိုပါမီးလောင်မှုကြောင့် နေအိမ်ကိုမီးရှို့သူ ကျော်ဆန်းအား အရေးယူပေးပါရန် မကျီးကန်ကျေးရွာအုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြိုင်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## မိုးနဲမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**မောက်မယ် မေ ၂၂**

မောက်မယ်မြို့နယ် မြို့မစခန်းမှူးဒုရဲမှူး ကျော်သီဟဦးစီး၍ မေ ၁၈ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ဦးလှဝင်းတို့သည် မူးယစ်ဆေးဝါးသတင်းအရ မောက်မယ်မြို့နယ် ကွန်ကျိုင်းရပ်ကွက်နေ စိုင်းနိ(၅၇ နှစ်) နေအိမ်သို့ဝင်ရောက်ရှာဖွေရာ WY စာတန်းပါပန်းရောင်ဆေးပြား သုံးပြား၊ အစိမ်းရောင်ဆေးပြားတစ်ပြား စုစုပေါင်းလေးပြား တွေ့ရှိသိမ်းဆည်းခဲ့ပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူကို စုံစမ်းစစ်ဆေးရန် ၎င်းအဖွဲ့က မေ ၁၉ ရက်တွင် မိုးနဲမြို့ ဆိုင်းဖယ်ကျေးရွာသို့ မိုးနဲရဲစခန်းမှ နယ်ထိန်းအဖွဲ့နှင့် ပူးပေါင်း၍ ၎င်းရွာနေ ဒေါ်ပါနီ (၆၅နှစ်) ၏နေအိမ်တွင် သုံးစွဲရန်ရောက်ရှိလာသော စိုင်းခမ်းရွက် (၃၂နှစ်) မိုးနဲမြို့ နောင်ကျော့ရွာနေသူအား တွေ့ရှိရပြီးဘိန်းမည်းနှစ်ကျပ်သား၊ ၎င်းရွာနေ ဒေါ်ပါကူ (၇၀ နှစ်)၏ နေအိမ်မှ WY စာတန်းပါ ပန်းရောင်ဆေးပြား ၁၂၀ ၊ အစိမ်းရောင်ဆေးပြားတစ်ပြား စုစုပေါင်း ၁၂၁ ပြားနှင့် ငွေကျပ် ၃၄၀၀၀ ကိုတွေ့ရှိသဖြင့်သိမ်းဆည်းခဲ့ပြီး မိုးနဲမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(၁၄၂)**


**စိန်ဖူးတော်၊ ငှက်မြတ်နားတော် ရွှေထီးတော်ဌာပနာလှူဒါန်းခြင်းနှင့် ဗုဒ္ဓါဘိသေကမင်္ဂလာ ဖိတ်ကြားလွှာ**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ နောင်ပတ္တရာကျေးရွာနေ ကလေးသုံးဦးတို့တည်ထားကိုးကွယ်သည့် "အောင်မင်္ဂလာဆုတောင်း ပြည့်စေတီတော်မြတ်အား" စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာလှူဒါန်းမှုအစုစုတို့ကို ၁၃၇၇ ခုနှစ် ကဆုန်လပြည့်နေ့(၂-၅-၂၀၁၅) စနေနေ့ နံနက် (၈း၂၅)မိနစ်အချိန်တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးအသီးသီးမှ အလှူရှင်(၇)ရက်သားသမီးတို့အား ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူတော်ဖြစ်မြောက်ရေးအဖွဲ့
နောင်ပတ္တရာကျေးရွာ
ဝေါမြို့နယ်






# ပွင့်ဖြူမြို့နယ်၌ သက်ကြီးပူဇော်ပွဲကျင်းပ

**ပွင့်ဖြူ ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာတွင် ဧပြီ ၂၀ ရက် ညနေ ၃ နာရီက အသက် (၇၅) နှစ်နှင့်အထက် (၈) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဝဲဒေါင့်ကျေးရွာ စာသင်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများနှင့် ဧည့်ပရိသတ်အပေါင်းတို့က အဘိုးအဘွားများအား ဩကာသကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။ ထို့နောက် ကန်တော့ခံအဘိုးအဘွားများ ကိုယ်စား အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့က တက်ရောက်လာကြသော ပရိတ်သတ်များကို နှစ်သစ်မင်္ဂလာ အချိန်အခါသမယတွင် ရောဂါဘယကင်းဝေးစေကြောင်းနှင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစေကြောင်း စသည်တို့ကို ဆုတောင်းမေတ္တာများ ပို့သပေးခဲ့သည်။

အခမ်းအနားသို့ ကန်တော့ခံ အဘိုးအဘွား ၆၅ ဦး တက်ရောက်ကြပြီး အဘိုးအဘွားများကို လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး၊**
**ဓာတ်ပုံ-ချစ်သမီး**

# ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများအား ရွေးချယ်ဂုဏ်ပြု

**ထားဝယ် ဧပြီ ၂၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ တွေ့ဆုံပွဲအခမ်းအနားကို ဧပြီ ၂၁ ရက်က ထားဝယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်းစုဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘက်စုံပညာထူးချွန် တက္ကသိုလ်ဝင်တန်း၊ နဝမတန်းနှင့် အဋ္ဌမတန်းကျောင်းသား ကျောင်းသူများက တစ်ဦးချင်း မိတ်ဆက် ဂါရဝပြုကြပြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန် ဉာဏ်ပညာထူးချွန်ထက်မြက်ပြီး အကျင့်စာရိတ္တထူးချွန် ကောင်းမွန်ကာ ကျန်းမာသန်စွမ်းသည့် လူငယ်များဖြစ်လာစေရေးအတွက် ဘက်စုံပညာထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို ရွေးချယ်ဂုဏ်ပြုသည့်အစီအစဉ်ကို ခေတ်အဆက်ဆက်က ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်က ရည်ရွယ်ချက်မြင့်မားစွာဖြင့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ရွေးချယ်လေ့ကျင့်ပြုစုပေးလျက်ရှိသကဲ့သို့ ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံတော်အတွက် အသုံးပြုနိုင်မည့်သူများ ဖြစ်အောင် ကြိုးပမ်းသွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ကြီးကြပ်သူ သုံးဦးနှင့် ဘက်စုံကျောင်းသား ကျောင်းသူ ၁၈ ဦးတို့အား ဂုဏ်ပြုငွေကျပ် ၆၃၀၀၀၀ ကို ပေးအပ်ချီးမြှင့် ခဲ့သည်။

ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများကို အပန်းဖြေစခန်းအဖြစ် အဋ္ဌမတန်းအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်းအတွက် အင်းလေးအပန်းဖြေစခန်းနှင့် တက္ကသိုလ်ဝင်တန်းအတွက် ငွေဆောင်အပန်းဖြေစခန်းသို့ ပို့ဆောင်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# အိုးဖုတ်လုပ်ငန်းလုပ်ကိုင်ရင်း မီးလောင်မှုဖြစ်ပွား

**စဉ့်ကိုင် ဧပြီ ၂၂**

စဉ့်ကိုင်မြို့နယ် နန်းနီကျေးရွာအုပ်စု နန်းနီမြောက်ရွာတွင် ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က ဒေါ်ဝင်းကြည်နေအိမ်မှ အိုးဖုတ်လုပ်ငန်းလုပ်ကိုင်ရင်း မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၆၁ အိမ် မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ကားလေးစီး၊ ကျောက်ဆည် မီးသတ်ဦးစီးဌာနမှ မီးသတ်ကားနှစ်စီး၊ တံတားဦးမြို့နယ်မှ နှစ်စီးနှင့် ကျောက်ဆည်မြို့နယ် သံရွာကျေးရွာမှ မီးသတ်ကား တစ်စီး၊ ပလိပ်မှမီးသတ်ကား တစ်စီး စုစုပေါင်း မီးသတ်ကား ၁၀ စီးနှင့်မီးသတ် တပ်ဖွဲ့ဝင် ၁၂၀ နှင့်ကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အိမ်ခြေ ၆၁ အိမ် မီးလောင်မှုဖြစ်ပွားကာ လူဦးရေ ၂၆၀ ခန့် မီးဘေးဒုက္ခသည်ဖြစ်ကာ ထိုသူများကို ရွာဦးဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းတို့တွင် ယာယီစခန်းဖွင့်လှစ်ကာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ လိုအပ်သည့် ကူညီထောက်ပံ့မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို အနီးကပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ခရမ်းလွန်ရောင်ခြည် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ပိုမိုကျရောက် နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလော ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလ ကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသောနေရောင်ခြည် ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင် သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါကမိမိ၏ အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး ၂ နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက် ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၅။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန် ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကိုပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်
- အသက်တစ်နှစ်အောက် ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန် ရောင်ခြည် မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## နိုင်ငံ့တာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်





# မန္တလေးမှ ကချင်ပြည်နယ်သို့ မော်တော်ယာဉ်ဖြင့် ခရီးသွားလာမှု အဆင်ပြေ

**မိုးညှင်း ဧပြီ ၂၂**

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး (ကချင်ပြည်နယ်လမ်းပိုင်း) ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်၍ မန္တလေးမှ ကချင်ပြည်နယ်သို့ မော်တော်ယာဉ်ဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့သွားပြီ ဖြစ်ကြောင်း သိရသည်။

"ဟိုတုန်းက မန္တလေးမှ ကချင်ပြည်နယ်ကို တစ်ညအိပ်ခရီးမောင်းရတယ်။ အခုတော့ နေ့ချင်းပေါက်ရပြီ။ ဒါတောင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လမ်းပိုင်းမပြီးသေးလို့"ဟု ဖားကန့်ဒေသမှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မိုးညှင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်း "ယခင်က မိုးညှင်း-မြစ်ကြီးနားကို ငါးနာရီခန့် မောင်းရတယ်။ အခုတော့ သုံးနာရီခွဲနဲ့ရောက်တယ်။ ဒါက လွှတ်တော်နဲ့ အစိုးရရဲ့ ကျေးဇူးကြောင့်ပဲဖြစ်တယ်" ဟု ဆိုသည်။

ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုကားလမ်းမကြီး (ကချင်ပြည်နယ်လမ်းပိုင်း) မိုးညှင်းမြို့နယ် နန့်စီးအောင်မှ မြစ်ကြီးနားအထိ ၁၂၁ မိုင်ရှိသည်။ ယခင်က လမ်းပန်းဆက်သွယ်မှု ခက်ခဲခဲ့သော်လည်း ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့၍ ကချင်ပြည်နယ်လမ်းပိုင်းတစ်ခုလုံး ကတ္တရာလမ်းတစ်ဆက်တစ်စပ်တည်း ပြီးစီးသွားပြီဖြစ်သည်။

ယခု ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ် လမ်းပိုင်းတစ်ခုလုံး တံတားလုပ်ငန်းများ ပြီးစီးသွားပါက ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှု ပိုမိုအဆင်ပြေ ချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

# ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

**တန့်ယန်း ဧပြီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် ဖောက်လုပ်ပေးခဲ့သည့် နောင်လုံ-လုံပုံး ကျေးရွာချင်းဆက်ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက်က အဆိုပါလမ်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်စိန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းမြင့်ဆွေတို့က လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်မှ တာဝန်ရှိသူများက ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်မှာ အရှည်သုံးမိုင်ဖြစ်ပြီး၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၇၂သန်း အကုန်အကျခံ၍ အမာခံကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(iprd)**

# မီးအားမြှင့်စက်မှ မီးလောင်မှုဖြစ်ပွား

**ပခုက္ကူ ဧပြီ ၂၂**

ပခုက္ကူမြို့ အမှတ် (၁၂)ရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ် (၅၇)နေ ဦးစန်းဝင်း(၆၃နှစ်) ရွှေပန်းထိမ်နှင့်ရွှေဆိုင်လုပ်ငန်း၏ နှစ်ထပ်နေအိမ်အပေါ်ထပ်ရှိ ၆ ကေဗွီအေ ဝပ် ၆၀၀၀ မီးအားမြှင့်စက်မှာ ဧပြီ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အဆိုပါ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ စုပေါင်းမီးငြိမ်းသတ်ခဲ့ရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ လျှပ်စစ်မီးအားပေ့ါဆစွာအသုံးပြုသူ ဦးစန်းဝင်းကို ပခုက္ကူ မြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# သက်ကြီးဘိုးဘွားများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘောဂလီ ဧပြီ ၂၂**

ဘောဂလီမြို့ ခရစ်ယာန်ဘုရားကျောင်း၌ သက်ကြီးအဘိုးအဘွားများအား ဆေးဝါးနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၀ ရက်က အဆိုပါ ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဘောဂလီမြို့ အုပ်ချုပ်ရေးမှူး ဦးစောဘိုဘိုကျော်က ထောက်ပံ့ပစ္စည်းလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော အဘိုးအဘွား ၁၅ ဦးအား ဆေးဝါးနှင့်ထောက်ပံ့ပစ္စည်းများ လှူဒါန်းခဲ့ပြီး အဘိုးအဘွားများထဲမှ အဘွားဒေါ်ပါပုက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



Insurance You can rely on

ယုံကြည်အားထား IKBZ အာမခံစွမ်းအား

IKBZ Insurance



(အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း) မှ
နှစ်သစ်တွင် ပြည်သူပြည်သားများ
ပျော်ရွှင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။



Head Office, Yangon

No.(608), Bosoonpat Condo, Corner of Merchant Road and Bosoonpat Street, Pabedan Township, Yangon.
Tel : 01-378842, 237000
Fax: 01-378973
Web : www.i-kbz.com
facebook : www.facebook.com/ikbzinc

## တပ်မတော်မှ အသုံးမလိုတော့သည့် ပစ္စည်းများအား အောက်ပါအတိုင်း လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်။

### အမှတ် (၁) စစ်လက်နက်ပစ္စည်းတပ်ရင်း (အင်းတိုင်)
### (၂၈-၄-၂၀၁၅) ရက်နေ့မှ (၂၉-၄-၂၀၁၅) ရက်နေ့ထိ

| စဉ် | ပစ္စည်းရှိရာတပ် | နေရာ | ပစ္စည်းအမျိုးစား |
|---|---|---|---|
| ၁ | မစပ | ရန်ကုန် | ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ |
| ၂ | တဆရ(၂/၅၀၀) | ရန်ကုန် | ဆေးရုံသုံးပစ္စည်းများ |
| ၃ | တအက(၅၀၀) | မင်္ဂလာဒုံ | ဆေးရုံသုံးပစ္စည်းများ |
| ၄ | တသက | မင်္ဂလာဒုံ | ဆေးရုံသုံးပစ္စည်းများ |
| ၅ | သကမ(၁/၃၀၀) | မင်္ဂလာဒုံ | ဆေးရုံသုံးပစ္စည်းများ |
| ၆ | ခဆလ(၁)(စတိုခွဲ) | ရန်ကုန် | ဆေးရုံသုံးပစ္စည်းများ |
| ၇ | မဆရ(၃) | တောင်ငူ | ဆေးရုံသုံးပစ္စည်းများ |
| ၈ | မဆရ(၅) | မော်လမြိုင် | ဆေးရုံသုံးပစ္စည်းများ |
| ၉ | တဆရ(၃/၁၀၀) | အင်းတိုင် | ဆေးရုံသုံးပစ္စည်းများ |
| ၁၀ | တဆရ(၆/၁၀၀) | ပြည် | ဆေးရုံသုံးပစ္စည်းများ |
| ၁၁ | စအရ(၉၀၄) | မော်လမြိုင် | လွှစက် |
| ၁၂ | စအရ(၉၀၆) | အင်းတိုင် | ရေစုပ်စက်/မီးစက် |
| ၁၃ | စအရ(၉၀၅) | မြိုင်ကလေး | ကျောက်ဖောက်စက် |
| ၁၄ | ပထအ(၉၈၁) | အင်းတိုင် | မီးစက်၊ ရေစက်၊ ကတ္တားအပျက် |
| ၁၅ | စအရ(၉၁၁) | တောင်ငူ | မီးစက်၊ ရေစက်၊ လေမှုတ်စက် |
| ၁၆ | စအရ(၉၁၅) | မြိုင်ကလေး | ကျောက်ဖောက်စက် |
| ၁၇ | ဆအတ(၁) | သန်လျင် | မီးစက်၊ ရေစက်၊ လေမှုတ်စက် |
| ၁၈ | ဆအတ(၂) | တောင်ငူ | မီးစက် |
| ၁၉ | ဆလအခွဲ(၉၄၃) | ဘားအံ | မီးစက်၊ ရေစက်၊ လေမှုတ်စက် |
| ၂၀ | ဆလအခွဲ(၉၄၅) | မြိတ် | ရေစက် |
| ၂၁ | ဆလအခွဲ(၉၅၃) | တောင်ငူ | မီးစက်၊ ရေစက်၊ လေမှုတ်စက် |
| ၂၂ | ဆလအခွဲ(၉၅၄) | ရန်ကုန် | ရေစက်၊ လေမှုတ်စက် |
| ၂၃ | ဆလအခွဲ(၉၅၅) | ပုသိမ် | မီးစက်၊ ရေစက်၊ လေမှုတ်စက် |
| ၂၄ | ဆလအခွဲ(၉၆၃) | အင်းတိုင် | မီးစက်၊ ရေစက်၊ လေမှုတ်စက် |
| ၂၅ | ဆလအခွဲ(၉၆၅) | ထားဝယ် | လေမှုတ်စက် |
| ၂၆ | ထပရ(၃၂၃)၊ မင်္ဂလာဒုံ | မင်္ဂလာဒုံ | ထုပ်ပိုးခွံပစ္စည်းများနှင့် စက်ဆီ/ချောဆီပုံးခွံများ |
| ၂၇ | ထပရ(၈၂၈) | စစ်တွေ | စက်ဆီ/ချောဆီပုံးခွံများ |
| ၂၈ | စနရ(၁) | အင်းတိုင် | ယာဉ်အပိုပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာမျိုးစုံ |
| ၂၉ | တပ်/ချည်စက်ရုံ | သမိုင်း | အထွေထွေပစ္စည်းများနှင့် ပလတ်စတစ်ပုံးခွံများ |
| ၃၀ | အထည်ချုပ်စက်ရုံ | မင်္ဂလာဒုံ | စက်ပစ္စည်းများ၊ အထွေထွေပစ္စည်းများ |
| ၃၁ | ဘောလုံးစက်ရုံ | မှော်ဘီ | လျှပ်စစ်နှင့်စက်အရန်ပစ္စည်းများ |
| ၃၂ | သတ္တုပစ္စည်းစက်ရုံ | အုတ်ကျင်း | တာယာ၊ ဘက်ထရီအဟောင်းများ |
| ၃၃ | ဆေးဝါးစက်ရုံ | မှော်ဘီ | စက်အရန်ပစ္စည်းအဟောင်းများ |
| ၃၄ | သဘော်ာဆေးစက်ရုံ | သာကေတ | သံပုံးခွံနှင့် ပလတ်စတစ်ပုံးအဟောင်းများ |

### ပင်မစစ်လက်နက်ပစ္စည်းတပ် (မန္တလေး)
### (၄-၅-၂၀၁၅) ရက်နေ့မှ (၅-၅-၂၀၁၅) ရက်နေ့ထိ

| စဉ် | ပစ္စည်းရှိရာတပ် | နေရာ | ပစ္စည်းအမျိုးစား |
|---|---|---|---|
| ၁ | ရသစ | မန္တလေး | စာအုပ်ချုပ်စက် |
| ၂ | ထပဆ | နေပြည်တော် | စာအုပ်ချုပ်စက်နှင့် စက္ကူဖြတ်စက်များ |
| ၃ | ဆရက(၂/၁၀၀၀) | နေပြည်တော် | ဆေးရုံသုံးပစ္စည်းများ |
| ၄ | တဆရ(၂/၇၀၀) | အောင်ပန်း | ဆေးရုံသုံးပစ္စည်းများ |
| ၅ | တဆရ(၁/၅၀၀) | မိတ္ထီလာ | ဆေးရုံသုံးပစ္စည်းများ |
| ၆ | သမက(၂/၃၀၀) | နေပြည်တော် | ဆေးရုံသုံးပစ္စည်းများ |
| ၇ | ကရတ | နေပြည်တော် | ဆေးရုံသုံးပစ္စည်းများ |
| ၈ | တဆရ(၁၆/၁၀၀) | မကွေး | ဆေးရုံသုံးပစ္စည်းများ |
| ၉ | စအရ(၉၀၉) | မုံရွာ | မီးစက်၊ ရေစုပ်စက် |
| ၁၀ | ဆလအခွဲ(၉၄၁) | ကလေး | လေအေးပေးစက် |
| ၁၁ | ဆလအခွဲ(၉၄၂) | လွိုင်ကော် | လေမှုတ်စက် |
| ၁၂ | ဆလအခွဲ(၉၅၁) | မန္တလေး | မီးစက်၊ ရေစက်၊ လေမှုတ်စက်၊ ကျောက်စက် |
| ၁၃ | ဆလအခွဲ(၉၅၂) | မြစ်ကြီးနား | မီးစက် |
| ၁၄ | ဆလအခွဲ(၉၅၆) | ရွှေညောင် | မီးစက်၊ ရေစက်၊ လေမှုတ်စက် |
| ၁၅ | ဆလအခွဲ(၉၅၉) | လားရှိုး | မီးစက်၊ ရေစက် |
| ၁၆ | ဆလအခွဲ(၉၆၁) | မုံရွာ | လေမှုတ်စက် |
| ၁၇ | ဆလအခွဲ(၉၆၄) | ကျိုင်းတုံ | မီးစက်၊ ရေစက် |
| ၁၈ | ထပရ(၁၂၁) | မန္တလေး | ထုပ်ပိုးခွံပစ္စည်းများ |
| ၁၉ | ပပန(မန္တလေး) | မန္တလေး | ယာဉ်အပိုပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာမျိုးစုံ |
| ၂၀ | တပ်/ချည်စက်ရုံ | မိတ္ထီလာ | စက်အရန်ပစ္စည်းများနှင့်အပိုပစ္စည်းမျိုးစုံ |
| ၂၁ | မိုးရေကာဖျင်စက်ရုံ | လှိုင်းတက် | စက်အဟောင်းများနှင့်စက်အရန်ပစ္စည်းများ |
| ၂၂ | ဖိနပ်စက်ရုံ | လှိုင်းတက် | သားရေအတုအစ၊ ပိတ်အုပ်စုနှင့် စက်အရန်ပစ္စည်းများ |
| ၂၃ | သားရေစက်ရုံ | မန္တလေး | တာယာ၊ ဘက်ထရီနှင့် စက်အဟောင်းများ |

**ပစ္စည်းများအား (၂၄-၄-၂၀၁၅) ရက်နေ့မှ (၂၅-၄-၂၀၁၅) ရက်နေ့ထိ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။**

## မောင်တောမြို့နယ်အသင်း(ရန်ကုန်)
## သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

မောင်တောမြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ၂၆-၄-၂၀၁၅ ရက်(တနင်္ဂနွေနေ့)နံနက် ၈း၀၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရပ်ကွက်၊ ရေတာရှည်လမ်းဟောင်းရှိ မဏ္ဍလာကံယုံ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

အသင်းဝင်မိသားစုများအထဲမှ အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ၂၀၁၃-၂၀၁၄ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသား/ကျောင်းသူများသည် ဦးဘလှမောင် (ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁၁၅၁၈၉၊ ဦးဘိုမင်းဖြူ (ဒု-ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၂၁၄၀၂၄၊ ဦးမောင်သန်း ဖုန်း-၀၉-၃၂၃၅၇၆၄၉၊ ဦးမောင်အေးသိန်း ဖုန်း-၀၉-၅၁၅၇၅၁၃ တို့ထံ ဆက်သွယ်စာရင်းပေးပို့ကြပါရန်နှင့် အလှူငွေများ ထည့်သွင်းလှူဒါန်းနိုင်ကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**


**သကြၤန်ပြီးဆန်ပို့ပါပြီ**



စိတ်ကောင်းကြည်လင် ချန်ပီယံဝေါ်ဆန်းမွှေးအား ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များအတွက် သကြၤန်ပြီး ဆန်ပို့ပါပြီ။

09 730 77711 ☎ 01-682844

09 730 77722 ☎ 01-682944


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသား/သင်တန်းသူများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် ကွန်ပျူတာပါရဂူဘွဲ့ (Ph.D-IT) သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး ပါရဂူဘွဲ့ အကြိုသင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြု(၂)နှစ်၊ စုစုပေါင်း (၃) နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်းဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူသုတေသန ဆက်လက်လုပ်ဆောင်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ Ph.D-IT လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကွန်ပျူတာဘာသာရပ်(သို့မဟုတ်)အလားတူသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

(ဃ) သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(င) သင်တန်းတက်ရောက်မည့်ကျောင်းသား ကျောင်းသူများသည် Referee နှစ်ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။

၄။ Ph.D-IT သင်တန်းသို့တက်ရောက်ခွင့်ရရန် အထက်ဖော်ပြပါသတ်မှတ်ချက်များ နှင့် ကိုက်ညီသည့်လျှောက်ထားသူများသည် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲ (Entrance Exam) ကို ဝင်ရောက်ဖြေဆိုရမည်။

**ရေးဖြေစာမေးပွဲ**

| နေ့စွဲ | ဘာသာရပ် | အချိန် | ဖြေဆိုရမည့်ဌာန |
|---|---|---|---|
| ၂၃-၅-၂၀၁၅ | အင်္ဂလိပ် | ၉း၀၀ မှ ၁၂း၀၀ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် |
| (စနေနေ့) | သက်ဆိုင်ရာဘာသာရပ် | ၁၃း၀၀မှ ၁၆း၀၀ | မန္တလေးကွန်ပျူတာတက္ကသိုလ် |

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ၁-၆-၂၀၁၅ရက်နှင့် ၂-၆-၂၀၁၅ရက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် လူတွေ့ဖြေဆိုကြရမည်ဖြစ်သည်။

၆။ ပါရဂူဘွဲ့အကြိုသင်တန်းများကို ၁၆-၆-၂၀၁၅ရက် (အင်္ဂါနေ့)တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

၇။ IT ပညာနယ်ပယ်တွင် လုပ်သက်အတွေ့အကြုံ (၁၅)နှစ်နှင့်အထက်ရှိပြီး၊ IT ဘာသာရပ်တွင် မဟာဘွဲ့တစ်ခုခုရရှိပြီးသူများသည် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲ (Entrance Exam) ဖြေစရာမလိုဘဲ သီးခြားလျှောက်ထားနိုင်ပါသည်။

၈။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့တွင် ရယူပြီး ၈-၅-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၉။ အခြားသိရှိလိုပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၁-၆၁၀၈၈၉၊ ၀၁-၆၁၀၆၅၅ နှင့်မန္တလေးကွန်ပျူတာတက္ကသိုလ်ဖုန်း-၀၉-၆၅၀၅၀၁၂၊ ၀၉-၆၅၀၂၂၁၅များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
## (ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာနှင့်ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | ကျေးလက်ကွန်ကရစ်လမ်း | ၇/၄.၇ မိုင် |
| (ခ) | (၃')အကျယ်ကွန်ကရစ်ဘီးလမ်း | ၄/၃.၆ မိုင် |
| (ဂ) | ကွန်ကရစ်ဆိုင်ကယ်လမ်း | ၄/၁.၂ မိုင် |
| (ဃ) | ကျေးလက်ဂဝံလမ်း | ၈/၆.၃ မိုင် |
| (င) | ကျေးလက်ကျောက်လမ်း | ၆/၇.၂၈ မိုင် |
| (စ) | ကျေးလက်မြေသားလမ်း | ၁၅/၄.၃ မိုင် |
| (ဆ) | ကျေးလက်ကွန်ကရစ်တံတား(ဘိုးပိုင်) | ၂၁၀ ပေ |
| (ဇ) | ကျေးလက်ကြိုးတံတား | ၂၈၀ ပေ |
| (ဈ) | ကျေးလက်အုတ်ခုံခံသစ်သားတံတား | ၄၄၈ ပေ |
| (ည) | ကျေးလက်ရေပြွန် | ၁၈၅ ပေ |
| (ဋ) | ကျေးလက်တွင်းနက် | ၆၈ တွင်း |
| (ဌ) | ကျေးလက်တွင်းတိမ် | ၂၄ တွင်း |
| (ဍ) | ကျေးလက်မြေသားရေကန် | ၇ ကန် |
| (ဎ) | လျှပ်စစ်ဓာတ်အား | ၄ ခု |
| (ဏ) | ကျေးလက်နေရောင်ခြည်စွမ်းအင် | ၇၆၆၁ ခု |
| (တ) | ကျေးလက်အိမ်ရာ | ၁၀၀ လုံး |
| (ထ) | ကျေးလက်အိမ်သာ | ၁၆၂ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၄-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းလမ်း၊ အမှတ်(၂၄၅)၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၇-၅-၂၀၁၅ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန် ဖြစ်ပါသည်။

